

တက္ကသိုလ်
နေဝင်းမြင့်
ဝိုင်ရီစိမ်း၊ ဏ်ဝေ့ကျန်း၊ ကျူး၊ စိမ်း
သွေးအကြွေ ကြွေးအပြေ

တက္ကသိုလ်

# နေလင်းအောင်

## သွေးအကြွေ ကြွေးအပြေ

စာစဉ် (၁)

## အခန်း(၁)
## အတိတ်မဲ့သောလူငယ်

လမိုက်ညဖြစ်၍ ကြယ်တချို့၏ မှိန်ဖျော့ဖျော့အလင်းရောင်သာ ပေါ်လွင်နေသည်။

ထိုမှုန်မည်းမှောင်လှသည့် ညအတွင်း၀ယ် အဖြူစင်ကလေးတစ်ခုက လှုပ်ရှားပြေးလွှားနေသည်ကို တွေ့မြင်နေရ၏။

ထိုအဖြူရိပ်သည် ဝမ့်ပေါင်တောင်၏ တောင်ထိပ်တောင်ထွတ်သုံးဆယ်ခြောက်ခုနှင့် လိုဏ်ဂူပေါင်း ဆယ့်ရှစ်ခုကို ကျော်ဖြတ်လာခဲ့သည်။

ထိုအဖြူရိပ်ကလေးမှာ နုနယ်ပျိုမျစ်လှသော လုလင်ကလေးတစ်ဦး ဖြစ်နေသည်။

အုံ့ညြဖွယ်ကောင်းသည့်တစ်ချက်မှာ ဤမျှငယ်ရွယ်သောလူငယ်ကလေး၏ ကိုယ်ဖော့ပညာပင် ဖြစ်သည်။

သူသည် တောင်ထွတ်သုံးဆယ့်ခြောက်လုံးနှင့် ဂူပေါက်

ဆယ့်ရှစ်ပေါက်ကို ရိပ်ခနဲ ရိပ်ခနဲ ဖြတ်ကျော်ပြေးလွှားခဲ့သော်လည်း မောပန်းနွမ်းနယ်သည့် အမူအရာလုံးဝမရှိသေးပေ။

လူငယ်သည် မြေပြန့်ကလေးကိုအရောက်တွင် ပြေးလွှားခြင်းကိုရပ်တန့်လိုက်ပြီး အသက်ကိုပြင်းပြင်းရှူလိုက်သည်။

ထို့နောက် အပေါ်အင်္ကျီကိုချွတ်ပြီး အနီးရှိသစ်ပင်တစ်ပင်၏ သစ်ကိုင်းတစ်ကိုင်းတွင် ချိတ်ဆွဲထားလိုက်လေသည်။

သူသည် လက်နှစ်ဖက်ကိုဆန့်တန်းလိုက်ပြီး သိုင်းပညာလေ့ကျင့်ရန် အစမျိုးအကွက်နင်းလိုက်သည်။

ထိုစဉ် သူ့နှုတ်ဖျားမှ 'ဟင်'ခနဲ အာမေဋိတ်သံထွက်သွားတော့၏။

တောင်ကြားလမ်းတစ်ခု၏ဂူဝဆီမှ အနီရောင်အရိပ်တစ်ရိပ် လွှားခနဲ လွှားခနဲ ခုန်ပျံထွက်သွားနေသည်ကို တွေ့ရှိလိုက်ရသောကြောင့်တည်း။

အနီရိပ်သည် လျင်မြန်သောအရှိန်အဟုန်ဖြင့် တောင်ကုန်းတစ်ခုပေါ်သို့ တက်ရောက်သွားလေသည်။

"ဘယ်သူပါလိမ့်… ဒီဝမ့်ပေါင်တောင်တန်းပေါ်မှာ ဒီလောက်ကိုယ်ဖော့ပညာတတ်တဲ့လူ တစ်ခါမှမတွေ့ဖူးသေးပါဘူး"

လူငယ်သည် အနီရောင်အား စိတ်ဝင်စားနေမိသည်။ သိုင်းပညာလေ့ကျင့်ရန်ရည်ရွယ်ထားသည့် သူ့စိတ်ကူးလည်း ကြက်ပျောက်ငှက်ပျောက် ပျောက်သွားသည်။

သူသည် သစ်ပင်တွင် ချိတ်ထားသည့်အင်္ကျီကို ပခုံးပေါ်တင်



လိုက်ပြီး တောင်ထွတ်ပေါ်မှအောက်သို့ ရုတ်ခြည်းပြေးဆင်းသွားတော့သည်။

မကြာမီ အနီရောင်ထွက်ပြေးသွားသည့် တောင်ကြားဝသို့ လူငယ်ရောက်ရှိလာသည်။

"ဟင်း…"

ထိုစဉ် သက်ပြင်းချသံသဲ့သဲ့ ထွက်ပေါ်လာ၏။

လူငယ်သည် အနီရောင်နောက်သို့ ဆက်လိုက်လိုက်ပါခြင်းမပြုတော့ဘဲ သက်ပြင်းချသံကြားရာ တောင်ကြားရှိ ဂူဝတစ်ခုဆီသို့ လျှောက်သွားတော့၏။ ထို့နောက် ဂူထဲသို့ဝင်လိုက်မိတော့၏။

အသက်ကြီးရင့်လှပြီးဖြစ်သော အဘိုးအိုတစ်ဦးက တင်ပျဉ်ခွေကာ ငြိမ်ငြိမ်ဆိတ်ဆိတ် ထိုင်နေသည်။

အဘိုးအိုသည် လူငယ်ကိုတွေ့လိုက်ရလျှင် ကွက်ခနဲ မျက်နှာပျက်သွားပြီး စာအိတ်တစ်ခုကို အင်္ကျီအိတ်ထဲသို့ အလျင်အမြန်ထိုးထည့်လိုက်သည်။

"ငါ့တပည့် ဒီနေ့သိုင်းပညာလေ့ကျင့်ရာက ဘာဖြစ်လို့စောစော ပြန်လာခဲ့ရတာလဲ"

အဘိုးအို၏စကားသံမှာ တုန်တုန်ယင်ယင် ဖြစ်နေပေသည်။

လူငယ်သည် သူ့ဆွဲယူလာသည့်အင်္ကျီကို ပြန်ဝတ်နေသဖြင့် အဘိုးအို၏ထူးခြားချက်ကို လုံးဝမသတိမပြုမိပေ။

သူသည် ဆရာဖြစ်သူ၏အမေးစကားကိုမဖြေဘဲ သူမေးလိုရာကိုသာ ပြန်မေးလိုက်သည်။

"ဆရာ... ခုနက ဒီဂူကိုလူတစ်ယောက်လာသွားတယ် မဟုတ်လား"

အဘိုးအို ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

လူငယ်အား စူးစမ်းသောအကြည့်ဖြင့် ကြည့်ပြီး...

"မင်း တွေ့လိုက်မိလို့လား"

"ဟုတ်ကဲ့... ကျွန်တော် ဒီဂူရှေ့မှာ အနီရိပ်ကလေးတစ်ရိပ်ကို တွေ့လိုက်ရပါတယ်၊ ဒါကြောင့် လက်ဝါးသိုင်းကွက်ကို ဆက်မကျင့်တော့ဘဲ ဂူဝကိုပြန်လာခဲ့ပါတယ်၊ ဒီရောက်တော့ ဟိုလူကိုမမိနိုင်တော့ဘူး... ဒါနဲ့..."

လူငယ်၏စကားမဆုံးခင်မှာပင် အဘိုးအိုက လက်ဝါးကာပြလိုက်ပြီး ဖြတ်ပြောလိုက်သည်။

"မင်း ဒီကိစ္စတွေကို ဘာမှမေးဖို့မလိုဘူး... နာရီဝက်လောက်ကြာရင် ငါ့ရဲ့ကျင့်စဉ်လဲ ပြီးဆုံးသွားလိမ့်မယ်၊ ဒီတော့ မင်း ဒီမှာထိုင်ပြီး ခဏစောင့်နေဦး... ပြီးမှ မင်းနဲ့ငါ စကားပြောကြတာပေါ့"

လူငယ်မှာ ဘာမျှမပြောတော့ဘဲ အဘိုးအို၏ညာဘက်ဘေးတွင် တင်ပျဉ်ခွေထိုင်ချပြီး အတွင်းအားကျင့်စဉ်ကို လေ့ကျင့်နေလိုက်သည်။

အဘိုးအိုမှာ မီးအိုးအနီးရှိ ခုံမြင့်ပေါ်၌ တင်ပျဉ်ခွေထိုင်လိုက်သည်။

ထို့နောက် အတော်ကလေး ပူလောင်နေဟန်တူသောမီးအိုးကို လက်ဝါးနှစ်ဖက်ဖြင့်ကပ်ကာ သူ၏အတွင်းအားများကို မီးအိုးဆီသို့ ပို့လွှတ်နေတော့၏။

မီးအိုးထဲရှိ သံမဏိစားတစ်ချောင်းသည် နီရဲတောက်ပနေ၏။

အဘိုးအို၏အတွင်းအား ပို့လွှတ်သောအခါ အပူဓာတ်ပို၍ရလာသည်နှယ် မီးတောက်ပို၍ တောက်ပလာ၏။

အချိန်ကြာလာသည်နှင့်အမျှ မီးအိုးထဲမှမီးတောက်သည် အနီရောင်မှအပြာရောင်သို့လည်းကောင်း၊ အပြာရောင်မှ ဖက်ဖူးရောင်သို့လည်းကောင်း၊ ဖက်ဖူးရောင်မှ အစိမ်းရောင်ဆီသို့လည်းကောင်း တစစ ပြောင်းလဲသွားလေသည်။

သူ၏နဖူးတွင်လည်း ချွေးသီးချွေးပေါက်များက တစ်ပြိုက်ပြိုက် ကျဆင်းနေသည်။

နာရီဝက်ခန့်ကြာသောအခါ အဘိုးအိုသည် သူ၏လက်ဖဝါးကို မီးအိုးမှခွာလိုက်သည်။

အဘိုးအို၏လက်ဖဝါးခွာလိုက်သည်နှင့် မီးအိုးထဲမှမီးတောက်သည်လည်း ဟုန်းခနဲမြည်ကာ နဂိုအတိုင်း အနီရောင်သို့ ပြောင်းသွားလေ၏။

မီး၏အလင်းရောင်ကြောင့် ဂူတစ်ခုလုံး အလင်းရောင်နီကြန့်ကြန့်များ ဖြန့်ကျက်နေလေသည်။

ထိုအချိန်မှာပင် လူငယ်၏ အတွင်းအားကျင့်စဉ်သည်လည်း ပြီးဆုံးခြင်းကို တိုင်ခဲ့တော့၏။

လူငယ်သည် လုပ်ငန်းစဉ်ရပ်ဆိုင်းသွားပြီဖြစ်သည့် သူ့ဆရာ

အဘိုးအိုအား ပြုံးကြည့်လိုက်ပြီး....

"ဆရာ... ဒီစားကိုပိုကောင်းလာအောင် ပြုပြင်နေတာ နောက်သုံးရက်ဆိုရင် ပြီးတော့မယ်နော်"

လူငယ်၏အမေးစကားကို အဘိုးအိုက ကျေနပ်ဟန်မပြ။ သူ၏အင်္ကျီလက်စကို လိပ်တင်လိုက်ပြီး နဖူးမှစီးကျနေသောချွေးများ ပြောင်စင်အောင် သုတ်လိုက်သည်။

ပြီးနောက် အင်္ကျီဖြူနှင့်လူငယ်ကို ဖျတ်ခနဲ ကြည့်လိုက်ပြီး သူ့မျက်လုံးများက မှိုင်းရီလာသည်။

အတန်ကြာမှ လေသံကလေးမှုဖြင့် ရေရွတ်လိုက်လေသည်။

"ဆယ့်ငါးနှစ်ဆိုတဲ့အချိန်ကာလဟာ မျက်စိတမှိတ် လျှပ်တစ်ပြက်အတွင်း ကုန်ဆုံးသွားလိမ့်မယ်လို့ ငါ မထင်မိခဲ့ပါလား"

လူငယ်မှာ သူ့ဆရာ၏အမူအရာနှင့် စကားအဓိပ္ပာယ်ကို နားမလည်နိုင်အောင် ဖြစ်မိသည်။

အဘိုးအိုသည် သူ့ဘာသာ ခပ်တိုးတိုး ဆက်ပြောနေလေ၏။

"လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်တုန်းက အလယ်ပိုင်းမြေပြန့်ဓားနှစ်လက်ဟာ တရုတ်ပြည်အနှံ့အပြား မသိသူ မရှိလောက်အောင် ကျော်ကြားခဲ့တယ်၊ ဆယ့်ငါးနှစ်နောက်ပိုင်းကာလကျတော့ မြေပြန့်ဓားနှစ်လက်ကို ဘယ်သူမှမသိကြတော့ဘူး၊ အင်း... လောက... လောက"

အဘိုးအို၏လေသံက သံဝေဂတရားရသည့်နှယ် ဆွေးဆွေးမြည့်မြည့်ကလေး ရှိလှသည်။

လူငယ်မှာ သူ့ဆရာဖြစ်သူ အသက်အရွယ်ကြီးရင့်လာသည့်



အတွက် စိတ်ဓာတ်ကျဆင်းလာပြီဟု ထင်မှတ်ကာ နှစ်သိမ့်စကားဆိုမိသည်။

"ဆရာ့အနေနဲ့ အိုမင်းရင့်ရော်ပြီလို့ မဆိုနိုင်သေးပါဘူး၊ ဒီဓားကိုလုပ်ပြီးလို့ ဝမ့်ပေါင်တောင်ကနေ ထွက်ခွာသွားရင် ဆရာ့ရဲ့မိုးကြိုးသွားဓားကို လူတိုင်းကြောက်ရွံ့လေးစားသွားကြမှာပါ"

အဘိုးအိုကား မည်သူနည်း။

အဘိုးအိုသည် မြေပြန့်သိုင်းလောက၌ ယခင်ဆယ့်ငါးနှစ်က အလွန်ထင်ရှားကျော်ကြားသော 'မိုးကြိုးသွားဓား စီမာကမ်းစင်း' ဖြစ်ပေသည်။

သူသည် သိုင်းလောက၌ကျော်ကြားသော မြေပြန့်ဓားနှစ်လက်အနက်မှ တစ်ယောက်ဖြစ်ပေသည်။

အဘိုးအို စီမာကမ်းစင်းသည် လူငယ်၏နှစ်သိမ့်စကားကို ကြားလိုက်ရလျှင် ခေါင်းကိုမော့ကာ တဟားဟား အော်ဟစ်ရယ်မောမိလေ၏။ သူ့ရယ်မောသံကား ခြောက်ကပ်လှ၏။

မီးအိုး၏မီးတောက်မီးလျှံများမှာလည်း တဖြည်းဖြည်းမှိန်ဖျော့ကာ လုံးဝပင် မီးငြိမ်းသေသွားတော့သည်။

ထို့ကြောင့် ဂူထဲ၌ တစ်ဦးကိုတစ်ဦး မမြင်မတွေ့နိုင်လောက်အောင် မည်းမှောင်သွားလေတော့သည်။

အဘိုးအိုသည် မှောင်ထဲမှပင် လေးလံစွာ ပြောကြားလာသည်။

"ငါတပည့်... မင်း ငါ့ကိုဆယ့်ငါးနှစ်လုံးလုံး ခဏခဏ မေးခဲ့

တဲ့မေးခွန်းကို ဒီနေ့ပြောပြတော့မယ်"

လူငယ်မှာ ဝမ်းသာအားရဖြစ်သွားပြီး အဘိုးအိုအနီးသို့ တိုးကပ်သွားသည်။

သူ၏မျက်လုံးများမှာ အမှောင်ထဲမှာပင် တက်ကြွစိတ်ကြောင့် ဝင်းလက်တောက်ပနေသည်။

"ဆရာ... ကျွန်တော့်ဘဝအကြောင်းကို ပြောပြမလို့လားဟင်"

"အေး... ဟုတ်တယ်"

"ဝမ်းသာလိုက်တာ ဆရာရယ်၊ ကျွန်တော် သိပ်သိချင်နေတာပါ။ ပြောပါဆရာ... ကျွန်တော်နားထောင်ဖို့ အဆင်သင့်ဖြစ် နေပါပြီ"

အဘိုးအို စီမာကမ်းစင်းက ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး...

"ဆရာ မင်းကို အလျင်က အလယ်ပိုင်းမြေပြန့်ဓားနှစ်လက်မှာကျန်တဲ့ ဓားတစ်လက်က ဘယ်သူဖြစ်တယ်ဆိုတာ ပြောပြခဲ့ဖူးတယ်မဟုတ်လား"

"ပြောပြခဲ့ဖူးပါတယ် ဆရာ... ကျန်တဲ့ဓားတစ်လက်က သက်တန့်ပျံဓား လင်းရင်းချန်းဆိုတဲ့သိုင်းသမားကြီးတစ်ယောက်ပါ။ ဘာဘစကားအရဆိုရင် ကျွန်တော့်ဦးလေးလဲ ဖြစ်တယ်လေ"

လူငယ်က ချက်ချင်းပင် ဖြေလိုက်သည်။

အဘိုးအိုက ခေါင်းခါယမ်းလိုက်ပြီး...



"မဟုတ်ဘူး... သူက မင်းရဲ့ဦးလေးမဟုတ်ဘူး"

"ဒါဖြင့် သူက ဘယ်သူလဲ"

"သူကလား... သူက မင်းရဲ့အဖေပဲ"

"ဗျာ..."

လူငယ်မှာ စီမာကမ်းစင်း၏စကားကြောင့် တအံ့တသြဖြစ်သွားရလေ၏။

သူ့နားကိုပင် သူ မယုံကြည်နိုင်အောင်ဖြစ်သွားရပြီး ဘာမျှပြန်မပြောနိုင်တော့ဘဲ တွေဝေသွားရှာသည်။

စီမာကမ်းစင်းမှာလည်း အတိတ်ဆီသို့ လွင့်မျောနေဟန်ဖြင့် သူ့အကြည့်များက အဝေးဆီသို့ငေးကြည့်နေမိလေသည်။

နှစ်ယောက်စလုံး ငြိမ်သက်နေသဖြင့် ဂူတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်ခြင်း ကြီးစိုးနေတော့သည်။

"ဆရာ တကယ်ပြောတာလားဟင်"

တိတ်ဆိတ်ခြင်းကို လူငယ်၏သံသယမေးခွန်းက ချေဖျက်လိုက်သည်။

လူငယ်၏အသံမှာ စိတ်လှုပ်ရှားမှုကြောင့် တုန်ခါနေသည်။

"ဆရာက မင်းကိုလိမ်ပြောပါ့မလား လူကလေးရာ ဆရာပြောနေတာတွေဟာ အမှန်တွေချည်းပါပဲ၊ တကယ်တော့ လူကလေးရဲ့နာမည်ရင်းဟာ လင်းထက်ဆွေလို့ခေါ်တယ်၊ လင်းအမျိုးအနွယ်ထဲကပေါ့"

"လင်းထက်ဆွေဟာ ကျွန်တော့်နာမည်ပေါ့နော်"

"ဟုတ်တယ်... လင်းထက်ဆွေဟာ လူကလေးရဲ့နာမည်အရင်းပါ၊ ဒီဥအကြောင်းတွေကို ဆရာ ပြန်မပြောချင်ဘူး၊ အင်း... ဒါပေမယ့် ဆရာ ပြန်ပြောရတော့မယ်"

စီမာကမ်းစင်၏အသံက ဆွေးမြည့်နေသည်။

သူသည် စိတ်မသက်မသာဖြစ်ကာ သက်ပြင်းကိုချလိုက်၏။

ထို့နောက် ဝမ်းနည်းတုန်ယင်သောလေသံဖြင့် သူ့စကားကို ဆက်ပြောလေတော့၏။



## အခန်း(၂)
## မှန်တိုင်းအစပျိုးခြင်းလော

"လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်တုန်းက မင်းအဖေနဲ့ငါဟာ တစ်ချိန်တည်းမှာပဲ သူတစ်ပါးရဲ့ချောင်းခြောင်းလုပ်ကြံမှုကို ခံခဲ့ရပြီး ဒဏ်ရာတွေရခဲ့ကြတယ်၊ အဲဒီတုန်းက ငါဟာ မင်းကိုချီပိုးပြီး အလယ်ပိုင်းမြေပြန့်ကနေ ပြင်ပကိုခွဲထွက်ခဲ့တယ်၊ အဲဒီအဖြစ်အပျက်တွေကို ပြန်စဉ်းစားကြည့်ရင် မနေ့တနေ့က ဖြစ်ခဲ့တာလို့ပဲ ငါ့စိတ်ထဲမှာ ထင်မှတ်နေခဲ့တယ်၊ အခုတော့ ကြည့်စမ်း... အချိန်တွေ တဖြည်းဖြည်းနဲ့ ကုန်လာလိုက်တာ... ဆယ့်ငါးနှစ်တင်းတင်းပြည့်ခဲ့ပြီ"

အဘိုးအိုစီမာ၏မျက်လုံးများမှာ အားပျော့လာ၏။

အဘိုးအို မျက်ရည်များဝိုင်းနေသည်ကို မှောင်နေသဖြင့် လင်းထက်ဆွေ မမြင်နိုင်ပေ။ သူ့စကားသံများကလည်း ဆို့နင့်နေသည်။

လင်းထက်ဆွေသည် သူ့ဆရာ၏ ဝမ်းနည်းကြေကွဲဖွယ်

ကောင်းသောအသံကြောင့် သူကိုယ်တိုင်လည်း ဝမ်းနည်းကြေကွဲလာသည်။

"အဲဒီတုန်းက ကျွန်တော့်ဖေဖေက လွတ်မြောက်အောင် ထွက်မပြေးနိုင်ခဲ့ဘူးလား ဆရာ"

အဘိုးအိုစီမာက ဝမ်းနည်းကြေကွဲစွာ ခေါင်းခါယမ်းလိုက်သည်။

"မင်းဖေဖေဟာ အဲဒီအချိန်မှာ မျက်လုံးနှစ်ဖက်စလုံး ကန်းသွားပြီ၊ သူ့သက်တန့်ပျံ့ဓားကိုပါ အလုခံလိုက်ရတော့ ဘယ်မှာ လွတ်နိုင်ပါတော့မလဲကွယ်"

"ဪ... ဖေဖေ"

လင်းထက်ဆွေသည် ကြေကွဲစွာရေရွတ်ပြီး မျက်ရည်များ တွေတွေ ကျဆင်းလာလေတော့၏။

"စိတ်နာစရာ အကောင်းဆုံးကတော့ ရန်သူဟာ မင်းဖေဖေရဲ့ သက်တန့်ပျံ့ဓားနဲ့ ငါ့ကိုပြန်ပြီး တိုက်ခိုက်တာပဲ၊ ငါနဲ့မင်းဖေဖေဟာ ညီအစ်ကိုအရင်းလို ချစ်ကြတော့ မင်းဖေဖေရဲ့ နာမည်ကြီးတဲ့ သက်တန့်ပျံ့ဓားပျက်စီးသွားမှာ စိုးရိမ်မိခဲ့တယ်၊ ဒါကြောင့် အဲဒီရန်သူကို အားအပြည့်နဲ့မတိုက်ခိုက် မခုခံနိုင်ခဲ့ဘူး၊ ဒါကြောင့် ငါ့ရဲ့မိုးကြိုးသွားဓားဟာ ခုနစ်လက်မလောက် ကျိုးပဲ့သွားခဲ့ရတယ်၊ အခုမှ ငါ ဆယ့်ငါးနှစ်လုံးလုံး ပြုပြင်နေတာက ငါ့ဓားကျိုးကို ပြန်သုံးဖို့ရ နိုင်အောင်လို့ပဲ"

စီမာကမ်းစင်းက ဆက်ပြောပြန်သည်။



"ဘုရားရှင်ရဲ့ဂုဏ်ကျေးဇူးကြောင့်သာ ငါ့မှာအသက်မသေဘဲ ဆက်လက်အသက်ရှင်ခွင့်ရခဲ့တယ်၊ မင်းလဲ ငါ့အတွက်နဲ့အတော်ကလေး ပင်ပန်းခဲ့ရတာပေါ့"

"ဒါပေမယ့် ဆရာ့ကြောင့်လဲ ကျွန်တော်လူ့ဘဝမှာ အသက်ရှင်ခွင့်ရခဲ့တာပေါ့ ဆရာရယ်၊ တကယ်လို့သာ ဆရာက ပစ်ထားခဲ့ရင် ကျွန်တော်အရိုးတောင် ဆွေးနေလောက်ရောပေါ့"

လင်းထက်ဆွေ၏မျက်လုံးများမှာ ပြောရင်း အရောင်တောက်ပလာ၏။

ဖခင်နှင့်ဆရာအတွက် ဒေါသများက ရင်ထဲတွင် တလိပ်လိပ် တက်လာသည်။ ထို့ကြောင့် အံကြိတ်ပြီး ပြောမိလေ၏။

"ဆရာ... ဒီဓားပြီးသွားခဲ့ရင် ဆရာနဲ့အတူ ကျွန်တော်ပါ အလယ်ပိုင်းမြေပြန့်ဒေသကိုလိုက်မယ်၊ ပြီးတော့ ဆရာ့ကို လုပ်ကြံတဲ့သူကို လိုက်ရှာပြီး တိုက်ခိုက်မယ်၊ ဖေဖေ့ကိုပါသတ်တဲ့လူကိုရှာပြီး အပြစ်ပေးမယ်"

လင်းထက်ဆွေ၏လေသံက မာကျောလှသည်။

စီမာကမ်းစင်း ခေါင်းကိုညင်သာစွာ ခါယမ်းလိုက်ပြီး....

"ငါကတော့ လိုက်လို့မဖြစ်တော့ပါဘူးကွယ်"

"ခင်ဗျာ..."

"ဟုတ်တယ်... ငါ မလိုက်နိုင်တော့ဘူး၊ မလိုက်နိုင်တဲ့အကြောင်းတွေကလဲ ရှိနေတယ်"

အဘိုးအိုစီမာ၏မျက်နှာပေါ်မှ ဝမ်းနည်းပူဆွေးရိပ်များ တ

မှုဟုတ်ချင်း ကင်းစင်လွင့်ပျောက်သွားသည်။

ခက်ထန်တင်းမာမှုတို့က သူ့မျက်နှာပေါ်သို့ အစားထိုးဝင်ရောက်လာကြသည်။

ထို့နောက် လင်းထက်ဆွေအား လေသံမာမာနှင့် ပြောလိုက်၏။

"ငါဟာ ဆယ့်ငါးနှစ်လုံးလုံး ဒီဓားကိုပြုပြင်နေတာ မင်းအတွက်ဖြစ်တယ်ဆိုတာ မင်းသိရဲ့လား"

"ကျွန်တော်... ကျွန်တော် မသိပါဘူးဆရာ"

"တကယ်တော့ ဒီဓားဟာ မင်းအတွက် ငါပြုပြင်ပေးရတာပဲ၊ ဒါပေမယ့် ကံကြမ္မာဆိုတာကလဲ ခက်သားကလား၊ လူတွေရဲ့ လိုအင်ဆန္ဒကို ပြည့်စုံအောင် အမြဲတမ်း ဖြည့်ဆည်းမပေးဘူးလေ"

"ဒီဓားပြုလုပ်တဲ့နေရာမှာ ပြဿနာရှိနေလို့လားဆရာ"

"**မရှိပါဘူး...** ဒါပေမယ့်.... ဒါပေမယ့်"

စီမာကမ်းစင်း၏စကားသံများက တိမ်ဝင်သွားသည်။ ရှေ့ဆက်ပြောရမည့်စကားကို ပြောမထွက်နိုင်အောင် တစ်ဆို့သွားပေသည်။

လင်းထက်ဆွေက သိချင်စိတ်ကို ထိန်းချုပ်မထားနိုင်တော့ဘဲ အလျင်စလို မေးမိတော့သည်။

"ဒါပေမယ့် ဘာဖြစ်သလဲဆရာ... ဆက်ပြောပါဦး"

စီမာကမ်းစင်းက သက်ပြင်းရှည်တစ်ချက်ချပြီး လေးလေးတွဲ့တွဲ့ ပြောသည်။



"ခုနက အနီရောင်အရိပ်တစ်ရိပ်ကို မင်း မြင်လိုက်ရတယ်မဟုတ်လား"

"ဟုတ်ကဲ့... မြင်လိုက်ရပါတယ်"

"အေး... အဲဒီအနီရောင်အရိပ်ဟာ သုံးရက်ည ဒီအချိန်မှာ တွေ့ဆုံဖို့ သူ့ရဲ့ချိန်းဆိုချက်ကို ငါ လက်ခံလိုက်ပြီ"

လင်းထက်ဆွေသည် ဆတ်ခနဲ ထရပ်လိုက်မိသည်။

ထို့နောက် မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်ရှိသောလေသံဖြင့် အားတက်သရော ပြောချလိုက်သည်။

"အဲဒီနေ့ ညကျရင် ကျွန်တော်ထွက်ပြီး ရင်ဆိုင်ပါ့မယ်... ဆရာသာ ဒီဂူထဲမှာဓားကို အေးအေးဆေးဆေး စိတ်ချလက်ချဆက်လုပ်နေပါ"

စီမာကမ်းစင်းက ခေါင်းကိုခါယမ်းလိုက်သည်။ လင်းထက်ဆွေက ဆက်ပြောသည်။

"ကျွန်တော်ထင်တယ်... ကျွန်တော်...."

အဘိုးအိုစီမာက လင်းထက်ဆွေ၏စကားကို ဆုံးအောင်အပြောမခံဘဲ ဖြတ်ပြောသည်။

သူ့လေသံက မာထန်ပြီး စိတ်ဆိုးမာန်ဆိုးအသွင် ဆောင်နေ၏။

"မဖြစ်နိုင်ဘူး... မင်း သူနဲ့တွေ့လို့မဖြစ်ဘူး၊ သူနဲ့တွေ့လို့ဖြစ်ကို မဖြစ်ဘူး"

လင်းထက်ဆွေမှာ သူ့ဆရာ သူ့အပေါ်တွင် ဤမျှစိတ်ဆိုး

မာန်ဆိုးဖြစ်နေသည်ကို တစ်ခါမျှ မတွေ့မကြုံဖူးချေ။

ထို့ကြောင့် မျက်နှာကလေးငယ်ပြီး ငြိမ်သက်သွားသည်။ ထို့နောက် ခပ်တိုးတိုး မေးလိုက်၏။

"ကျွန်တော် သူ့ကိုမတိုက်ခိုက်နိုင်ဘူးလို့ ထင်နေသလားဆရာ"

စီမာကမ်းစင်းက လင်းထက်ဆွေ၏လက်ကို ရုတ်တရက် ဖမ်းဆွဲထားလိုက်သည်။ ထို့နောက် လေသံမာမာဖြင့် အမိန့်ချလိုက်သည်။

"မင်း ဘာမှထပ်မေးမနေနဲ့... ငါပြောချင်တာတစ်ခုပဲ ရှိတယ်၊ မင်း သူ့ကို လုံးဝရင်မဆိုင်ရဘူး... ဒါပဲ"

"ကျွန်တော်ရင်မဆိုင်ရင် ဆရာရင်ဆိုင်ရမှာပေါ့... ဒါပေမယ့် ဆရာဟာ ဆယ့်ငါးနှစ်လုံးလုံး ဒီဓားကြီးကို ပြုလုပ်ခဲ့ပြီး အခုလို ပြီးခါနီးအချိန်ကျမှ ဓားကိုဆုံးခန်းတိုင်အောင် လက်စသတ်အောင် မလုပ်တော့ဘူးလား ဆရာ"

"ငါက မင်းကို ဒီဓားအပ်ခဲ့မှာပဲ"

"ကျွန်တော့်ကိုအပ်ခဲ့မယ် ဟုတ်လား"

"ဟုတ်တယ်... မင်းအနေနဲ့သိုင်းပညာကို တစိုက်မတ်မတ် လေ့ကျင့်လာခဲ့တာ ဆယ့်ငါးနှစ်ရှိခဲ့ပြီ၊ ဒီတော့ ဒီဓားကို မင်း အသုံးပြုနိုင်ပြီ"

"ဒီဓားကိုထုတ်ယူပြီးရင်...."

စီမာကမ်းစင်က လက်ဝါးကာ ဟန့်တားလိုက်ပြီး...



"ဒီဓားကိုထုတ်ယူပြီးရင် ဝမ့်ပေါင်တောင်တန်းကြီးကနေ မင်း ထွက်ခွာသွားပြီး အလယ်ပိုင်းမြေပြန့်ဒေသကိုသွားပါ"

လင်းထက်ဆွေက....

"ကျွန်တော်... ကျွန်တော့်ရဲ့မိဘကိုသတ်တဲ့ရန်ငြိုးကို ပြန်တိုက်ခိုက်ဖို့ဆုံးဖြတ်ထားပါတယ် ဆရာ"

"မင်းမိဘကိုသတ်သွားတဲ့တရားခံကို ရှာဖွေမယ်... ဟုတ်လား"

"ဟုတ်ကဲ့... ကျွန်တော့်အဖေနဲ့ကျွန်တော့်အမေ"

"မင်းအမေ... မင်းအမေဟာ"

စီမာကမ်းစင်းက စကားကိုဆုံးအောင်မပြောဘဲ တစ်ဝက်တစ်ပျက်တွင် ထုံခနဲ ရပ်ထားလိုက်သည်။

သူ၏မျက်နှာပေါ်တွင် လျှို့ဝှက်သိုသိပ်ခြင်းအရိပ်တို့ လွှမ်းကဲနေသည်။

သို့သော် မှောင်နေသဖြင့် လင်းထက်ဆွေ မမြင်နိုင်ပေ။

"ကျွန်တော့်အမေ ဘာဖြစ်သလဲ ဆရာ၊ သူ... သူ... သူ... မသေသေးဘူးလား"

"မဟုတ်ဘူး... မဟုတ်ဘူး၊ မင်းအမေဟာ ရန်သူ့လက်ချက်နဲ့ သေရတာ မဟုတ်ဘူး"

စီမာကမ်းစင်၏လေသံများက မာထန်ကျယ်လောင်သွားသည်။

လင်းထက်ဆွေက အားတက်သရောအမူအရာဖြင့်....

"ဒီလိုဆိုရင် အခု ကျွန်တော့်အမေ ဘယ်မှာရှိသလဲ"

"သူလား... သူ... သူ နာမကျန်းဖြစ်ပြီး ဆုံးသွားရပြီ"

စီမာကမ်းစင်း၏စကားများမှာ အဆင်ပြေလှသည်မဟုတ်ပေ။ အဆီအငေါ်မတည့်ဘဲ ထစ်ငေါ့နေသည်။

သို့သော် လင်းထက်ဆွေမှာ သူတစ်သက်လုံး ဤတောင်တန်းပေါ်၌ နေခဲ့ရသဖြင့် လူရိပ်လူကဲကိုသိပ်သိလှသည် မဟုတ်ပေ။

သို့သော် စီမာကမ်းစင်းသည် လင်းထက်ဆွေသံသယဝင်သွားမည်ကို စိုးရိမ်သဖြင့် လျင်မြန်စွာ ဆက်လက်ပြောကြားလေတော့၏။

"မင်း... အလယ်ပိုင်းမြေပြန့်ဒေသကိုသွားပါ... ဒါပေမယ့် လက်စားချေဖို့ကိုတော့ ခွင့်မပြုနိုင်ဘူး"

"ခင်ဗျာ...."

လင်းထက်ဆွေမှာ အံ့ဩလွန်းသဖြင့် ပါးစပ်အဟောင်းသားဖြစ်သွားသည်။

ဖခင်သတ်သူအား အဘယ့်ကြောင့် လက်စားမချေရမည်နည်း။

သူသည် သူ့ဆရာအား မည်သည့်အခါကမျှ ခွန်းတုံ့တင်သောမေးခွန်းမျိုး မမေးခဲ့ဖူးချေ။ သို့သော် ယခုအခါတော့ မေးမိလေပြီ။

"ကျွန်တော့်မိဘကိုသတ်တဲ့သူကို ဘာဖြစ်လို့ လက်စားချေခွင့်မပြုရတာလဲ ဆရာ"



"ငါ့အနေနဲ့ မင်းကိုအဓိကထားလုပ်ကိုင်စေချင်တာကတော့ မင်းအဖေရဲ့ပျောက်ဆုံးသွားတဲ့ သက်တန့်ပုံဓားကိုရှာဖွေပြီး အခု ဟောဒီမိုးကြိုးသွားဓားနဲ့အတူ ကျွန်စီမြစ်ထဲကိုစွန့်ပစ်ဖို့ပဲ၊ မင်းအဖေနဲ့ ငါဟာ သွေးသောက်ညီအစ်ကိုအဖြစ် ကတိကဝတ်ပြုထားတာကို ထာဝရတည်တံ့စေတဲ့သဘောပဲ၊ အဲဒီကိစ္စတွေပြီးစီးသွားပြီဆိုရင်တော့ မင်းသဘောနဲ့မင်း လွတ်လပ်စွာ သွားလာလှုပ်ရှားနိုင်ပါပြီ"

"ဟုတ်ကဲ့... ကျွန်တော် ဆရာ့အမှာစကားအတိုင်း ဆောင်ရွက်ပေးပါ့မယ်၊ ဒါပေမယ့် ကျွန်တော့်အဖေကိုသတ်တဲ့ရန်သူဟာ ဘယ်သူ...."

"ဆက်မပြောနဲ့တော့... မင်းကိုလက်စားချေခွင့်မပြုမှတော့ မင်းက အဲဒီရန်သူကိုသိထားတော့ကော ဘာလုပ်ရဦးမှာလဲ"

လင်းထက်ဆွေမှာ လွန်စွာ စိတ်ဓာတ်ကျသွားသည်။ ဆရာဖြစ်သူ၏နှုတ်ထွက်စကားဖြစ်၍ ဆန့်ကျင်မပြောရဲသော်လည်း ရင်ထဲ၌မူ လွန်စွာ အခံရခက်နေပေသည်။

"ဆရာက ကျွန်တော်အတွင်းအား သူ့ကိုမမီလို့ရင်မဆိုင်စေချင်တာလား"

"ဟုတ်တယ်... နောက်ထပ် ဘာမှမမေးနဲ့တော့၊ သွား... ရှုပြင်ကိုထွက်ပြီး မြက်ခြောက်တွေ သစ်ကိုင်းခြောက်တွေရှာခဲ့စမ်း"

အဘိုးအိုစီမာကမ်းစင်းက ပြီးလွယ်စီးလွယ် ပြန်ဖြေလိုက်သည်။

လင်းထက်ဆွေမှာ ဆရာ့စကားအတိုင်း ရှုပြင်သို့ထွက်ပြီး

မြက်ခြောက်များ သစ်ကိုင်းခြောက်များ ရှာဖွေသည်။

ထို့နောက် ဂူပေါက်ဝတွင် မြက်ခြောက်များကို စုပုံထားလိုက်သည်။

"အဲဒီမြက်ခြောက်တွေကို မီးရှို့လိုက်"

စီမာကမ်းစင်းက လှမ်းအော်အမိန့်ပေးသဖြင့် လင်းထက်ဆွေက အမိန့်အတိုင်း ဆောင်ရွက်လိုက်သည်။

တစ်ဖောအတွင်းမှာပင် မြက်ခြောက်များမှာ တဖျစ်ဖျစ်မြည်ကာ မီးတောက်မီးလျှံများဖြင့် လောင်ကျွမ်းလာသည်။

သူတို့နှစ်ဦး၏မျက်နှာများသည်လည်း မီးရောင်ဟပ်မှုကြောင့် နီရဲနေကြလေသည်။

စီမာကင်းစင်းက အနီးတွင်ရှိသော သစ်ကိုင်းခြောက်တစ်ခုကို ကောက်ယူငှေ့ယမ်းလိုက်သည်။

"ဝိုး... ဝိုး... ဝိုး"

ထို့နောက် လင်းထက်ဆွေကို အသေအချာ စူးစိုက်ကြည့်လိုက်ပြီး တည်ငြိမ်လေးနက်စွာ ပြောချလိုက်တော့သည်။

"ဒီအချိန်ကစပြီး မင်းအဖေရဲ့သက်တန့်ပုံဓားသိုင်းခုနစ်ကွက်ကို ငါ သင်ပေးမယ်၊ ငါ့ရဲ့မိုးကြိုးသွားဓားသိုင်းရှစ်ကွက်ကိုတော့ ငါအပြည့်အဝ သင်ပေးပြီလို့ မင်း ကျွမ်းကျင်နေပြီ၊ သုံးရက်အတွင်းမှာ မင်းအဖေရဲ့သိုင်းကွက်တွေမှတ်မိအောင် ကြိုးစားမှတ်မိထားရင် ကျွမ်းကျင်အောင် လေ့ကျင့်လို့ရတယ်"

"ဟုတ်ကဲ့... ဆရာ၊ ကျွန်တော် ကြိုးစားပါ့မယ်"



ဤစကားကိုကြားလိုက်ရသောအခါ လင်းထက်ဆွေမှာ ရင်ခုန်လှုပ်ရှားသွားရလေသည်။

သုံးရက်အတွင်း အလွန်ကျော်ကြားလှသောအလယ်ပိုင်းသက်တန့်ပုံဓားသိုင်းများကိုအရ သင်ယူရမည်ဆိုသည်မှာ လွယ်ကူသောကိစ္စတစ်ခုတော့ မဟုတ်ပေ။

သို့သော် သူ့စိတ်ထဲတွင် သူ့ဖခင်၏ကျော်ကြားလှသော ဓားသိုင်းပညာကိုသင်ယူပြီးပါက ဖခင်သတ်သူအား ပြန်လည်တိုက်ခိုက်နိုင်မည်ကိုတွေးမိလာသဖြင့် သွေးများပွက်ပွက်ဆူလာသကဲ့သို့ ခံစားလာရသည်။

စီမာကမ်းစင်းသည် သစ်ကိုင်းခြောက်နှင့် သိုင်းကွက်တစ်ကွက်ကို ကစားပြလိုက်ပြီးလျှင်....

"ဒီသိုင်းကွက်က မင်းအဖေရဲ့ သက်တန့်ပုံဓားသိုင်းခုနစ်ကွက်ထဲက တစ်ကွက်ပဲ၊ သူဟာ ဒီဓားကွက်တွေနဲ့မကောင်းတဲ့ ဒုစရိုက်သမားတွေကို သုတ်သင်ရှင်းလင်းပစ်ခဲ့တယ်"

ထို့နောက် စီမာကမ်းစင်းသည် သစ်ကိုင်းခြောက်ဖြင့်ပင် သိုင်းကွက်များကို ဆက်လက်ကစားပြပြန်သည်။

လင်းထက်ဆွေသည် အဘိုးအိုစီမာ၏သိုင်းကွက်များကို မျက်တောင်မခတ်တမ်း စူးစိုက်လေ့လာကျက်မှတ်နေရလေသည်။

စီမာကမ်းစင်း၏လက်ထဲတွင် ကိုင်ဆောင်ထားသည်မှာ သစ်ကိုင်းခြောက်တစ်ခုသာဖြစ်သော်လည်း သူ၏လက်ထဲတွင် လျင်မြန်စွာ လှုပ်ရှားနေသည့်အတွက် အရိပ်များမှာ သက်တန့်ရောင်ကဲ့သို့

ဖြာထွက်နေ၏။

သစ်ကိုင်းခြောက်က လေထုကိုထိုးခွဲသွားရာတွင် အလွန်ပြင်းထန်သော လေတိုးသံကို ဖြစ်ပေါ်စေပေသည်။

ဂူတွင်းရှိ ဖုန်မှုန့် သဲမှုန့်များသည်လည်း လေဟပ်မှုအရှိန်ကြောင့် တထောင်းထောင်းထလျက် ပျံတက်နေတော့သည်။

မြက်ခြောက်မီးညွန့်များသည်လည်း လေတိုးသည့်အတွက် ယိမ်းထိုးနေပေသည်။

ဤသည်မှာ သိုင်းလောကနှင့်ကင်းကွာနေသော ဝမ့်ပေါင်တောင်တန်း၏တစ်နေရာမှနေ၍ သိုင်းလောကထဲသို့မှန်တိုင်းဝင်မွေ့ရန် မုန်တိုင်းအစပျိုးနေခြင်းဖြစ်ကောင်း ဖြစ်နေနိုင်ပေ၏။



အခန်း(၃)

ထူးဆန်းသောဓား

အချိန်ဟူသောအရာသည် စောင့်ဆိုင်းရသည့်အခါတွင် နှေးကွေး၏။

မကုန်ဆုံးစေချင်သည့်အခါများတွင်မူ လျှပ်တစ်ပြက် လက်ဖျစ်တစ်တွက်အလား ကုန်ဆုံးမှုလျှင်မြန်လှ၏။

စီမာကမ်းစင်းပြောခဲ့သောသုံးရက်သည် တဒင်္ဂအတွင်း ကုန်ဆုံးသွားသကဲ့သို့ ထင်မှတ်ရပေ၏။

ထိုသုံးရက်အတွင်း လင်းထက်ဆွေမှာ သိုင်းကွက်ခုနစ်ကွက်ကို မအိပ်မနေ မနားမနေ သင်ယူရပေသည်။

သိုင်းကွက်ခုနစ်ကွက်သာဖြစ်သော်လည်း တစ်ကွက်တစ်ကွက်စီ၌ လှည့်ပြောင်းကွက် ကိုးကွက်စီပါနေပြန်သေးရာ လင်းထက်ဆွေမှာ ကျွမ်းကျင်ရန်ထက် မှတ်မိရန်သာ မနည်းကြိုးစားနေခဲ့ရပေသည်။

စီမာကမ်းစင်းမှာ ပင်ပန်းနွမ်းနယ်နေသော်လည်း သူ့အသွင်မှာ တည်တည်ငြိမ်ငြိမ်ကလေး ရှိနေပေသည်။

သို့ရာတွင် သူ့မျက်လုံးထဲတွင်ကား ဝမ်းနည်းကြေကွဲဖွယ် အရိပ်အယောင်က ဖုံးကွယ်၍မရအောင် ထင်းထင်းကြီးပေါ်လွင်နေပေသည်။

စီမာကမ်းစင်းက မီးအိုးကိုလက်ညှိုးထိုးညွှန်ပြပြီး....

"မနက်မိုးလင်းတာနဲ့ အိုးထဲကို မီးသွေးထည့်၊ နေ့လည်နေ့ခင်းမှာ ဓားကိုပိုကောင်းအောင် လေ့ကျင့်၊ ဒီလိုနဲ့ဆက်တိုက်ဆက်တိုက် အိုးထဲက ဓားကိုပြုပြင်ခဲ့တာ အခုဆိုရင် ဆယ့်ငါးနှစ်တင်းတင်းပြည့်သွားခဲ့ပြီ၊ ဒီလိုလုပ်တဲ့အခါမှာ စိတ်ကိုပျံ့လွင့်ခြင်းမရှိအောင် သတိနဲ့ ထိန်းချုပ်ပြုလုပ်ရတယ်၊ တစ်ခုခုသာချွတ်ယွင်းခဲ့မယ်ဆိုရင် ဒီအိုးဟာ ပေါက်ကွဲသွားပြီး ဓားလဲ အရည်ပျော်သွားရလိမ့်မယ်၊ ဒါဆိုရင်တော့ ကြိုးစားလုပ်ကိုင်ထားသမျှဟာ အလဟဿ ဖြစ်သွားလိမ့်မယ်"

စီမာကမ်းစင်း၏စကားသံများက သူ့ကိုယ်သူ တီးတိုးရေရွတ်နေသလိုလို လင်းထက်ဆွေအား ပြော်ကြားနေသလိုလို ရှိပေသည်။

လင်းထက်ဆွေမှာ ထိုစကားများကိုးနားထောင်ပြီး ရင်တထိတ်ထိတ် စိတ်လှုပ်ရှားနေရပေသည်။

ဓာချွေးများလည်း နဖူးပြင်ပေါ်မှ တပေါက်ပေါက်ယိုစီးကျနေသည်။



ဤဓားနှင့်ပတ်သက်၍ သူ့ဆရာမည်ကဲ့သို့လုပ်ကိုင်ခဲ့ရသည်ကို သူကိုယ်တိုင်တွေ့ရှိခဲ့ရသည် မဟုတ်ပါလား။

အဘိုးအိုစီမာက ဆွေးမြည့်စွာ ဆက်ပြောနေသည်။

"အခုအချိန်မှာ ဒီဓားကိုမီးအိုးထဲကထုတ်လိုက်ရင် ဒီအိုးပျက်စီးသွားမှာ အသေအချာပဲ၊ ဒီလိုအိုးတစ်လုံး ပျက်စီးသွားတာ အကြောင်းမဟုတ်ဘူး၊ အရေးကြီးတာက မင်းပျက်စီးမသွားဖို့ဘဲ၊ တကယ်လို့သာ မင်းပျက်စီးသွားခဲ့မယ်ဆိုရင် မင်းရဲ့လင်းမျိုးဆက်ဟာလဲ ပျောက်ကွယ်ပျက်သုဉ်းသွားတော့မှာပဲ၊ မင်းအဖေရဲ့ ကျော်ကြားခဲ့တဲ့ သိုင်းကွက်တွေကိုလဲ ဆက်ခံမယ့်သူမရှိဘဲ ပျောက်ကွယ်ဆိတ်သုဉ်းသွားတော့မှာပဲ၊ ဒါကိုတော့ မင်းနှလုံးထဲမှာ စွဲစွဲမြဲမြဲ မှတ်ထားပါ"

စီမာကမ်းစင်းမှာ ပြောရင်း ပြောရင်းမှ မျက်ရည်များတတွေတွေ စီးဆင်းလာတော့သည်။

ဆရာဖြစ်သူ မျက်ရည်ကျသောအခါ တပည့်ဖြစ်သူအဖို့ ပြောစရာမရှိတော့ပေ။

လင်းထက်ဆွေလည်း မျက်ရည်ကျရတော့သည်။

"ကျွန်တော် ဆရာမှာကြားတဲ့အတိုင်း တသဝေမတိမ်းလိုက်နာဆောင်ရွက်ပါ့မယ်၊ ဆရာ စိတ်ချလက်ချသာ နေပါ"

စီမာကမ်းစင်းက ခေါင်းညိတ်လိုက်ပြီး....

"မင်း ဒီလိုကတိပြုတာကို ငါဝမ်းသာပါတယ်၊ အပြင်လောကမှာ ဘာတွေပဲ ဖြစ်နေဖြစ်နေ မင်း ဘာမှစိတ်မဝင်စားပါနဲ့ ဓားကိုစွကိုသာ စိတ်ဝင်စားပါ"

"ဟုတ်ကဲ့... ကျွန်တော်နားလည်ပါတယ် ဆရာ"

"ကဲ... ကဲ... မိုးလဲချုပ်လာပြီ၊ မီးမွှေးလိုက်ပေတော့"

လင်းထက်ဆွေက ကျောက်ခဲနှင့်မီးခတ်လိုက်ပြီး မီးအိုးတွင် မီးမွှေးလိုက်သည်။ မီးသွေးများ ထည့်လိုက်သည်။ တဖြည်းဖြည်း မီးစွဲလာတော့သည်။

"လူကလေး... ဒီကိုခဏလောက် လာစမ်းပါဦး"

ဝီမာကမ်းစင်း၏အသံက ဆို့နင့်နေသည်။

လင်းထက်ဆွေက သူ့ဆရာအနီးသို့လျှောက်လာပြီး ဒူးထောက်ထိုင်ချလိုက်လေသည်။

"ဆရာ... ကျွန်တော့်ကို ဘာများမှာချင်သေးလို့ပါလဲခင်ဗျာ"

ဝီမာကမ်းစင်းက လင်းထက်ဆွေဦးခေါင်းကို အသာအယာ သပ်ချပေး၏။

"လူကလေး... မင်းဟာ သိုင်းလောကထဲကို မကြာခင်မှာပဲ သွားရတော့မယ်၊ ဒီတော့ ဒီတောင်ထဲမှာ ငယ်ငယ်ကလေးကတည်းက ကြီးပြင်းခဲ့ရတာမို့ အပြင်လောကလူတွေအကြောင်းကို မင်း ဘာမှ နားလည်မှာမဟုတ်ဘူး၊ လူဆိုတာ အမြဲတမ်း တသမတ်တည်း ကောင်းတဲ့လူမျိုးဆိုတာ အင်မတန်ရှားပါးလှတယ်၊ အထူးသဖြင့် သိုင်းလောကဟာ ပိုပြီး ရှုပ်ထွေးဆန်းကြယ်တယ်၊ လိမ်လည်မှုတွေ... ကောက်ကျစ်ယုတ်မာမှုတွေ... ရက်စက်ကြမ်းကြုတ်မှုတွေ... ဟန်ဆောင်ဖုံးကွယ်မှုတွေ သိပ်ကိုများပြားလွန်းလှတယ်၊ လူကလေး အနေနဲ့ အဲဒီလောကထဲကို ရောက်ပြီဆိုတာနဲ့ သတိကို အမြဲမပြတ်ထား



ပါ၊ သတိတမံ ဉာဏ်ခြေကတုတ်တဲ့၊ အသက်ကို ဉာဏ်စောင့်တယ်တဲ့၊ လူတိုင်းကို လွယ်လွယ်နဲ့မယုံဖို့ ငါ သတိပေးလိုက်ပါတယ်ကွယ်"

တစ်ကြိမ်တစ်ခါမျှ သူ့ဆရာက ဤသို့ရှည်လျားစွာ မပြောဖူးသဖြင့် လင်းထက်ဆွေမှာ တုန်လှုပ်ချောက်ချားလာသည်။

"ငါ ဒီနေ့ည မသေဘဲ အသက်ရှင်ကျန်နေခဲ့ရင်လဲ သိုင်းလောကထဲကိုပြန်ဝင်တော့မှာ မဟုတ်ဘူး၊ မင်းနဲ့ပြန်ဆုံဖို့လဲ မဖြစ်နိုင်တော့ဘူး၊ ဒီညဟာ မင်းနဲ့ငါ့ရဲ့နောက်ဆုံး တွေ့ဆုံခြင်းပဲ"

"ဆရာရယ်... ဆယ့်ငါးနှစ်လုံးလုံး ပြုစုစောင့်ရှောက်ခဲ့တဲ့ ဆရာ့ကျေးဇူးကို ကျွန်တော် မဆပ်ရသေးပါဘူး၊ ကျွန်တော့်ကို ပစ်ခွာမသွားပါနဲ့ဆရာ"

"ဒါတွေကို ပြောမနေပါနဲ့လူကလေးရာ၊ မင်းအဖေနဲ့ငါဟာ ညီရင်းအစ်ကိုလိုချစ်ကြတဲ့မိတ်ဆွေ သူငယ်ချင်းတွေဆိုတော့ မင်းကို စောင့်ရှောက်ရမယ့် တာဝန်ဝတ္တရား ငါ့မှာရှိပါတယ်၊ ဒါကို ကျေးဇူးတရားအနေနဲ့သတ်မှတ်မနေပါနဲ့၊ ငါ့မှာခဲ့ချင်တဲ့ အဓိက ကိစ္စကတော့ တို့ရဲ့ဓားနှစ်ချောင်းကို ကျန်စီမြစ်ထဲစွန့်ပစ်ဖို့ပဲ၊ ဒီလိုလုပ်ပေးခြင်းအားဖြင့် မင်းဟာ ငါနဲ့မင်းအဖေတို့ကို တမလွန်ဘဝကနေ ကျေနပ်ဝမ်းသာနိုင်အောင် ဆောင်ရွက်ပေးတာနဲ့အတူတူပါပဲ လူကလေးရယ်"

လင်းထက်ဆွေက မျက်ရည်များ ယိုစီးကျရင်း ဝန်ခံလိုက်သည်။

"စိတ်ချပါ ဆရာရယ်... ကျွန်တော်ဆောင်ရွက်ပါ့မယ်"

ဝီမာကမ်းစင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"လာလာ... လူကလေး၊ ငါ့နေရာမှာ လာထိုင်ချေ၊ ငါ သွားတော့မယ်"

အဘိုးအိုစီမာသည် စကားဆုံးသည်နှင့် ခုန်ထွက်သွားတော့သည်။

လင်းထွက်ဆွေမှာ ဆယ့်ငါးနှစ်လုံးလုံး သူ့အား စောင့်ရှောက်ခဲ့သည့် ဆရာမရှိတော့သဖြင့် ရင်ထဲဟာသွား၏။ မျက်ရည်များလည်း ယိုစီးကျလာသည်။

နောက်ဆုံး စိတ်မထိန်းနိုင်တော့သဖြင့် ဆရာ့နောက်လိုက်ရန် ဂူဝသို့ခုန်ထွက်လိုက်၏။

ထိုစဉ်...

"လင်းထက်ဆွေ... မင်းက ငါ့နောက်လိုက်ရဲသလား၊ မီးအိုးထဲက မီးကိုဂရုစိုက်ဖို့ပြန်သွားစမ်း"

စီမာကမ်းစင်း၏မာထန်သောစကားသံနှင့်အတူ အလွန်ပြင်းထန်သောလေလှိုင်းတစ်ခုသည်လည်း ရုတ်တရက် ထွက်ပေါ်လာသဖြင့် လင်းထွက်ဆွေမှာ နောက်သို့ခြေလှမ်းခန့် ဆုတ်သွားရတော့သည်။

ဂူဝတွင် စီမာကမ်းစင်၏မျက်နှာပေါ်လာသည်။ သူ့မျက်နှာသည် ဒေါသကြောင့် နီရဲနေပြီး သူ့အသံသည်လည်း ဒေါသကြောင့် မာဆတ်တုန်ခါနေသည်။

"လင်းထက်ဆွေ... မင်းဟာ ငါတောင် မသေသေးဘူး၊ ငါ့စကားကိုမလိုက်နာတော့ပါလား၊ မင်း ငါ့ကိုပေးထားတဲ့ကတိစကားကို



ဘယ်လိုလုပ်ပြီး ငါ ယုံကြည်တော့မှာလဲ"

လင်းထက်ဆွေမှာ စီမာကမ်းစင်း၏ တင်းမာပြင်းထန်သောစကားများကြောင့် အကြီးအကျယ် တုန်လှုပ်သွားရသည်။

"ကျွန်တော်... ကျွန်တော်... ဆရာ့ကျေးဇူးတွေကို လုံးဝမဆပ်ရသေးလို့ပါ ဆရာ"

စီမာကမ်းစင်း၏မျက်လုံးများမှာ မီးကျီးမီးခဲများကဲ့သို့ ရဲရဲတောက်လာ၏။

"မင်းပါးစပ်ကို ပိတ်ထားလိုက်စမ်း... ဘာကျေးဇူးလဲ၊ ငါ့စကားကိုနားမထောင်ရင် ငါ့ကိုကျေးဇူးဆပ်ရာ ဘယ်လိုလုပ်ရောက်နိုင်တော့မှာလဲ"

လင်းထက်ဆွေမှာ မျက်ရည်အဝိုင်းသားဖြစ်သွားပြီး သူ့ဆရာအား ဒူးထောက်ကာ တောင်းပန်သည်။

ထို့နောက် သူ့ဆရာထိုင်သွားသည့်နေရာတွင် ထိုင်ချလိုက်ပြီး မီးအိုးကိုစိတ်မပါ လက်မပါ ကြည့်နေလိုက်သည်။

စီမာကမ်းစင်းမှာ လင်းထက်ဆွေကိုကြည့်ပြီး ရင်ထဲတွင် နာကျင်စွာ ခံစားလိုက်ရလေသည်။

ဤကလေးကို သူ့သားအရင်းကဲ့သို့ချစ်ခင်လှပြီး တစ်ခါမျှ အော်ဟစ်ငေါက်ငမ်းပြောဆိုခြင်း မရှိခဲ့ပေ။

ယနေ့မှ ကရုဏာဒေါသောဖြင့် အော်ဟစ်ငေါက်ငမ်းနေရသဖြင့် သူ စိတ်မကောင်းဖြစ်ရလေသည်။

ထို့နောက် သက်ပြင်းရှည်ကြီးကိုလေးတွဲ့စွာ ချလိုက်ပြီး ဂူ

ဝမ့်ချာခနဲလှည့်ကာ ဆက်လက်ထွက်ခွာသွားလေတော့သည်။

သူသည် ကွေ့တစ်ခုတွင် ချိုးကွေ့လိုက်ပြီး အခြားဂူတစ်လုံးထဲသို့ ဝင်ရောက်သွားတော့သည်။

လင်းထက်ဆွေမှာ တုတ်တုတ်မျှ မလှုပ်ရဲဘဲ နေရာတွင် ဆိတ်ဆိတ်ငြိမ်ငြိမ်ကလေး ထိုင်နေရလေသည်။

သူ၏ပါးပြင်ပေါ်တွင် မျက်ရည်များက တသွင်သွင် စီးဆင်းနေလေသည်။

သူသည် မျက်ရည်များကို အင်္ကျီလက်စရှည်ဖြင့် သုတ်လိုက်သည်။

သူ၏အတွင်းအားကိုထုတ်ပြီး မီးဖို၏ဘေးနှစ်ဖက်ကို ကိုင်ထား လိုက်၏။

သန်းခေါင်ယံအချိန်လွန်မြောက်ပြီး နှစ်နာရီခန့်ကြာသောအခါ ဂူပြင်မှစူးရှသောလေသံကိုကြားလိုက်ရသည်။

အသံမှာစူးရှလွန်းလှသဖြင့် ဂူထဲ၌ ပဲ့တင်ရိုက်ခတ်နေပေသည်။

လင်းထက်ဆွေမှာ မီးအိုးကိုသာ ဂရုစိုက်အာရုံပြုနေရလေသည်။

သူ့ဆရာ၏ရန်သူ ဝမ့်ပေါင်တောင်တန်းပေါ်သို့ ရောက်ရှိလာပြီဖြစ်ကြောင်းကိုမူ သူ သိရှိနေပေပြီ။

သူ့စိတ်ထဲတွင် သူ့ဆရာအား ဝင်ရောက်ကူညီမတိုက်ခိုက်နိုင်သည့်အပြင် ရန်သူ၏မျက်နှာကိုပင် မြင်တွေ့ခွင့်မရသည့်အတွက် လွန်စွာ မခံချိမခံသာ ဖြစ်နေပေသည်။

မီးဖိုရှိ မီးတောက်မီးလျှံများမှာ အရှိန်ပြင်းစွာ တောက်လောင်လာသည်။

ဂူအပြင်ဘက်တွင်ကား တိုက်ခိုက်နေသည့်အသံများက သောသောညံနေသည်။

အသံတစ်သံမှာ သူ့ဆရာ၏အသံဖြစ်ပြီး အသံတစ်သံမှာ အမျိုးသမီးတစ်ယောက်၏အသံဖြစ်သည်ကို လင်းထက်ဆွေကြားနေရလေသည်။

သူ့စိတ်အာရုံသည် မီးဖို၌မရှိတော့ပေ။ တိုက်ပွဲအတွင်းသို့ ဝင်ရောက်တိုက်ခိုက်လိုသည့်စိတ်များ တဖွားဖွား ဖြစ်ပေါ်နေသည်။

သို့သော် သူ့ဆရာ၏စကားများကြောင့် စိတ်ကိုအနိုင်နိုင်ချုပ်တည်းထားရလေသည်။

သူသည် စိတ်ဖြေဖျောက်လိုက်သည့်အနေနှင့် မီးဖိုဆီသို့ အာရုံကိုအစွမ်းကုန် ပို့လွှတ်ထားလိုက်ရသည်။

သူသည် မီးတောက်မီးလျှံများကို ပိုမိုတောက်ပလာအောင် အတွင်းအားပေးခြင်းပြုလိုက်သည်။

မီးတောက်မီးလျှံများမှာ အရှိန်တညီးညီးထပြီး တဟုန်းဟုန်း တောက်လောင်လာသည်။

အပူရှိန် ပြင်းထန်လာသည့်အတွက် ဂူထဲမှလေထုသည်လည်း ပြောင်းလဲလာပြီး တဖိုးဖိုးမြည်ဟည်းနေသည်။

ဂူအပြင်ဘက်မှအသံများနှင့် ဂူထဲမှအသံမှာခွဲခြား၍ မရနိုင်အောင်ဖြစ်လာသည်။

မီးတောက်မီးလျှံများမှာ အရှိန်ပြင်းပြင်းလောင်ကျွမ်းလာပြီး အပူရှိန်သည်လည်း တစတစ ပြင်းထန်လာသည်။

လင်းထက်ဆွေကိုယ်တိုင်ပင် အပူဟပ်သည့်ဒဏ်ကို မခံစားနိုင်အောင် ရှိနေရလေသည်။

ထိုစဉ် ဂူပြင်ရှိ အသံဗလံများသည်လည်း တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

အပြင်ဘက်တွင် ခုနက ဆူညံနေသဖြင့် စိတ်မတည်မငြိမ်ဖြစ်ခဲ့ရသော်လည်း ယခုကဲ့သို့ တိတ်ဆိတ်ငြိမ်သက်နေသည့် အချိန်တွင်လည်း လင်းထက်ဆွေ၏စိတ်အာရုံများက မတည်မငြိမ် ဖြစ်လာရပြန်သည်။

သူသည် သူ့ဆရာ၏အသက်အန္တရာယ်ကို အထူးပင် စိုးရိမ်ကြောင့်ကြလာသည်။

ဂူထဲရှိ မီးတောက်မီးလျှံများမှာ တဟူးဟူးထပြီး ပေါင်းဖိုတစ်လုံးကဲ့သို့ အပူရှိန်များ ပျံ့လွှင့်နေသည်။

အပူရှိန်ကြောင့် လေထုပါးလျားနေပြီး လင်းထက်ဆွေမှာ အသက်ရှူမဝနိုင်အောင် ဖြစ်နေမိသည်။

သူ့ရင်ထဲတွင် မွန်းကျပ်ပိတ်လှောင်စွာ ခံစားလိုက်ရသည်။



ယခုအချိန်အခါသည် အရေးအကြီးဆုံး အခြေအနေသို့ရောက်ရှိခဲ့ရပြီကို လင်းထက်ဆွေ သိရှိလိုက်ရသည်။

ထို့ကြောင့် သူ၏ဝင်သက်ထွက်သက်ကိုမှတ်ထားပြီး စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်သမျှ တည်ငြိမ်အောင်ထားကာ ဆယ့်ငါးနှစ်လုံးလုံး လေ့ကျင့်ခဲ့ရသည့် အတွင်းအားများကိုစုစည်းကာ မီးဖိုဆီသို့ တစ်ပြိုင်နက် တွန်းပို့ထားလိုက်ပြန်သည်။

"ခစ်... ခစ်... ခစ်"

ထိုစဉ် ဂူဝမှအမျိုးသမီးတစ်ဦး၏ ရယ်သံတစ်သံ ထွက်ပေါ်လာခဲ့သည်။

လင်းထက်ဆွေမှာ အရေးအကြီးဆုံးအချိန်သို့ရောက်နေပြီဖြစ်သဖြင့် အာရုံကိုမပျံ့လွင့်အောင် စုစည်းထားရလေ၏။

အမျိုးသမီး၏ရယ်မောသံသည် သူ့နားထဲသို့သွဲ့သွဲ့ငယ်မျှ တိုးဝင်လာသော်လည်း သူ့အာရုံက မည်သို့မျှ မပျံ့လွင့် မခံစားမိချေ။

"ထက်ဆွေ... ထက်ဆွေ"

ထို့နောက် အနီရိပ်တစ်ရိပ် လျင်မြန်စွာလှုပ်ရှားလိုက်သည်ကို သူ့မျက်ဝန်းထောင့်စွန်းတွင် ရိပ်ခနဲ တွေ့ရှိလိုက်ရသည်။

မီးဖိုမှ မီးတောက်မှာ တဖြည်းဖြည်း လျော့ကျလာပြီး မီးအိုးမှာ တဖြည်းဖြည်း အရည်ပျော်ကျလာသည်။

လင်းထက်ဆွေမှာ သူကိုင်ထားသည့်နေရာကို လွှတ်ပေးလိုက်ရသည်။

သံရည်ပူများသည် မီးဖို၏နှုတ်ခမ်းတစ်လျှောက်မှတစ်ဆင့်

ဂူဝဆီသို့ စီးဆင်းသွားလေသည်။

ဂူဝမှ အမျိုးသမီးသည်လည်း ဂူတွင်းသို့ဝင်လာခဲ့သည်။

လင်းထက်ဆွေမှာ ယခုအချိန်တွင် သေရေးရှင်ရေးတမျှ အရေးကြီးနေပြီဖြစ်သည့်အတွက် ခေါင်းကို ဂရုမပြုမိစေရန်အတွက် စိတ်ကိုတည်ငြိမ်သမျှ တည်ငြိမ်အောင် ကြိုးစားထိန်းချုပ်ထားနေရသည်။

နီရဲပူလောင်သောသံရည်ပူများ ဂူဝသို့စီးဆင်းကျလာသည့်အတွက် ဂူတွင်းသို့ဝင်ရန် ဟန်ပြင်နေသောအနီရိပ်မှာ ရုတ်တရက် အပြင်ဘက်သို့ လျင်မြန်စွာ ခုန်ဆုတ်လိုက်ရသည်။

လင်းထက်ဆွေမှာ အတွင်းအားများကို အစွမ်းကုန် အသုံးချတွန်းပို့ထားရသဖြင့် အားအင်များ ကုန်ခန်းလုနီးရှိနေလေပြီ။

လင်းထက်ဆွေ၏မျက်လုံးအစုံသည် မီးဖိုထဲတွင် ရဲရဲညီးညီးထနေသော လက်မနှစ်ဆယ်ခန့်ရှိ နှစ်ဘက်သွားဓားကို စူးစိုက်ကြည့်နေလိုက်သည်။ ဤဓားကို သူ အပျက်အစီးမခံနိုင်ပေ။

ထိုစဉ်မှာပင် ဓားဖျားသည် မီးရောင်တွင် သောက်ရှူးကြယ်ကဲ့သို့ စူးရှစွာ တောက်ပလာသည်။

ဓားကို ထူးခြားသောသတ္တုတန်း၌ ချိတ်ထားသဖြင့် ရုတ်တရက် မလှုပ်ရှားဟု ထင်ရသော်လည်း မီးအိုးထဲမှသတ္တုရည်များ စီးကျလာသောအခါတွင်မူ ဓားသည်လည်း ထူးခြားစွာ လှုပ်ရှားလာပြီး လင်းထက်ဆွေရှိရာသို့ ဖျတ်ခနဲ ခုန်တက်လာလေတော့သည်။

သူ့အသည်းနှလုံးများ ပြောင်းဆန်သွားရလောက်အောင်



စိုးရိမ်သောကဖြစ်သွားမိသည်။

လင်းထက်ဆွေမှာ လက်နှစ်ဖက်ကို လျှပ်တစ်ပြက် မြှောက်တင်လိုက်ပြီး သူ့ထံသို့ တိုးဝင်လာသောဓားကို အတွင်းအားနှင့် ရိုက်ထုတ်လိုက်ရ၏။

"ဝုန်း...."

ကြက်သီးမွေးညင်း ထလောက်အောင် အသံကျယ်ကြီးမြည်ဟည်းလာပြီး လင်းထက်ဆွေ၏မျက်လုံးနှစ်လုံးမှာ ပြာဝေသွားရလေသည်။

မျက်လုံးထဲ ကြယ်ပွင့်ကြယ်ခက်များ ပြက်လက်လိုက်သကဲ့သို့ ပေါက်ကွဲလွင့်စဉ်သွားသည့်အလား ခံစားလိုက်ရသည်။

သူသည်လည်း သစ်ရွက်တစ်ရွက်ကဲ့သို့ လေအဟုန်တွင် လွင့်မျောနေပြီး သတိလက်လွတ်မေ့မြောသွားလေတော့သတည်း။

## အခန်း(၄)
## ထူးဆန်းစွာပျောက်ဆုံးခြင်း

အချိန်မည်မျှကြာမြင့်ခဲ့သည်ပင် မသိ။ သူ သတိရသောအခါ သူ့တစ်ကိုယ်လုံးမှာ အားအင်ကုန်ခန်းပြီး နုံးချည့်နေသည်။

အသက်ပင်ကျန်မှ ကျန်ပါသေး၏လောဟုပင် ထင်မှတ်မှားနေရသည်။

မှောက်လျက်အနေအထားမှ ပက်လက်လှန်ရန်ပင် အင်အားမရှိသည့်ဘဝသို့ ရောက်နေသည်။

သူသည် မျက်စိကိုအားယူ ဖွင့်ကြည့်လိုက်သည်။ သူ့မျက်လုံးများမှာ နေရောင်ကြောင့် ကျိန်းစပ်ဖန်တွသွားရသည်။

"ဩော်... နောက်တစ်နေ့ နေ့လည်တောင် ရောက်နေပါပေါ့လား"

မွန်းတည့်အချိန်ဖြစ်၍ အပြင်မှအလင်းရောင်သည် ဂူထဲသို့ပင် ရောက်ရှိနေသည်။



မနေ့ညက အဖြစ်အပျက်များကိုလည်း သူ သတိရလာသည်။

သူသည် ဘေးပတ်ဝန်းကျင်ကို မျက်လုံးဝေ့ဝဲကြည့်လိုက်သည်။

ဓားကို မည်သည့်နေရာတွင်မှ မတွေ့ရှိရသည့်အတွက် စိုးရိမ်ထိတ်လန့်သွားမိသည်။

"မနေ့ညက အနီရောင်အရိပ်ကများ ဒီဓားကိုယူသွားသလား၊ သူသာ ဒီဓားကို တကယ်ပဲ ယူသွားခဲ့တယ်ဆိုရင် ငါ ဘယ်လိုလုပ်မျက်နှာပြရဲတော့မလဲ၊ နောက်ပြီး ဆရာ့စကားအတိုင်း ဓားနှစ်လက်ကို ကျန်စီမြစ်ထဲ ဘယ်လိုလုပ်စွန့်ပစ်နိုင်တော့မလဲ"

စိုးရိမ်ကြောင့်ကြဖွယ်ရာပါဒများက သူ့အား ကုန်းရုန်းထစေရန် တွန်းအားပေးလာသည်။

ထို့နောက် မှောက်လျက်အနေအထားမှ တဖြည်းဖြည်းအားယူကာ ပက်လက်လှန်လိုက်သည်။

"ဟာ..."

လင်းထက်ဆွေ အံ့ဩသွားသည်။ အဘယ်ကြောင့်ဆိုသော် မီးဖိုထဲမှကန်ထွက်လာသောဓားကို သူထိုင်နေသည့်နေရာ၏ ကျောတည့်တည့်နံရံ၌ စိုက်နေသည်ကို တွေ့လိုက်ရသောကြောင့်တည်း။

အကယ်၍သာ ယမန်နေ့ညက ထိုဓားကိုအတွင်းအားဖြင့် မရိုက်ထုတ်နိုင်ခဲ့လျှင် သူ့ခန္ဓာကိုယ်အား ထုတ်ချင်းခတ် ထိုးဖောက်သွားမည်မှာ မလွဲကေန် ဖြစ်လေတော့သည်။

ထိုအတွေးကိုတွေးလိုက်မိသဖြင့် သူတစ်ကိုယ်လုံး ဇောချွေးများ ပြန်လာရသည်။

"အင်း… ကံကောင်းပေလို့ပဲ"

လင်းထက်ဆွေသည် သက်ပြင်းချလိုက်ပြီး တစ်ကိုယ်တည်း ရေရွတ်ညည်းညူမိလေတော့သည်။

ထို့ပြင် မနေ့ညက သူ့ဆရာနှင့်ရန်ဘက်တို့ တိုက်ခိုက်ခဲ့ကြသည်ကို ပြန်လည်သတိရလာ၏။

သူ့စိတ်ထဲတွင် ထင့်ခနဲ စိုးရိမ်သောကဖြစ်သွားမိသည်။ ဆရာဖြစ်သူ၏အခြေအနေကို သိလိုသဖြင့် ဂူနံရံကိုလက်ဖြင့် မှီတွယ်အားပြုကာ ဂူပြင်သို့ထွက်လာခဲ့သည်။

ဂူပေါက်ဝမြေပြင်ပေါ်တွင် ညကစီးကျလာခဲ့သော သံရည်ပူများမှာ အေးခဲသွားပြီး သံပြားချပ်ကြီးခင်းထားသကဲ့သို့ ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

ဂူပြင်သို့ရောက်လျှင် အေးမြသောလေပြည်က ပွေ့ဖက်ကျီစယ်သွားသဖြင့် လင်းထက်ဆွေမှာ လန်းလန်းဆန်းဆန်း ဖြစ်သွားရသည်။

ဂူပြင်သို့ရောက်၍ လန်းဆန်းမှုအပြည့်အဝ မရသေးမီမှာပင် လင်းထက်ဆွေသည် အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားရလေတော့သည်။

သူ၏ဆရာဖြစ်သော မိုးကြိုးသွားတား စီမာကမ်းစင်းမှာ မြက်ခြောက်များပေါ်တွင် မှောက်လျက်ကျနေသည်ကို တွေ့လိုက်ရ



သောကြောင့်ပင်တည်း။

"ဆရာ…"

အားအင်ကုန်ခန်းနေသဖြင့် သူ့ဝမ်းခေါင်းထဲမှ အသံကုန်ထုတ်အော်ဟစ်လိုက်သော်လည်း အသံသည် ခပ်ယဲ့ယဲ့သာ ထွက်ပေါ်လာသည်။

သူသည် ဆရာဖြစ်သူထံ ကိုယ်ကိုလိမ့်ချကာ တလိမ့်ချင်းလိမ့်ပြီး ကပ်သွားသည်။

စီမာကမ်းစင်း၏နှုတ်ခမ်းတွင် သွေးများ စီးကျနေပြီး မျက်နှာပြင်သည်လည်း စက္ကူဖြူတစ်ရွက်ကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

မျက်လုံးများမှာလည်း အရောင်မတောက်တော့ဘဲ မှိန်းညို့ကာ မျက်ကြောသေနေသကဲ့သို့ရှိသည်။ နှလုံးခုန်နှုန်းကလည်း အားရဖွယ်မရှိတော့ချေ။

သေခြင်းတရားသည် သူ့ဆရာ၏ လက်တကမ်းအကွာတွင် ရောက်ရှိနေပြီကို လင်းထက်ဆွေ သိရှိလိုက်ပေသည်။

လင်းထက်ဆွေသည် စီမာကမ်းစင်း၏လက်မောင်းကို ကိုင်လှုပ်လိုက်သည်။

ထို့နောက် နား၊နားကပ်ကာ နှိုးလိုက်ပြန်သည်။ စီမာကမ်းစင်းမှာ လှုပ်သည်ဆိုရုံမျှသာ လှုပ်ရှားလာခဲ့၏။

ထို့နောက် သူ့မျက်လုံးများက လင်းထက်ဆွေထံသို့ ရွေ့ပြောင်းလာလေ၏။

"မိုး... ကြို... သွား... စား"

လင်းထက်ဆွေက ကပျာကယာပင်....

"မိုးကြိုးသွားစား ထွက်လာပါပြီဆရာ"

"ကောင်း... ကောင်းတယ်၊ မင်း တော်ပါပေတယ်"

စီမာကမ်းစင်း၏မျက်နှာပြင်၌ သွေးရောင်များ လွှမ်းတက်လာသည်။

ထိုအချင်းအရာကို မြင်လိုက်ရသောအခါ လင်းထက်ဆွေအားတက်လာသည်။

ထိုအချိန်မှာပင် စီမာကမ်းစင်းက သူ၏လက်ကောက်ဝတ်ကို ဆတ်ခနဲ ဖမ်းကိုင်လိုက်၏။

"ဆရာအခြေအနေ ကောင်းလာပြီလား"

လင်းထက်ဆွေက အားပါးတရ မေးလိုက်၏။

သို့သော်....

"မင်းရဲ့အတွင်းအားတွေကို ချက်ချင်း လှည့်ပတ်လိုက်စမ်း"

စီမာကမ်းစင်းက အားတင်းသောအသံဖြင့် ခပ်မာမာ ပြောလိုက်သည်။

တမုဟုတ်ချင်းမှာပင် လင်းထက်ဆွေ၏ကိုယ်တွင်း သွေးကြောထဲ၌ ပူနွေးသောအားလှိုင်းတစ်ခု စီးဝင်လာသည်ကို ခံစားလိုက်ရသဖြင့် လင်းထက်ဆွေ ထိတ်လန့်သွားလေတော့သည်။

"ဆရာ ဒီလိုမလုပ်ပါနဲ့"

"မင်း ငြိမ်နေ... ဟုတ်ပြီ၊ ဒီလိုဖြစ်ရမှာပေါ့၊ ဒါဟာ မင်းကို



ဆယ့်ငါးနှစ်လုံးလုံး ပြုစုစောင့်ရှောက်ခဲ့ရတဲ့ ငါ့ရဲ့နောက်ဆုံးမေတ္တာစေတနာပဲ"

အဘိုးအိုစီမာက ကျေကျေနပ်နပ်ကြီး ပြောချလိုက်သည်။ သူ၏စကားဆုံးပြီးမကြာမီမှာပင် လင်းထက်ဆွေ၏လက်ကောက်ဝတ်ကို ဆုပ်ကိုင်ထားသော လက်ချောင်းကလေးများမှာ အရုပ်ကြိုးပြတ်သကဲ့သို့ ခေါက်ခနဲ ပြုတ်ကျသွားရှာတော့သည်။

လင်းထက်ဆွေ၏တစ်ကိုယ်လုံးမှာ ဂူထဲမှထွက်ခွာစကလို မဟုတ်တော့ပေ။ အားအင်ပြည့်ဖြိုးလာသကဲ့သို့ လန်းလန်းဆန်းဆန်းရှိလာသည်။

သို့သော် ဆရာဖြစ်သူစီမာကမ်းစင်း၏အဖြစ်ကို ကြည့်လိုက်သည့်အခါတွင်မူကား....

စီမားကမ်းစင်း၏ဖြူဖျော့သောမျက်နှာတွင် အပြုံးကလေးတစ်ပွင့်တွေ့နေရသည်ကား မှန်ပါ၏။

တပည့်ဖြစ်သူအား သူ၏အတွင်းအားများ မျိုးဆက်ဖြန့်ဆက်ပေးနိုင်ခဲ့သဖြင့် ကျေနပ်သောအပြုံးကလေးသာ ဖြစ်ပါသည်။

သို့သော် သူ့ဝိညာဉ်ကား သူ့ခန္ဓာကိုယ်ထဲ၌ မရှိရှာတော့ပေ။

လင်းထက်ဆွေမှာ ဆရာ့အလောင်းကိုဖက်၍ ငိုရှာလေတော့၏။

သူသည် အားရအောင် ရှိုက်ကြီးတငင် ငိုကြွေးပြီးနောက် စီမာကမ်းစင်း၏ရုပ်အလောင်းကို ဝမ့်ပေါင်တောင်တန်းပေါ်ရှိ ခုနစ်စင်ကြယ်တောင်ကုန်းပေါ်တွင် မြှုပ်နှံသင်္ဂြိုလ်ရန် ပြင်ဆင်ရတော့သည်။

ထိုသို့ပြင်ဆင်နေစဉ်မှာအတွင်း သူ့ဆရာ၏ အင်္ကျီလက်စအတွင်းမှ လုံးချေထားသောစက္ကူလုံးတစ်ခု ထွက်ကျလာသည်ကို အံ့သြဖွယ် တွေ့ရှိလိုက်ရသည်။

သူသည် စက္ကူလုံးကို စိတ်ဝင်စားခြင်းမရှိသော်လည်း သူ့ဆရာ၏ ကြွင်းကျန်ရစ်သော ပစ္စည်းတစ်ခုဖြစ်သည့်အတွက် ကောက်ယူလိုက်၏။

ထိုစက္ကူလုံးကလေးမှာ ပန်းနွယ်ပန်းခက်များ အနားကွပ်ထားသော စက္ကူတစ်ရွက် ဖြစ်နေသည်။

ထိုတဒင်္ဂအတွင်း၌ လင်းထက်ဆွေ၏စိတ်အတွင်း၌ လွန်ခဲ့သည့်သုံးရက်ခန့်က သူတွေ့လိုက်ရသော အနီရောင်အရိပ်တစ်ရိပ်နှင့် ပတ်သက်နေလေမည်လားဟု ရုတ်တရက် စဉ်းစားမိလိုက်သည်။

ထို့ကြောင့် စက္ကူကိုစိတ်ဝင်တစား ဖြန့်ကြည့်လိုက်ရာ အတွင်း၌ လှပပိုင်းစက်သောအမျိုးသမီးလက်ရေးဖြင့် ရေးသားထားသည့် စာလုံးများကို တွေ့လိုက်ရတော့သည်။



"ငါ့ အချစ်ဆုံးသားကိုခေါ်သွားတာ ဆယ့်ငါးနှစ်ပြည့်ပြီ၊ နောက်သုံးရက်ကြာလျှင် ဆက်ဆက်ပြန်ပေးပါ"

စာပါအကြောင်းအရာမှာ တိုတိုတုတ်တုတ်ပင်။ ဖွဲ့နွဲ့ခြင်းမရှိပေ။

စာ၏အောက်တွင် လက်မှတ်ရေးထိုးထားခြင်းလည်း မရှိပေ။ သို့ရာတွင် အနီရောင်ငှက်တောင်မွေးတစ်ခုရေးဆွဲထားသည်ကိုမူ တွေ့လိုက်ရသည်။

လင်းထက်ဆွေသည် ထိုစာကိုဖတ်နေရင်းမှ လက်နှစ်ဖက်စလုံး တုန်ယင်၍လာသည်။ သူ့ခေါင်းထဲသို့ အတွေးပေါင်းစုံတွန်းထိုးဝင်ရောက်လာလေသည်။

"လွန်ခဲ့တဲ့သုံးရက်က ငါတွေ့လိုက်ရတဲ့အနီရောင်လူရိပ်ဟာ ဒီစာကိုလာပေးတဲ့သူပဲ ဖြစ်ရမယ်၊ ဒါကြောင့် ဆရာက သူနဲ့တွေ့ဖို့ လက်ခံလိုက်တာပဲ၊ ဒီလောက် လှပပိုင်းစက်တဲ့လက်ရေးဟာလဲ မိန်းမတစ်ယောက်ရဲ့လက်ရေးပဲ ဖြစ်ရမယ်၊ စာထဲမှာ ရေးထားတာက ငါ့အချစ်ဆုံးသားတဲ့၊ သူ့အချစ်ဆုံးသားဆိုတာက ဘယ်သူလဲ၊ ဆရာက သူ့သားကိုများ ခေါ်သွားခဲ့သလား၊ အို... တိုက်ဆိုင်လှချည်လား၊ သူ့သားကိုခေါ်သွားတာ ဆယ့်ငါးနှစ်ရှိပြီတဲ့၊ ငါနဲ့ဆရာ အတူတကွ နေလာခဲ့တာလဲ ဆယ့်ငါးနှစ်ရှိခဲ့ပြီပဲ"

လင်းထက်ဆွေ ဇဝေဇဝါဖြစ်သွားရသည်။ သူ့ဆရာ၏ရုပ်အလောင်းကို နားမလည်နိုင်စွာ လှမ်းကြည့်လိုက်သည်။

သူ့ဆရာ၏ လေးစားဖွယ်ရာအပြုံးကို မြင်လိုက်ရသောအခါ တွင် သူ့ရင်ထဲမှ သံသယသည်လည်း လေနှင်သည့်တိမ်ပမာ လွင့်စဉ် သွားရပြန်သည်။

"အင်း... မဖြစ်နိုင်ပါဘူးလေ၊ ဒီစာထဲမှာပါတဲ့ အချစ်ဆုံးသား ဆိုတာ ငါ မဖြစ်နိုင်ဘူး၊ တခြားတစ်ယောက်ပဲ ဖြစ်ရမယ်၊ တကယ်လို့သာ ဆရာဟာ ငါ့ကိုဖမ်းဆီးခေါ်ဆောင်လာခဲ့တယ်ဆိုရင် ကိုယ့်ရင် သွေးတစ်ယောက်လို ဂရုတစိုက် ပြုစုစောင့်ရှောက်မှာမဟုတ်ဘူး၊ အခုတော့ ဆရာက ငါ့ကိုသားအရင်းလိုပဲ ချစ်တယ်၊ ဂရုစိုက်တယ် မဟုတ်နိုင်ဘူး၊ ငါဟာ ဒီစာထဲက အချစ်ဆုံးသားဆိုတာ ဘယ်နည်း နဲ့မှ မဖြစ်နိုင်ဘူး"

ယင်းသို့တွေးလိုက်သောအခါမှ လင်းထက်ဆွေ၏ရင်ထဲ၌ ပေါ့ပါးသွားရသည်။ သို့သော သူ ဆက်တွေးသေးသည်။

"ဆရာနဲ့ငါ့အဖေဟာ တစ်ချိန်တုန်းက အလယ်ပိုင်းမြေပြန့် ဓားနှစ်လက်ဆိုပြီး နာမည်ကြီးခဲ့တယ်၊ တစ်ယောက်နဲ့တစ်ယောက် ညီအစ်ကိုအရင်းတမျှ ချစ်ခင်ခဲ့ကြတယ်၊ တကယ်လို့ ငါ့အမေသာ အသက်ရှင်နေမယ်ဆိုရင် ဒီလို မောက်မောက်မာမာရေးပြီး ငါ့ကိုလာ တောင်းမှာ မဟုတ်ဘူး"

ထို့နောက် လင်းထက်ဆွေမှာ စက္ကူစာရွက်ကလေးကို အသေအချာ အကျအနခေါက်ပြီး အိတ်ထဲသို့ထည့်ထားလိုက်သည်။

သူ့ဆရာ၏ရုပ်အလောင်းကို ကောင်းမွန်စွာ မြေမြှုပ် သင်္ဂြိုဟ်လိုက်ပြီးလျှင် မြေပုံမှိုမှိုရှေ့၌ ဒူးထောက်ထိုင်ချလိုက်သည်။



"ဆရာ... ကျွန်တော်ဆရာ့ကို ကန်တော့ခဲ့ပါတယ်၊ ဆရာ့ အမှာစကားအတိုင်း အလယ်ပိုင်းမြေပြန့်သိုင်းလောကကို ကျွန်တော် သွားပါတော့မယ်၊ ကျွန်တော်ကိစ္စသုံးရပ်လုံး အောင်မြင်အောင်ဆောင် ရွက်ပါ့မယ်လို့ ဆရာ့ကိုကတိကဝတ်ပြုပါတယ်၊ ပထမကိစ္စကတော့ ကျွန်တော့်အဖေကိုသတ်သွားတဲ့လူကို ရှာဖွေပါ့မယ်၊ ဒုတိယ ဆရာ့ကို သတ်သွားတဲ့လူကို မတွေ့တွေ့အောင်ရှာပါ့မယ်၊ တတိယအနေနဲ့ ဆ ရာမှာကြားခဲ့တဲ့အတိုင်း သက်တန့်ပုံဓားနဲ့ မိုးကြိုးသွားဓားကို ကျွန်စ် မြစ်ထဲ သွားရောက်စွန့်ပစ်လိုက်ပါ့မယ်၊ တမလွန်ကနေ ဆရာ စောင့် ကြည့်နေပါခင်ဗျာ"

လင်းထက်ဆွေ မြေပုံရှေ့တွင် ကတိသစ္စာပြုတိုင်တည် လိုက်ပြီးလျှင် ဆရာအား နောက်ဆုံးအဖြစ် ဂါရဝပြုကန်တော့သည်။

ထို့နောက် သူသည် ဂူဆီသို့ လျှောက်လှမ်းလာခဲ့လေတော့ သည်။

ဂူတွင်းသို့ခြေလှမ်းတစ်လှမ်း လှမ်းမိလိုက်ရုံနှင့်သူ စိုးရိမ် ထိတ်လန့်သွားရပြန်သည်။

စောစောက နံရံတွင် စိုက်ဝင်နေသော မိုးကြိုးသွားဓားမှာ ပျောက်ချင်းမလှ ပျောက်ဆုံးသွားသောကြောင့်ပေတည်း။

သူသည် ဂူတွင်း၌ အနှံ့အပြားလိုက်လံရှာဖွေသော်လည်း အစအနမျှပင် မတွေ့ရချေ။

ပိုမို၍ သေချာစေရန် မြက်ခြောက်ပုံများ၊ ပြာပုံများကိုလှန် လှောရှာဖွေသော်လည်း အချည်းနှီးပင်ဖြစ်သည်။

"ဘယ်လိုလဲ... စောစောက ငါ ဒီဂူထဲကမထွက်ခင် ဒီဓား ဟာ ဂူနံရံမှာပဲ စိုက်နေပါသေးတယ်၊ ခု ဘယ်လိုဖြစ်သွားတာလဲ၊ ဘယ်သူ ငါမသိခင် လာခိုးသွားရတာလဲ"

လင်းထက်ဆွေသည် ဂူနံရံသို့သွားရောက်စစ်ဆေးသည်။

ဂူနံရံထက်၌ မိုးကြိုးသွားဓား စိုက်နေသည့်နေရာကို တွေ့ရှိရသဖြင့် သူ အားအင်ကုန်ခမ်းပြီး ထင်မိယောင်မှား မြင်တွေ့ခဲ့ရခြင်း မဟုတ်ကြောင်း သေချာသွားသည်။

ထိုအခါကျမှ သူ ခြေပစ်လက်ပစ်ဖြစ်ရတော့၏။ အဘယ် ကြောင့်ဆိုသော် သူ့ဆရာသည် ကျိုးပဲ့နေသောမိုးကြိုးသွားဓားကို ဆယ့်ငါးနှစ်တိုင်တိုင် မပျောက်မရှပြုပြင်နိုင်ခဲ့သော်လည်း သူ့ကိုလွှဲ ပေးခဲ့သည့်သုံးရက်အတွင်း၌ မိုးကြိုးသွားဓားကို သူ မထိန်းသိမ်းနိုင် ခဲ့သည့် အတွက်ကြောင့်ပင်တည်း။

ထို့ပြင် ဤဓားသည် သူ့တာဝန်တစ်စိတ်တစ်ပိုင်းဖြစ်နေ၏။ သူ့ဖခင်၏သက်တန့်ပုံ့ဓားကိုရရှိပါက ကတိအတိုင်း ကျန်စီမြစ်ထဲသို့ ဤဓားနှင့်အတူ စွန့်ပစ်ပေးရမည်မဟုတ်ပါလား။

ယခု အခြားဓားတစ်လက်မတွေ့ရသေးမီ မိမိ၏လက်ထဲမှ ဓားက ပျောက်ဆုံးသွားခဲ့ပေပြီ။

လင်းထက်ဆွေမှာ ဝမ်းနည်းစိတ်ပျက်လွန်းသဖြင့် ခေါင်း ငိုက်စိုက်ကျသွားရလေ၏။

နေစောင်းလာပြီဖြစ်သဖြင့် ဂူတွင်းဝယ် အလင်းရောင်အား မှိန်ဖျော့လာသည်။



လင်းထက်ဆွေသည် ဂူထဲ၌ စိတ်ဓာတ်ကျဆင်းစွာ ငူငူကြီး ထိုင်နေမိသည်။

တိတ်ဆိတ်ငြိမ်သက်ခြင်းသည် သူ၏ဝမ်းနည်းကြေကွဲမှုနှင့် ပူပင်သောကရောက်ရှိမှုကို အဆုံးအစမရှိ မွေးဖွားပေးနေလေသည် တကား။

## အခန်း(၅)
## သိုင်းလောကတံခါးသို့အဝင်

လင်းထက်ဆွေသည် ဆယ့်ငါးနှစ်တာကာလလုံး အေးအေး ချမ်းချမ်း တည်တည်ငြိမ်ငြိမ်နေလာခဲ့ရသော ဂူကလေးနှင့် ခုနစ်စဉ် ကြယ်တောင်ကုန်းကလေးကို စိတ်မကောင်းခြင်းကြီးစွာ နောက်ဆုံး အနေဖြင့် ကြည့်ရှုကာ ချာခနဲ လှည့်ထွက်လာခဲ့တော့သည်။

လင်းထက်ဆွေသည် ငယ်စဉ်ကတည်းက ယခုထိတိုင် ဝမ့် ပေါင်တောင်တန်းပေါ်ရှိ တောင်ထွတ်သုံးဆယ့်ခြောက်ခုနှင့် လိုဏ်ဂူ ဆယ့်ရှစ်ခုမှလွဲ၍ မည်သည့်နေရာမှ ရောက်ရှိဖူးသူမဟုတ်ပေ။

ယခုကဲ့သို့ ရုတ်တရက် ထွက်ခွာလာခဲ့သောအခါ မည်သည့် အရပ်သို့ ဦးတည်သွားရမည်ကို မစဉ်းစားတတ်တော့ပေ။

ဖခင်နှင့်သူ့ဆရာကိုသတ်သွားသည့်ရန်သူအား ရှာဖွေရမည် ဖြစ်သော်လည်း မည်သည့်အရပ်တွင်ရှာဖွေရမည်ကို မသိနိုင်အောင် ဖြစ်နေရတော့သည်။



ကောက်ရိုးပုံထဲ ကျသွားသောအပ်ကို ရှာရသည်ကမှ လွယ် ဦးမည်မဟုတ်ပါလား။

လင်းထက်ဆွေသည် အကြံတုံး ဉာဏ်တုံးနဖိန်းတုံး တစ် ယောက်တော့ မဟုတ်ပေ။

ထို့ကြောင့် တောင်ပေါ်မှမဆင်းမီကတည်းက သူလုပ်ရမည့် တာဝန်များကို အစီအစဉ်ချသည်။

သူသည် ပထမဦးစွာ ဆယ့်ငါးနှစ်လုံးလုံး သူ့ဆရာ၏ သွေး ချွေးတို့ဖြင့် ရင်းနှီးပြုလုပ်ခဲ့ရသော မိုးကြိုးသွားစားကို ရှာဖွေရမည် ဖြစ်သည်။

သို့သော် သူ မည်သည့်အရပ်ဒေသတွင် သွားရောက်ရှာဖွေရ မည်နည်း။ မည်သည့်အထောက်အထားဖြင့် သူ ရှာဖွေရမည်နည်း။

တစ်ခုတော့ရှိသည်။ သူ့တွင်ရှိသောသဲလွန်စမှာ သူ သေသေ ချာချာမသိသော အနီရောင်ဝတ်စုံဝတ် မိန်းမတစ်ယောက်၊ ငှက် တောင်မွှေးသင်္ကေတ ခပ်နှိပ်ထားသော စာကလေးတစ်စောင်ကို သဲ လွန်စအဖြစ် ကောက်ယူကာ ထိုမိန်းမကို ပထမဆုံး ရှာဖွေရမည် ဖြစ်ပေသည်။

သို့ရာတွင် သိုင်းလောကဆိုသည်မှာ ဖြူသလား မည်းသ လား သူမသိပေ။

"ခစ်... ခစ်... ခစ်"

ရုတ်တရက် ရယ်သံကြားလိုက်ရသဖြင့် လင်းထက်ဆွေ လန့် သွားသည်။

"ဘယ်သူလဲ"

လင်းထက်ဆွေက လေသံမာမာဖြင့် မေးလိုက်၏။

သို့သော် ဖြေသံမကြားရပေ။ ရယ်သံသည်သာ တဖြည်းဖြည်း ဝေး၍ဝေး၍ သွားနေသည်။

လင်းထက်ဆွေ၌ သိုင်းလောကအတွေ့အကြုံမရှိပေ။ 'သစ်တောမြင် တိုးမဝင်နဲ့'ဟူသော သိုင်းလောက၏ အန္တရာယ်သတိပေး ဆောင်ပုဒ်ကိုလည်း သူ မသိရှိပေ။

ရှားရှားပါးပါးကြားရသောရယ်သံရှင်သည် သူ့စားကို ယူသွားသော မိန်းမဖြစ်နိုင်သည်ဟုယူဆပြီး ရယ်သံပျောက်ကွယ်သွားရာ သစ်တောထဲသို့ ပြေးလိုက်လေတော့သည်။

ထိုနေရာသို့ သူ ခုန်ပျံရောက်ရှိသွားသောအခါ ဘာမှမတွေ့ရှိရတော့ပေ။

အနီရောင်မိန်းမသည် သူ၏သံသယကို ကြီးထွားစေသော မိန်းမဖြစ်နေသည့်အားလျော်စွာ ပို၍ ဒေါသထွက်လာရသည်။

သူ့စိတ်ထဲတွင်လည်း....

"ဒါဟာ ဟိုနေ့ညက တွေ့ခဲ့ရတဲ့အနီရောင်အရိပ်ပဲ... ဆရာကိုသတ်သွားတဲ့ရန်သူဟာလဲ သူပဲ ဖြစ်ရမယ်"

လင်းထက်ဆွေသည် ကိုယ်ဖော့ပညာဖြင့် ရုတ်တရက် ခုန်ပျံပြေးလိုက်သွားသည်။

သစ်ရွက်ကြွေသံမှတစ်ပါး ဘာမျှမကြားရသလို အနီရောင်အရိပ်သည်လည်း စုပ်စုမြုပ်စ ပျောက်ကွယ်သွားတော့သည်။



သူသည် အသံပျောက်ကွယ်သွားရာသို့ မှန်းဆလိုက်လာရာမှ တောအုပ်၏ပြင်ပသို့ ရောက်ရှိလာတော့သည်။

ထိုစဉ် ခပ်ဝေးဝေးဆီမှ မြင်းခွာသံ တဖြောင်းဖြောင်းကို ကြားလိုက်ရသဖြင့် အသံကြားရာသို့ လှမ်းကြည့်မိသည်။

"ဟင်..."

သန်မာလှသောမြင်းတစ်ကောင်သည် လေးညှို့မှလွှတ်လိုက်သော မြားတစ်စင်းအလား သူ့ဆီသို့ တဟုန်ထိုး ပြေးဝင်လာတော့သည်။

သူသည် လမ်းဘေးသို့ ကမန်းကတန်း ခုန်ရှောင်လိုက်၍သာ မြင်းအနင်းခံရမည့်ဘေးမှ သီသီလေး လွတ်မြောက်သွားသည်။

"ခစ်... ခစ်... ခစ်"

မြင်းက သူ့ဘေးမှဖြတ်သွားလျှင် တခစ်ခစ် လှောင်ရယ်လိုက်သံကိုပါ သူ ကြားလိုက်ရသဖြင့် ဆတ်ခနဲ ဖြစ်သွားပြီး မြင်းနောက်သို့ ပြေးလိုက်တော့သည်။

မြင်း၏ပြေးနှုန်းမှာ လျှင်မြန်လွန်းလှသဖြင့် ရိပ်ခနဲ ရိပ်ခနဲ ဝေးကွာသွားသည်။

ခွာဖြင့်ယက်ခဲ့သောဖုန်လုံးများမှာလည်း အလိပ်လိုက်ဖြစ်နေသဖြင့် လင်းထက်ဆွေမှာ မြင်းနောက်သို့မလိုက်နိုင်တော့ပေ။ သို့သော် သူတစ်ခုတော့ သတိပြုမိသည်။

ထိုအမျိုးသမီးကား အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားသော အမျိုးသမီး ဖြစ်နေခြင်းပင်တည်း။

ထို့ပြင် မျက်နှာ၌ ပဝါတစ်ထည်ရစ်ပတ်ထားသဖြင့် အမျိုးသမီး၏ အသက်အရွယ်နှင့်ရုပ်ရည်ရူပကာကို သူ့အနေဖြင့် မှတ်မိခြင်း မရှိတော့ပေ။

သို့သော် လင်းထက်ဆွေ စိတ်မလျှော့ပေ။ ထိုမြင်းထွက်ခွာရာအရပ်သို့ ဦးတည်ပြီး မနှေးမမြန် ခပ်မှန်မှန် လိုက်သည်။

ဤသို့မှမလိုက်လျှင်လည်း သူ့အတွက် သဲလွန်စမှာ သူ့လက်ထဲရှိ စာကလေးတစ်စောင်သာရှိတော့မည် မဟုတ်ပါလား။

သူသည် ဝမ့်ပေါင်တောင်တန်း၌သာ ကြီးပြင်းခဲ့ရသူဖြစ်သည်။

အဝတ်အစားများကိုလည်း ဆရာဖြစ်သူ စီမာကမ်းစင်းက ရှာဖွေခဲ့ခြင်းသာဖြစ်သည်။ ကျေးရွာမြို့ရပ်တို့ကို ရောက်ဖူးသူမဟုတ်ပေ။

ယခုပြေးရင်းလွှားရင်း မြို့ငယ်ကလေးတစ်မြို့ကို ဆိုက်ရောက်လာသောအခါ သူသည် တောင်ငေးမြောက်ငေး ကြည့်မိလေတော့သည်။

"ဝုန်း...."

ဘေးဘီကိုငေးမောရင်း ပြေးလာသောလင်းထက်ဆွေသည် သူ့ရှေ့မှ လူနှစ်ယောက်ကို ဝင်တိုက်မိတော့၏။



သူပြေးလာသည့်အရှိန်ကြောင့် လည်းကောင်း... သိုင်းပညာအင်အားကြောင့်လည်းကောင်း... အတိုက်ခံရသူနှစ်ဦးစလုံး ဒလိမ့်ခေါက်ကွေးလဲကျသွားတော့သည်။

"ဟေ့ကောင်... မင်းမှာ မျက်လုံးမပါဘူးလား"

လဲကျသွားသူနှစ်ဦးအနက် တစ်ဦးက စိတ်ဆိုးမာန်ဆိုးပြောလိုက်သည်။

လင်းထက်ဆွေမှာ ပြူးပြူးပျာပျာဖြင့် တောင်းပန်မိရာသည်။

"ကျွန်... ကျွန်တော် မမြင်လို့ပါဗျာ၊ တမင်တိုက်တာ မဟုတ်ပါဘူး၊ နောင်ကြီးတို့က ရှေ့တည့်တည့်မှာဖြစ်နေတော့...."

ထိုသူနှစ်ဦးမှာ လင်းထက်ဆွေ၏ ပျာပျာသလဲ တောင်းပန်ချက်ကိုလက်မခံနိုင်ဘဲ ဒေါသခိုးဝေသောမျက်လုံးများဖြင့် စူးစိုက်ကြည့်လိုက်သည်။

"ခွေးတိရစ္ဆာန်လေး... ငါတို့ရှေ့တည့်တည့်ရပ်နေတာကပဲ အပြစ်ဖြစ်နေတာလား၊ မင်း သိမယ်"

တစ်ယောက်သောသူမှာ ပြောလည်းပြော လင်းထက်ဆွေအား ရိုက်နှက်ရန်လည်း လက်ကိုရွယ်မြှောက်လိုက်သည်။

သို့သော် ထိုသူသည် ရိုက်မည်ဟန်ပြင်ပြီးမှ စိတ်ပြောင်းသွားပြီး မရိုက်တော့ဘဲ လင်းထက်ဆွေ၏အင်္ကျီရင်ဘတ်စကို လှမ်းဆွဲလိုက်သည်။

သူ၏ဆွဲကိုင်ခြင်းမှာ အားအင်အပြည့်ပါရှိသော်လည်း သိုင်း-

ပညာတတ်ထားသူ လင်းထက်ဆွေသည် အလိုလို ရှောင်ပြီးသားဖြစ်သွားသည်။ ထို့ကြောင့် မဖမ်းနိုင်ဘဲ လွတ်ထွက်သွား၏။

လင်းထက်ဆွေက အနူးအညွတ်ပင် တောင်းပန်စကားဆိုသည်။

"တောင်းပန်ပါတယ်ခင်ဗျာ... ကျွန်တော့်ပေါ့လျော့မှုကြောင့် မတော်တဆ ဖြစ်ရတာပါ"

သူ၏စကားမဆုံးခင်မှာပင် အကျီစကိုဖမ်းကိုင်လိုက်သောသူက ပြင်းထန်လှသောရိုက်ချက်တစ်ချက်ကို ရိုက်ထုတ်လိုက်သည်။

"ဗိုး..."

လင်းထက်ဆွေက ကိုယ်ကိုယို့ပြီး ရှောင်တိမ်းပေးလိုက်၏။

ထိုသူ၏ရိုက်ချက်မှာ လွဲချော်သွားတော့သည်။ ထိုသူသည် လင်းထက်ဆွေက ရှောင်တိမ်းပေးလိုက်သဖြင့် ရိုက်အား လွန်သွားပြီး မြေကြီးပေါ်သို့ဗိုင်းခနဲ လဲကျသွားရတော့သည်။

"ဟား... ဟား... ဟား"

ယင်းကဲ့သို့မြေကြီးပေါ်တွင် ရုပ်ပျက်ဆင်းပျက် လဲကျသွားရသည့်အတွက် နံဘေးမှခရီးသွားလာနေကြသူများက ရယ်မောကြတော့သည်။

ကျန်တစ်ယောက်မှာ သူ့အဖော်ဖြစ်သူ အရှက်တကွဲ အကျိုးနည်းဖြစ်သည်ကို မြင်လိုက်ရသောအခါ ဒေါပုန်းပုန်း ထသွားပြီး စိတ်ဆိုးမာန်ဆိုး အော်ငေါက်တော့သည်။

"ခွေးတိရစ္ဆာန်လေး... မင်းက ငါ့လူကို အရှက်ခွဲတယ်



ပေါ့လေ... ဟုတ်လား"

စကားဆုံးသည်နှင့်တစ်ပြိုင်နက် လင်းထက်ဆွေဆီသို့ ကျားသစ်တစ်ကောင်အလား ခုန်အုပ်လိုက်လေသည်။

လဲကျသွားသောတစ်ယောက်မှာလည်း ကိုယ်ပေါ်တွင် ပေကျံနေသောဖုန်များကို ပြောင်စင်အောင် ခါထုတ်ခြင်းမပြုနိုင်ဘဲ ငေါက်ခနဲထကာ လက်သီးဖြင့် လှမ်းထိုးပြန်သည်။

လင်းထက်ဆွေသည် နှစ်ဘက်မှ ပူးညှပ်တိုက်ခိုက်လာသောအခါ ငှက်တစ်ကောင်ကဲ့သို့လျှောခနဲ ရှောင်ထွက်သွားတော့သည်။

"ဝုန်း..."

"အား..."

ထိုသူနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ထိုးကြိတ်မိကြတော့၏။ ထိုအခါ သူတို့၏ဒေါသမီးကို လုံးဝငြိမ်းသတ်၍ မရတော့ပါ။

"နောင်ကြီးတို့နှစ်ယောက်... ခဏလောက်... ခဏလောက်"

သူ၏ တောင်းပန်စကားမဆုံးမီမှာပင် ပြင်းထန်လှသော လက်ဝါးနှစ်ဖက်က ဖြန်းခနဲ တိုက်ခိုက်လာပြန်သည်။

လင်းထက်ဆွေသည် သည်တစ်ကြိမ်တွင်တော့ မရှောင်တော့ဘဲ လက်ဝါးကာ၍ တားဆီးလိုက်သည်။

"ဝုန်း..."

"အင့်..."

"အား…"

လင်းထက်ဆွေမှာ သူ့ကိုယ်တိုင် ဆယ့်ငါးနှစ်လုံးလုံး လေ့ကျင့်ခဲ့ရသောအတွင်းအားများအပြင် သူ့ဆရာက ကူးလူးဖြည့်စွမ်းပေးလိုက်သောအတွင်းအားများ သူ့ကိုယ်ထဲ၌ မည်မျှရောက်ရှိနေသည်ကို သတိမထားမိတော့ဘဲ သူ့ဆရာနှင့် လေ့ကျင့်နေခဲ့သည့်အတိုင်း အားကုန်ထုတ်သုံးကာကွယ်လိုက်မိသည်။

ထိုလူနှစ်ယောက်မှာ ပြင်းထန်လှသော ရေလှိုင်းလုံးတစ်ခုဖြင့် ရိုက်ပုတ်ခြင်းခံလိုက်ရသည့်အလား ဘေးနှစ်ဘက်ဆီသို့လွင့်စဉ်သွားကြတော့၏။

လင်းထက်ဆွေမှာ မထင်မှတ်ဘဲ ဤသို့ဖြစ်သွားရသည့်အတွက် အံ့အားသင့်ငေးကြောင်သွားမိသည်။

လမ်းသွားလမ်းလာပရိသတ်များမှာမူ လင်းထက်ဆွေအား လက်ခုပ်လက်ဝါးတီးကာ ဩဘာပေးကြ၏။

လဲကျလွင့်စဉ်သွားသောလူနှစ်ယောက်မှာ ရှည်လည်းရှက်၊ နာလည်းနာကျင်၊ ရန်ပြုရန်လည်း မစွမ်းနိုင်မှန်းသိသဖြင့် အဝေးမှ အော်ဟစ်ကြိမ်းမောင်းကြသည်။

"တောက်… မင်း သတ္တိရှိရင် ဒီနေရာမှာ စောင့်နေ"

"ကျွန်တော်… ကျွန်တော်… တောင်း… တောင်း…"

လင်းထက်ဆွေ၏စကားမဆုံးခင်မှာပင် ထိုသူနှစ်ယောက်မှာ မြို့ပြင်ဘက်ဆီသို့ ရုတ်ခနဲ ပြေးထွက်သွားကြလေတော့သည်။

လင်းထက်ဆွေမှာ ဘာမျှမတတ်နိုင်တော့ဘဲ ထိုသူနှစ်ဦး၏



ကျောပြင်ကိုသာ ငေးကြည့်နေမိတော့သည်။

သူသည် တိုးဝှေ့ဝိုင်းအုံကြည့်ရှုနေကြသော လူအုပ်ကြီးကို ဖယ်ရှားပြီး မြို့တွင်းဆီသို့တည့်တည့်မတ်မတ် ဆက်လျှောက်လာခဲ့သည်။

လမ်းသွယ်နှစ်လမ်းခန့်ကို ဝင်ရောက်ရှာဖွေကြည့်သော်လည်း အနီရောင်အမျိုးသမီး၏ အရိပ်အယောင်ကို မတွေ့ရှိရပေ။

သူသည် စိတ်ပျက်အားလျော့ပြီး မြို့လယ်လမ်းမပေါ်သို့ ဖြတ်လျှောက်လိုက်ရာ အရက်ဆိုင်တစ်ဆိုင်ရှေ့ရှိ သစ်ပင်အောက်၌ အနီရောင်အမျိုးသမီးစီးသွားသည့်မြင်းကြီးကို ရုတ်တရက် တွေ့လိုက်ရတော့သည်။

"ဟာ… ဒါ… ဒါ ဟိုအမျိုးသမီးစီးသွားတဲ့မြင်းပဲ၊ ကံကောင်းလို့… ကံကောင်းလို့"

လင်းထက်ဆွေ ဝမ်းသာအားရ ရေရွတ်လိုက်သည်။

သူသည် လုံးဝတုံ့ဆိုင်းမနေတော့ဘဲ ဆိုင်ရှိရာသို့ တန်းတန်းမတ်မတ် လျှောက်သွားတော့သည်။

သူသည် ဆိုင်လှေကားထစ်များမှတစ်ထစ်ချင်း လှမ်းတက်သွား၏။ ဤသို့ဖြင့် ဆိုင်ထဲသို့ရောက်ရှိသွားလေတော့သည်။

ဆိုင်အဝင်ဝကို မျက်နှာမူထားသည့်စားပွဲတစ်လုံးတွင် တစ်ကိုယ်လုံး နီရဲနေသောဝတ်စုံကို ဝတ်ဆင်ထားသည့် မိန်းမပျိုကလေးတစ်ဦး ထိုင်နေသည်။

ထိုမိန်းမပျိုကလေး၏မျက်နှာ၌ ပဝါလွှမ်းထားခြင်းမရှိပေ။

ပါးလုပသောနှုတ်ခမ်း၊ မို့အစ်နီထွေးသောပါးပြင်၊ ဖြောင့်စင်းသောနှာတံတို့ဖြင့် အလွန်တရာ လှပကြောင်း တွေ့ရှိလိုက်ရသည်။ သူ၏မျက်လုံးအစုံမှာလည်း စူးရှတောက်ပလှပေသည်။

လင်းထက်ဆွေမှာ ထိုမျက်လုံးမျိုးကိုမမြင်ဖူးသဖြင့် လှေကားအတက်တွင် ရှေ့ဆက်ရန်း နောက်ပြန်ဆုတ်ရန်းဖြစ်နေလေတော့သည်။

ဝတ်စုံအနီနှင့်မိန်းကလေးသည် လင်းထက်ဆွေချီတုံချတုံဖြစ်နေပုံကိုကြည့်ပြီး တခစ်ခစ် ရယ်မောတော့သည်။

"ဟင်... ဒီရယ်သံဟာ ငါ ကြားဖူးထားတဲ့ရယ်သံပဲ"

ထိုရယ်သံသည် လင်းထက်ဆွေအတွက် နားယဉ်နေသောရယ်သံဖြစ်ပေသည်။ တောအုပ်ထဲတွင်ကြားခဲ့ရသော ရယ်မောသံပင်တည်း။

သူသည် စဉ်းစားမနေတော့ဘဲ ခပ်သွက်သွက် လျှောက်လာပြီး မိန်းမပျို၏စားပွဲရှေ့တွင် ရပ်လိုက်သည်။ သူ၏လက်နှစ်ဖက်ကိုလည်း တိုက်ခိုက်ရန် အသင့်ပြင်ဆင်ထားလိုက်လေသည်။

"မင်း... မင်း... ငါ့ဆရာရဲ့ရန်သူမဟုတ်လား"

မိန်းမပျိုတစ်ယောက်နှင့် စကားစမြည်မပြောဖူးသည့်ရှက်စိတ်တို့ကြောင့် သူ့စကားမှာ အရင်းမရှိ အဖျားမရှိဘဲ ကမောက်ကမနိုင်လှပေသည်။

သူ့စကားနှင့်သူ့ပုံစံတို့ကြောင့် မိန်းမပျိုလေးမှာ ညီညာဖြူဖွေးသောသွားကလေးများ ပေါ်လာအောင်ပင် ရယ်မောပစ်လိုက်ပြန်သည်။



သူမ၏အပြုံးမှာ ပန်းချီကားကဲ့သို့ပင် လှပတင့်တယ်နေသည်။

သို့သော် လင်းထက်ဆွေမှာ ထိုအလှအပများကို ဂရုမစိုက်နိုင်အားချေ။ မျက်နှာထားကို စောစောကထက် ပိုမိုတင်းမာထားလိုက်ပြီး မိန်းမပျိုအား ငေါက်ငမ်းလိုက်သည်။

"ဘာရယ်တာလဲ"

"ရှင်က ရယ်စရာကောင်းနေတာကိုး"

"ဘာရယ်စရာကောင်းတာလဲ... မင်းက ငါ့ကို ဘာအောက်မေ့လို့လဲ"

မိန်းမပျိုမှာ မျက်နှာပိုးမသေနိုင်သေးဘဲ တိုးတိုးညင်းညင်းလေး ရယ်မိပြန်သည်။ ရယ်ရင်းမှပင်....

"ခစ်... ခစ်... ရှင့်ဆရာက ဘယ်သူလဲ၊ ကျွန်မ ဘယ်သူလဲဆိုတာကော ရှင် သိရဲ့လား"

"ငါ့ဆရာက ငါ့ဆရာပဲပေါ့၊ မင်းကိုတော့ ငါမသိဘူး"

"ဒါဆိုရင် ရှင်က ကျွန်မကို ရှင့်ဆရာရဲ့ရန်သူလို့ ဘာကြောင့်ပြောနိုင်တာလဲ"

လင်းထက်ဆွေ ဘာမျှပြန်မဖြေတတ်တော့။ အိုးတိုးအမ်းတမ်းအမူအရာနှင့် မိန်းမပျိုကို ကြောင်ကြည့်နေမိသည်။

မိန်းမပျိုမှာ ကိုယ်လုံးကလေးသိမ့်ခနဲနေအောင် ရယ်နေလေတော့သည်။

"ရယ်စရာကောင်းလိုက်တာရှင်... ခစ်... ခစ်... ခစ်"

သူမ၏ရယ်မောသံကလေးမှာ ဆည်းလည်းကလေးများလို လှုပ်ခတ်သွားသည်။

ဆိုင်ထဲမှလူများကလည်း လင်းထက်ဆွေအား ရယ်စရာကောင်းသည့်သတ္တဝါအလား ဝိုင်းကြည့်နေကြသည်။

လင်းထက်ဆွေမှာ ရှက်စိတ်မွန်လာသဖြင့် မျက်နှာတပြင်လုံး ရဲရဲတွတ်သွားတော့သည်။

မိန်းမပျိုကိုလည်း ဘာမှပြန်မပြောတတ်တော့။ ငူငူကြီးသာ ရပ်ကြည့်နေမိတော့သည်။

သူ့အတွက် ထွက်ပေါက်ရှာမရဘဲ အကျဉ်းအကျပ်ကျနေရ၏။

မိန်းမပျိုက နှုတ်ခမ်းကလေးကို အသာအယာ မဲ့ရွဲ့လိုက်ပြီး....

"ရှင် ဒီလောက်တောင် နောက်ကနေ တစ်ချိန်လုံး လိုက်လာခဲ့ရတာ ဘာမှစားရဦးမှာ မဟုတ်ဘူး၊ ဆာနေရောပေ့ါ... ဒီမှာထိုင်ပြီး တစ်ခုခုသုံးဆောင်ပါဦးလား"

မိန်းမပျို၏လေသံက တိုးညင်းညင်သာပြီး ဖော်ရွေမှုရှိနေသည်။

ထို့ပြင် ဤမိန်းမပျိုကလေးကို သူ့ဆရာ၏ရန်သူဟု တည့်တည့်လင်းလင်း မစွပ်စွဲနိုင်ပြန်ပေ။ ထို့ကြောင့် မျက်နှာထားနှင့် လေသံကို လျှော့ချလိုက်ရသည်။



"မဆာပါဘူး"

ပြောပြီးသည်နှင့်ဆိုင်တွင်းမှ လှည့်ထွက်သွားရန် ဟန်ပြင်လိုက်သည်။

သူ့ခြေမလှမ်းမီမှာပင် ဆိုင်ရှေ့မှလူသံသူသံများကို ကြားလိုက်ရ၏။

ဝတ်စုံနက်ဝတ်ဆင်ထားသူ လူဆယ်ယောက်သည် အရက်ဆိုင်ရှေ့သို့ ရောက်ရှိလာကြ၏။

သူတို့၏မျက်လုံးများမှာ ဒေါသကြောင့် တောက်ပြောင်နေကြပြီး လက်နက်များကို အဆင်သင့်ထုတ်ကိုင်လာကြသည်။

သူတို့ကို လူလတ်ပိုင်းလူတစ်ယောက်က ဦးဆောင်လာပေသည်။

ဦးဆောင်လာသူ၏မျက်နှာမှာ ရောဂါသည်တစ်ဦးကဲ့သို့ ဝါဖျော့ဖျော့အရောင်အဆင်းရှိပြီး ပိန်လှီလှသည်။

သို့ရာတွင် သူ့မျက်လုံးနှစ်လုံးမှာ စူးရှတောက်ပြောင်လွန်းလှပေသည်။

ထိုလူ၏ညာဘက်ဘေးမှ ကပ်လိုက်လာသူနှစ်ဦးမှာ လင်းထက်ဆွေနှင့် မြို့ထဲသို့အဝင်တွင် လူချင်းတိုက်မိသူနှစ်ဦးဖြစ်နေသည်။

ထိုသူနှစ်ဦးသည် လင်းထက်ဆွေကိုမြင်သည်နှင့် မျက်နှာဝါခေါင်းဆောင်အား လက်ညှိုးထိုးပြလေတော့၏။

"ဒီကောင်ပဲ... ဒီကောင်ပဲ၊ ကျုပ်တို့ကို စော်ကားသွားတာ... ဒီကောင်ပဲ"

လင်းထက်ဆွေမှာ မိန်းမပျို၏စကားများကို ပြေပြေလည်လည် မချေပနိုင်သေးမီ ထပ်မံရန်လုပ်ရန် လာသူများကြောင့် ကျဲမြီး တိုသွားလေ၏။

မိန်းမပျိုကိုကျောပေးကာ တံခါးဝသို့ပြန်ထွက်လာပြီး...

"ခင်ဗျားတို့ ဘယ်လိုလူတွေလဲ၊ နှစ်ဦးနှစ်ဘက် မတော်တဆဖြစ်ရတဲ့ကိစ္စမှာ ဘာဖြစ်လို့ ကျုပ်တစ်ယောက်တည်းကို အပြစ်ပုံချနေရတာလဲ၊ နှစ်ဘက်စလုံး အမှားရှိလျက်နဲ့ လူကိုရန်ရှာချင်ရတာ ဘာအဓိပ္ပာယ်လဲ"

သူသည် ဒေါသအလျောက် ပြောချလိုက်၏။ သိုင်းလောကသားတို့၏ ထုံးစံအရ ဂါရဝပြုရသည်ကိုလည်း သူ မသိချေ။

လင်းထက်ဆွေ၏ မောက်မာသောစကားနှင့် ထုံးစံမဟုတ်သောအပြုအမူကိုမြင်ရလျှင် ခေါင်းဆောင်ဖြစ်သူ၏မျက်နှာမှာ ဝါနေရာမှ အဖြူရောင်သို့ ပြောင်းလဲသွားသည်။

"မင်း ဘယ်အဖွဲ့ကထွက်လာတဲ့အရိုင်းအစိုင်းလဲ၊ သိုင်းလောကစည်းကမ်းကို မင်း နားမလည်ဘူးလား၊ ဝိမာန့်မြို့မှာ 'မျက်နှာဝါသူရဲကောင်း' ရှိတယ်ဆိုတဲ့သတင်းကို မကြားမိဘူးလား"



လင်းထက်ဆွေက ခပ်ရှင်းရှင်းပြောသည်။

"ဘာ... သူရဲကောင်းလဲ၊ ကျုပ် ဘာမှမသိဘူး"

လင်းထက်ဆွေမှာ ယခုမှသိုင်းလောကထဲသို့ ခြေချခါစလူငယ်တစ်ယောက်ဖြစ်သည့်အတွက် မည်သည့်ဗဟုသုတမျှ ရှိမနေပေ။

ထို့ကြောင့် ခပ်တင်းတင်းပင် ပြန်ပြောမိသည်။ မျက်နှာဝါသူရဲကောင်းဆိုသူမှာ ဒေါသအကြီးအကျယ် ထွက်လာတော့သည်။

"ဘာမှမသိဘူး ဟုတ်လား... ကောင်းပြီလေ ဘာမှမသိတဲ့ကောင်ကိုသိအောင် လုပ်ပေးရမှာပေါ့"

မျက်နှာဝါသူရဲကောင်းသည် စကားဆုံးသည်နှင့် သူ့အစွမ်းကို ပြတော့၏။

သူ၏လက်ချောင်းဆယ်ချောင်းက လင်းထက်ဆွေ၏ သွေးကြောကိုးနေရာဆီသို့ ဦးတည်တိုက်ခိုက်လိုက်လေသည်။

သူ၏တိုက်ခိုက်ပုံမှာ ကျွမ်းကျင်တိကျလှပသည်။ သို့သော် လင်းထက်ဆွေ၏လှုပ်ရှားမှုကလည်း အံ့ဩဖွယ် ဖြစ်နေသည်။

လက်နှစ်ဖက်ကိုဆန့်ထုတ်လိုက်ပြီး ရှေ့သို့တိုးတက်လာသည်။

တစ်ဘက်မှ တိုက်ခိုက်လာသည့်လက်ကို ဖယ်ရှားလိုက်ပြီး ညာဘက်လက်ညှိုးဖြင့် ရန်သူ၏မျက်လုံးနှစ်လုံးကြားမှ နှာတံအရင်းဆီသို့ ထိုးချလိုက်သည်။

မျက်နှာဝါနှင့်လူမှာ အံ့အားသင့်ထိတ်လန့်သွားပြီး ဘယ်

ဘက်ခုနစ်ပေအကွာသို့ ခုန်ဆုတ်လိုက်ရသည်။

လင်းထက်ဆွေသည် ပထမတိုက်ကွက်ထုတ်ပြီးသည်နှင့် ဒုတိယတိုက်ကွက်ကို ဆက်ထုတ်ကာ မျက်နှာဝါလူနောက်သို့ ထက်ကြပ်မကွာ ခုန်ပျံလိုက်ပါသွားပြီး တိုက်ခိုက်သည်။

သူ၏တိုက်ခိုက်ပုံမှာ လျင်မြန်ထိရောက်လှသဖြင့် မျက်နှာဝါနှင့်လူမှာ တိတ်လန့်သွားပြီး အလူးအလဲ ရှောင်တိမ်းပေးရလေသည်။

"ဒီကောင် မလွယ်ပါလား... ကောင်းပြီ... ငါကလဲ အစွမ်းကုန်ထုတ်ရတော့မှာပေါ့"

လက်ဝါးရိုက်ချက်တစ်ချက်ကို ရိုက်ထုတ်လိုက်သည်။ ရိုက်အားမှာ ပထမတစ်ကြိမ်ရိုက်စဉ်ကထက် ဆယ်ဆမက အားပါပြင်းထန်လှသဖြင့် လေထုသည်ပင်လျှင် တဟူးဟူးထ တုန်ခါသွားရလေသည်။

လင်းထက်ဆွေကို အထင်မသေးဝံ့တော့သဖြင့် သူ့စကားအတိုင်း ပညာကုန်ထုတ်သုံးလိုက်ခြင်းဖြစ်တော့သည်။

လင်းထက်ဆွေသည် သိုင်းလောကဝင်လာခါစဖြစ်သဖြင့် မည်သူသည် မည်သည့်အဆင့်ရှိမှန်းမသိပေ။

မျက်ကန်းတစ္ဆေမ ကြောက်ပင် မျက်နှာဝါသူရဲကောင်းကို ရင်ဆိုင်လေ၏။

"ကောင်းပြီ... ခင်ဗျားတိုက်ကွက်ကို ကျုပ် စမ်းသပ်မယ်"

လက်ဝါးဆန့်ထုတ်လိုက်ကာ ထိုသူ၏လက်ဝါးရိုက်ချက်ကို ယိပ်တိုက်ခုခံလိုက်သည်။



"ဝုန်း...."

ပြင်းထန်သောအားနှစ်ခု ထိပ်တိုက်တွေ့ဆုံသွားသဖြင့် ကျယ်လောင်သောအသံကြီးမြည်ဟည်းကာ လေထုလှိုင်းထသွားသည်။

မျက်နှာဝါနှင့်လင်းထက်ဆွေတို့သည် နောက်သို့ခြေလှမ်းနှစ်လှမ်းစီ အညီအမျှဆုတ်သွားကြရလေသည်။

သူပင် နောက်သို့ခြေ နှစ်လှမ်းဆုတ်ပေးရသဖြင့် မျက်နှာဝါသူရဲကောင်းမှာ အကြီးအကျယ် ဒေါသထွက်လာသည်။

"အားလုံး တက်ကြ"

သိုင်းသမားဆယ်ယောက်ခန့်တို့သည် ထိုအမိန့်သံကိုကြားသည်နှင့်လက်နက်များ ကိုယ်စီကိုင်ဆောင်ပြီး လင်းထက်ဆွေဆီသို့ ခုန်ပျံဝင်ရောက်လာကြသည်။

ထိုစဉ်....

"ရပ်လိုက်"

အာဏာသံအပြည့်ပါသော အမျိုးသမီးတစ်ယောက်၏ အမိန့်ပေးဟန့်တားသံက ဆိုင်ရှေ့လှေကားထစ်များဆီမှ ထွက်ပေါ်လာသည်။

တိုက်ခိုက်ရန် ခုန်ပျံဝင်လာသူများမှာ ရပ်သေးရပ်ကလေးများပမာ တုံ့ခနဲ ရပ်တန့်သွားကြလေသည်။

လင်းထက်ဆွေ ခေါင်းငဲ့ကြည့်လိုက်၏။ လှေကားထစ်ပေါ်၌ အနီရောင်ဝတ်စုံဝတ်ဆင်ထားသော အမျိုးသမီးရပ်နေသည်ကို တွေ့

လိုက်ရသည်။

သူမ၏ခါးတွင် ကျာပွတ်တစ်ချောင်းကို ခပ်စောင်းစောင်း ထိုးထားသည်ကိုလည်းတွေ့ရ၏။



## အခန်း(၆)
## အနီရောင်ငှက်တောင်မွေးရှာပုံတော်

"မျက်နှာဝါရောဂါသည် သိုင်းသမား... ရှင်က တော်တော် သတ္တိကောင်းနေပါလား"

မိန်းမပျိုက ငေါက်လိုက်၏။

မျက်နှာဝါသူရဲကောင်းဆိုသူမှာ ထိုကျာပွတ်ရှင်မိန်းကလေး ကို တွေ့လိုက်ရသည်နှင့် ဝါသောမျက်နှာမှာ ဖွေးခနဲဖြူသွားသည်။

သူသည် ရှေ့သို့တိုးထွက်လိုက်ပြီး လေကားရင်းတွင်ရပ်ကာ ဦးညွတ်အရိုအသေပေးလိုက်သည်။

"သခင်မလေးနတ်ကျာပွတ်ရှင် ဒီကိုရောက်နေတာ မသိ လိုက်လို့ အကြိုတော်မလွတ်မိတာကို ခွင့်လွှတ်ပါခင်ဗျာ"

နတ်ကျာပွတ်ရှင်ဆိုသော အနီရောင်မိန်းမပျိုက မျက်မှောင် ကြုတ်လိုက်ပြီး....

"တိတ်စမ်း... စကားဆက်မပြောနဲ့တော့၊ ကြူလုံပေါင်းအဖွဲ့

ရဲ့စည်းကမ်းချက်တွေကို မေ့သွားပြီလား"

"ကျွန်တော်... ကျွန်တော်မမေ့ပါဘူး၊ သတိရပါတယ်"

"သတိရတယ်ဆိုရင် အဲဒီစည်းကမ်းချက်ကို ပြောစမ်း"

မျက်နှာဝါနှင့်လူမှာ အချိန်ဆွဲမနေတော့ဘဲ ကသုတ်ကရိုက် ဖြေလိုက်ရလေသည်။

"ဟုတ်ကဲ့... ဒီထိုင်ပန်း အရောင်ရှိတဲ့မြင်း ရောက်ရာအရပ်ဟာ ကြူလုံပေါင်းအဖွဲ့ရဲ့ သခင်မလေးရောက်ရှိနေတယ်ဆိုတဲ့ သင်္ကေတ အထိမ်းအမှတ်ပါ၊ ဒီမြင်းရောက်နေတဲ့မိုင်တစ်ရာ ပတ်ဝန်းကျင်မှာ သိုင်းသမားတွေ ပြဿနာမရှိရပါဘူး"

သိုင်းလောကအတွေ့အကြုံမရှိသော လင်းထက်ဆွေသည် မျက်နှာဝါသူရဲကောင်းဆိုသူ ရေရွတ်နေသည်များကို ပါးစပ်အဟောင်းသားဖြင့် နားထောင်နေသည်။

အနီရောင်မိန်းမပျိုက ကျယ်လောင်စွာ ဆက်ပြောနေသည်။

"ရှင်သိလျက်သားနဲ့ဘာကြောင့် ဒီမြင်းနားမှာ လူစုလူဝေးနဲ့ ပြဿနာ လာရှာနေရတာလဲ၊ ရှင်က ကြူလုံပေါင်းဂိုဏ်းကို အထင်သေးတာလား၊ ဒါမှမဟုတ် ကွမ်းရဲစမ်းဆိုတဲ့ကျွန်မကို အထင်သေးလို့လား"

"ဒီ... ဒီလိုမဟုတ်ပါဘူးခင်ဗျာ"

"ဒီလိုမဟုတ်ဘူး... ဟုတ်လား"

"ဟုတ်... ဟုတ်ကဲ့၊ ကျွန်တော်အမိုက်အမဲ တစ်ခါတစ်ရံ မှားမိတာကိုဖွေမယူပါနဲ့၊ ခွင့်လွှတ်သည်းခံပါခင်ဗျာ... ကျွန်တော်အနူးအညွတ် တောင်းပန်ပါတယ်"



မိန်းမပျိုသည် မျက်နှာဝါနှင့်လူကိုစူးစိုက်ကြည့်ပြီး လှေကားမှဆင်းလာသည်။

သူမ၏ခြေလှမ်းလာပုံမှာ လွန်စွာ ညင်သာသိမ်မွေ့လှသည်။

သို့သော် သူမ၏လှုပ်ရှားမှုများကမူ လျင်မြန်လှသည်။ ခါးကြားမှကျာပွတ်သည် မျက်စိတမှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် သူမ၏လက်ထဲသို့ရောက်ရှိသွားသည်။

"ကြူလုံပေါင်းရဲ့စည်းကမ်းပညတ်ချက်ကို ဖျက်ဆီးရဲတဲ့အတွက်... ရော့"

ပြောပြီးသည်နှင့်လက်ထဲမှ ကျာပွတ်ကို ရုတ်တရက် ဝှေ့ယမ်းလိုက်သည်။

"ရွမ်း... ရွမ်း"

ကျာပွတ်မှာ မြွေတစ်ကောင်ကဲ့သို့ လျှောခနဲ ပြေးထွက်သွားသည်။

ကျာပွတ်ဝှေ့ယမ်းချက်မှာ လျှပ်ပြက်သကဲ့သို့ လျင်မြန်သွက်လက်လွန်းလှသဖြင့် တစ်ခဏအတွင်းမှာပင် သိုင်းသမားဆယ်ယောက်ခန့်မှာ အားခနဲ အော်ဟစ်ကာ လဲကျသူ လဲကျမျက်နှာတွင် အရှိုးရာများ ထင်သူက ထင်ကုန်သည်။

"အင်း... ဒီသိုင်းကွက်က မခေပါလား၊ တစ်ခဏအတွင်း သိုင်းသမားယောကျ်ားကြီးဆယ်ယောက်ကို ဒဏ်ရာရလဲကျသွားစေနိုင်တယ်၊ ဒီမိန်းကလေးကို အထင်သေးလို့မရပါလား"

လင်းထက်ဆွေသည် စိတ်ထဲက ကျိတ်၍ ရေရွတ်လိုက်မိသည်။

မိန်းမဂျိုမှာ မကျေနိုင်သေးဘဲ ကြောက်ရွံ့တုန်ယင်နေသော မျက်နှာဝါနှင့်လူကို လက်ညှိုးညွှန်ပြလိုက်ပြီးလျှင်....

"မျက်နှာဝါရောဂါသည်... ရှင့်ကိုယ်ရှင် ဆုံးမပြစ်ဒဏ်ခတ်မလား။ ကျွန်မကပဲ ရှင့်ကိုလာပြီး ပြစ်ဒဏ်ခတ်ဆုံးမရမလား"

မျက်နှာဝါရောဂါသည်မှာ ယောကျ်ားတန်မဲ့မြေပေါ်သို့ ဒူးထောက်ချလိုက်ပြီး သူ၏လက်နှစ်ဖက်ဖြင့် သူ့ပါးကိုသူ ဘယ်ပြန်ညာပြန်ဖြင့် ပြင်းထန်စွာ ရိုက်ချလိုက်တော့သည်။

"ဖြန်း... ဖြန်း... ဖြန်း"

လေးငါးခြောက်ချက်ခန့်ရိုက်အပြီးတွင် သူ၏နှုတ်ခမ်းထောင့်မှသွေးများ စီးကျလာလေတော့သည်။

သူ၏ပါးစပ်မှလည်း....

"ကျွန်တော် မှားပါပြီ... ကျွန်တော်မှားပါပြီ"ဟု တတွတ်တွတ် ပြောဆိုနေပြန်သည်။

ပါးပြင်အား ရိုက်နှက်နေသောလက်မှာလည်း ရပ်နားခြင်းမရှိဘဲ တဖြန်းဖြန်း အဆက်မပြတ် ရိုက်နေပြန်သည်။ ထိုမြင်ကွင်းမှာ စိတ်သက်သာဖွယ်ရာမရှိချေ။

နတ်ကျာပွတ်မယ် ကွမ်းရဲစမ်းကိုကြည့်လိုက်ပြန်သောအခါ မည်သို့မျှ တုန်လှုပ်ခြင်းမရှိဘဲ အေးဆေးတည်ငြိမ်စွာ ရပ်တန့်နေသည်ကိုတွေ့လိုက်ရပြန်သည်။



သူမ၏မျက်နှာမှာ ပြုံးယောင်ပင် သမ်းနေသေးသည်။

လင်းထက်ဆွေမှာ ဤမျှရက်စက်သော အဖြစ်အပျက်ကို ကြည့်ပြီး နတ်ကျာပွတ်မယ်ကွမ်းရဲစမ်းကို သွေးအေးအေးနှင့်ရက်စက်ကြမ်းကြုတ်သောမိန်းမကြမ်းလေးအဖြစ် မြင်လာမိသည်။

မျက်နှာဝါနှင့်လူမှာ အရိုက်ရပ်တန့်ခြင်းမရှိသေးသည့်အတွက် ပါးပြင်နှစ်ဖက်စလုံး ဖူးကြွရောင်ကိုင်းလာတော့သည်။

လင်းထက်ဆွေမှာ မခံနိုင်တော့ပေ။

ရုတ်တရက် ရှေ့သို့ခုန် တက်လိုက်ပြီး....

"နတ်ကျာပွတ်မယ်... ကျေနပ်လိုက်ပါတော့ဗျာ၊ သူ့မျက်နှာလဲ မြင်မကောင်းတော့ပါဘူး၊ ရပ်ခိုင်းလိုက်စမ်းပါ"

လင်းထက်ဆွေ၏တောင်းပန်စကားကြောင့် နတ်ကျာပွတ်မယ်ကွမ်းရဲစမ်းမှာ မျက်နှာထား ရုတ်ခြည်း တင်းမာသွားတော့၏။

"နတ်ကျာပွတ်မယ်လုပ်သမျှကို ဘယ်သူမှဝင်ပြီး တားပိုင်ခွင့်မရှိဘူး၊ ဘာလဲ... ရှင်က အာဏာပြချင်လို့လား"

လင်းထက်ဆွေသည် ဘာမျှဆက်ပြောမနေတော့ဘဲ မျက်နှာဝါနှင့်လူဆီသို့လျှောက်သွားပြီး မနားမနေရိုက်နှက်နေသောလက်နှစ်ဖက်ကိုဆွဲကိုင် ဖမ်းချုပ်ထားလိုက်သည်။

"တော်လောက်ပါပြီ... ခင်ဗျား သွားပါတော့ဗျာ၊ သွားတော့"

မျက်နှာဝါနှင့်လူမှာ လင်းထက်ဆွေက ထွက်သွားခိုင်းသော်လည်း တုတ်တုတ်မျှ မလှုပ်ရဲဘဲ ဒူးထောက်လျက်သား ငြိမ်မြဲငြိမ်

နေကာ နတ်ကျာပွတ်မယ်ကိုအသနားခံသောမျက်လုံးများဖြင့် ကြည့်နေသည်။

နတ်ကျာပွတ်မယ်မှာ လင်းထက်ဆွေ၏ အပြုအမူကြောင့် ဒေါသဟုန်းဟုန်းထသွား၏။

"ရှင်... ရှင်... ဝင်ရှုပ်ပြန်ပြီလား"

လင်းထက်ဆွေသည် နတ်ကျာပွတ်မယ်ကို ဂရုမစိုက်ဘဲ မျက်နှာဝါသူရဲကောင်းဆိုသူကိုသာ ပြောနေသည်။

"ခင်ဗျားကို ကျုပ် သွားခိုင်းနေတာ ထွက်သွားတော့ဗျာ၊ ဘာဖြစ်လို့ ထိုင်နေရတာလဲ၊ ဖြစ်လာမယ့်ပြဿနာအားလုံးကို ကျုပ် တာဝန်ယူတယ်၊ သွားဗျာ... သွားတော့"

လင်းထက်ဆွေက....

"ကဲ... ခင်ဗျား သွားမလား မသွားဘူးလား၊ ဒီတစ်ခါပြောလို့မှ မသွားရင်တော့ နတ်ကျာပွတ်မယ်ဒဏ်ပေးတာထက် ဆိုးရွားတဲ့အပြစ်ဒဏ်ကို ကျုပ် ပေးမယ်"

မျက်နှာဝါနှင့်လူသည် နတ်ကျာပွတ်မယ်ကို လုံးဝဂရုမစိုက်ဘဲ သူ့အား အမိန့်ပေးနေသည့်လူငယ်ကို တအံ့တသြကြည့်ပြီး ထပြေးတော့သည်။

သူ့နောက်လိုက်များကလည်း တပါတည်း ပြေးလိုက်သွားတော့သည်။



နတ်ကျာပွတ်မယ်သည် ထိုအဖြစ်ကိုမြင်လိုက်ရသောအခါ နှုတ်ခမ်းများလည်း တဆတ်ဆတ် တုန်လာတော့သည်။

လင်းထက်ဆွေမှာ သူမ၏ဒေါသကို ဂရုမစိုက်ဘဲ ဆိုင်ပြင်သို့ ထွက်ခွာသွားတော့သည်။

"ရပ်လိုက်"

ဟု အော်ဟစ်အမိန့်ပေးသံနှင့်အတူ နတ်ကျာပွတ်မယ်သည် လျှပ်တစ်ပြက်အတွင်း လင်းထက်ဆွေ၏ရှေ့သို့ ခုန်ပျံရောက်ရှိလာသည်။

လင်းထက်ဆွေက ခပ်ကြောင်ကြောင် ပြန်မေးသည်။

"ဘာဖြစ်လို့ ရပ်ရမှာလဲ"

"ရှမ်း... ရှမ်း"

နတ်ကျာပွတ်မယ်က မျက်နှာထားတင်းတင်းနှင့် ကျာပွတ်ကို လေထဲတွင် ဝှေ့ယမ်းလိုက်သည်။

"ကျွန်မ ရှင့်ကိုမုန်းတယ်... ပြီးတော့ သတ်ပစ်ချင်တယ်"

"ဟင်... မင်းကများ တပြန်စီးပြီး ပြောရသေးသလား"

"ရှင် ကြူလုံပေါင်းဂိုဏ်းအကြောင်းကို မသိဘူးလား"

"မသိဘူး... ဘယ်သူကိုမှလဲ ငါ စိတ်မဝင်စားဘူး"

နတ်ကျာပွတ်မယ်ကွမ်းရဲစမ်းမှာ ရှုံးရှုံ့ရှဲရှဲဖြစ်သွားပြီး...

"ရှင်... ရှင်က ကျွန်မကို အထင်သေးတယ်ပေါ့လေ... ဟုတ်လား"

"ငါ ဘယ်သူ့ကိုမှ အထင်မသေးတတ်ဘူး၊ ဒါပေမယ့် မင်းရဲ့ ရက်စက်ကြမ်းကြုတ်တဲ့အပြုအမူကိုတော့ ငါ အထင်သေးတယ်"

"ကောင်းပြီ... ကျွန်မ ရှင့်ကိုခွင့်မလွှတ်နိုင်တော့ဘူး၊ ကဲ... ခုခံဖို့သာ ပြင်ထားပေတော့"

လင်းထက်ဆွေမှာ သူမ၏စကားကြောင့် ဒေါသမထွက်သည့်အပြင် တဟားဟားပင် အော်ဟစ်ရယ်မောမိတော့သည်။ ခုခံရန်လည်း မည်သို့မျှ မပြင်ဆင်မိပေ။

"ဟား... ဟား... ဟား... ယောက်ျားတွေအနေနဲ့ မိန်းမသားတွေနဲ့မတိုက်ခိုက်သင့်ဘူး၊ မင်းနဲ့မတိုက်ချင်ပါဘူး"

လင်းထက်ဆွေသည် စကားဆုံးသည်နှင့် အေးအေးဆေးဆေးပင် ထွက်ခွာသွားတော့သည်။

လင်းထက်ဆွေ၏အပြုအမူကြောင့် နတ်ကျာပွတ်မယ်မှာ ဒေါသပိုထွက်သွားသည်။

လင်းထက်ဆွေ၏ရှေ့သို့ ကိုယ်ဖော့ခုန်ပျံ ရောက်ရှိသွားပြန်သည်။ လင်းထက်ဆွေက ခပ်မာမာ ပြောလေ၏။

"မင်းက ငါ့ကိုရန်စနေတာပေါ့ဟုတ်လား"

နတ်ကျာပွတ်မယ်က မဲ့ပြုံးပြုံးကာ ခေါင်းကိုခါယမ်းလိုက်၏။



"ဟင့်အင်း... ကျွန်မက ရှင့်ကိုရန်စနေတာမဟုတ်ဘူး၊ မကျေမနပ် ဖြစ်နေတာ... ကျွန်မက မျက်နှာဝါနဲ့လူကို ရှင့်အတွက် ဒဏ်ခတ်ပေးနေတယ်ဆိုတာ ရှင် သိဖို့ကောင်းတယ်"

"မင်းရဲ့စေတနာကို လက်မခံပါရစေနဲ့... ငါက ငါ့ကိစ္စကို တခြားလူဝင်ရှုပ်လာရင် သိပ်ကြိုက်တာ မဟုတ်ဘူး"

"ရှမ်း..."

နတ်ကျားပွတ်မယ်က ကျာပွတ်ကို မြေပြင်ပေါ်သို့တအားကုန် လွှဲရိုက်ချလိုက်သည်။

ရွက်ကြွေများနှင့်ကျောက်စရစ်ခဲများ လေထဲ၌ ဝေ့တက်လာကြသည်။

ဤကျာပွတ်ရိုက်အားမှာ ပြင်းထန်လွန်းလှမှန်းသိသော်လည်း လင်းထက်ဆွေသည် မမြင်ဟန်ပြုလိုက်ပြီး ကျာပွတ်မယ်ကို ကျော်တက်ကာ မြားတစ်စင်းကဲ့သို့ လျင်မြန်စွာ ပြေးထွက်သွားလေတော့သည်။

နတ်ကျာပွတ်မယ်၏ဒေါသများသည် ဟုန်းခနဲ ကြွတက်လာ၏။

သူမ၏မြင်းကြီးချည်နှောင်ထားသည့် ပင်စည်အကိုင်းအခက်များကို ကျာပွတ်ဖြင့် တရှမ်းရှမ်း ရိုက်တော့ရာ လက်မလောက်၊ ပေါင်လုံးလောက် သစ်ကိုင်းများပင် တဝုန်းဝုန်း ပြုတ်ကျလာတော့သည်။

နတ်ကျာပွတ်မယ်၏ဒေါသကို ကြားကခံရသူကား သစ်ပင်

ကြီးသာဖြစ်လေသည်တကား။

နတ်ကျာပွတ်မယ်မှာ အသားများ တဆတ်ဆတ် တုန်အောင် ဒေါသထွက်နေမိလေသည်။

လူတကာပေါ်တွင် တစ်သက်လုံးနိုင်လာသမျှ လင်းထက်ဆွေနှင့်ကျမှ အရှုံးပေးခဲ့ရသည်ကို မချင့်မရဲဖြစ်နေမိသည်။

လင်းထက်ဆွေ၏ မထီလေးစားပြုမှုအပေါ်တွင်လည်း တဖြည်းဖြည်း ကြိတ်မနိုင် ခဲမရဖြစ်လာမိသည်။

"ဟင်း... ရှင် ဘယ်လောက်အထိ ခံနိုင်ရည်ရှိတယ်ဆိုတာ စမ်းကြည့်ရသေးတာပေါ့"

သူမသည် မြင်းပေါ်သို့ လွှားခနဲခုန်တက်လိုက်ပြီး လင်းထက်ဆွေပြေးထွက်သွားရာနောက်သို့ ဒုန်းစိုင်းလိုက်သွားတော့သည်။

မကြာမီ လင်းထက်ဆွေကိုမီလာတော့သည်။

"ရပ်လိုက်စမ်း"

လင်းထက်ဆွေက တုံ့ခနဲ ရပ်တန့်လိုက်သည်။

နောက်ဘက်သို့ စိတ်ပျက်လက်ပျက်လှည့်ကြည့်လိုက်ပြီး...

"ဘယ်လိုဖြစ်နေရတာလဲ... ဘာပြောစရာရှိသေးလို့လဲ"

နတ်ကျာပွတ်မယ် ကွမ်းရဲစမ်းမှာ ထွက်လာစဉ်က ဒေါသတကြီးနှင့် ထွက်လာခဲ့ရသော်လည်း လင်းထက်ဆွေ၏မျက်နှာကို မြင်



မြန်သောအခါ ရက်ရက်စက်စက် မတိုက်ချင်အောင်ဖြစ်သွားပြန်သည်။

ထို့ကြောင့် သူမကိုယ်သူမ ဒေါသပြန်ထွက်လာရလေ၏။

သူမသည် မြင်းပေါ်က ဆင်းလိုက်ပြီး...

"ရှင်က ဘယ်လိုလူလဲ"

"ဘယ်လိုလူမှမဟုတ်ဘူး... သာမန်လူတစ်ယောက်ပဲ"

လင်းထက်ဆွေမှာ ဘုကျကျပြောခြင်း မဟုတ်ပေ။ သူ့စိတ်ရင်းအတိုင်း ရိုးရိုးသားသား ပြောခြင်းသာဖြစ်သည်။

နတ်ကျာပွတ်မယ်သည် သူမ၏ဒေါသများကိုလျှော့ပြီး လေပြည်ထိုးလိုက်၏။

"ရှင်က ဘယ်သွားမှာလဲ၊ ရှင့်ကြည့်ရတာ ဘာမှရေရေရာရာ သေသေချာချာ မရှိသလိုပဲ၊ အစတုန်းကတော့ ရှင့်ဆရာရဲ့ရန်သူကိုရှာပြီး တိုက်ခိုက်မလို့ဆို"

ထိုစကားကိုကြားလိုက်မိမှ လင်းထက်ဆွေ၏စိတ်ထဲ၌ သူ့လုပ်ငန်းစဉ်အတွက် စိတ်ကူးစိတ်သန်းရလာသည်။

"ဒီမိန်းကလေးဟာ သိုင်းလောကမှာနာမည် နည်းနည်းရှိပုံရတယ်၊ ဆရာ့ရန်သူနဲ့ပတ်သက်တဲ့သတင်းတွေ သူ့ကိုမေးကြည့်ရင် သိနိုင်မှာပဲ"

နတ်ကျာပွတ်မယ်ကို သူ ယုံကြည်စိတ်ချလိုက်သည်။

ဤမိန်းကလေး သူ့အပေါ်တွင် ရန်သူတစ်ဦးပမာ မဆက်ဆံဘဲ မိတ်ဆွေ တစ်ယောက်ကဲ့သို့ သဘောထားနေသည်ကို သတိပြုမိသည့်အလျောက် သူ့ကိစ္စအချို့အဝက်ကို ပြောပြရန် ဆုံးဖြတ်လိုက်

သည်။

"ဟုတ်တယ်... ငါ့ဆရာရဲ့ရန်သူကို လိုက်ရှာမလို့ပဲ၊ ဒါနဲ့ မင်းကို ငါတစ်ခုလောက် မေးစမ်းပါရစေ၊ သိုင်းလောကထဲမှာ အနီရောင်ငှက်တောင်မွေးဆိုတာကို မင်း သိသလား"

နတ်ကျာပွတ်မယ် ကွမ်းရဲစမ်းက အတန်ကြာအောင် စဉ်းစားဟန်ပြုပြီးမှ....

"ဟင့်အင်း... မကြားဖူးဘူး၊ ကျွန်မသိတဲ့သိုင်းသမားတွေထဲမှ အနီရောင်ငှက်တောင်မွေးဆိုတဲ့သူ မရှိပါဘူး"

လင်းထက်ဆွေ စိတ်ပျက်သွားသည်။ သူ့ဆရာ ရန်သူနှင့်ပတ်သက်သည့်သဲလွန်စမှာ ဤမျှသာလျှင် သိရှိထားသည် မဟုတ်ပါလား။

ဤမျှလောက်သောသဲလွန်စကလေးဖြင့် လိုက်ရှာလျှင် ထမင်းထုပ်သာ သိုးသွားမည်။ သူတွေ့လိုသူကို တွေ့ဆုံနိုင်မည်မဟုတ်ပေ။

"ခက်တာပဲ... ငါ့အဖို့ ဘာသဲလွန်စမှလဲ မရှိတော့ဘူး"

"ရှင့်မှာ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ဘာဖြစ်လို့ ရန်သူတွေ ဒီလောက်များနေရတာလဲဟင်"

မိန်းမပျို့ကွမ်းရဲစမ်း၏ အမေးစကားကို လင်းထက်ဆွေမ ဖြေတတ်တော့ပေ။

နတ်ကျာပွတ်မယ် ကွမ်းရဲစမ်းက....

"ရှင့်အတွက် ကျွန်မစိတ်မကောင်းပါဘူး၊ သိပ်ပြီးလဲ ဝမ်းနည်းမနေပါနဲ့လေ၊ ရှင့်ရဲ့ရန်သူက ဘယ်လိုဖြစ်ပေါ်လာတာလဲ"

"ဟိုး... လွန်ခဲ့တဲ့ဆယ့်ငါးနှစ်တုန်းက ကိစ္စပါ"

နတ်ကျာပွတ်မယ်က ရယ်၍လက်ကာသည်။

"ဒါဆို တော်ပါတော့ရှင်... တော်ပါတော့၊ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်တုန်းက ကျွန်မ မွေးခါစအရွယ်ပဲ ရှိသေးတာကိုး၊ အဲဒီအကြောင်းကတော့ ကျွန်မလဲ ဘယ်သိနိုင်ပါ့မလဲ"

"ဟုတ်တာပေါ့ဗျော်... မင်းကို ငါ ဒုက္ခပေးမိသလိုဖြစ်သွားပြီ၊ တောင်းပန်ပါတယ်ကွာ၊ ကဲ... ငါ့ကိုသွားခွင့်ပြုပါဦး"

လင်းထက်ဆွေသည် ပြောပြီးသည်နှင့် ခြေလှမ်းကျဲကျဲကြီးဖြင့် ထွက်ခွာသွားပြန်သည်။

နတ်ကျာပွတ်မယ်က မြင်းဖြင့် လင်းထက်ဆွေ၏ရှေ့မှ တားဆီးထားလိုက်သည်။

"နေပါဦး"

ကျာပွတ်မယ်က လင်းထက်ဆွေကို ရွှန်းရွှန်းစားစားကြည့်ပြီး အားတက်သရော ပြောသည်။

"ကျွန်မ အဖေနဲ့အမေကတော့ သိုင်းလောကမှ နာမည်ကြီးတဲ့သိုင်းသမားတွေပဲ၊ ရှင် ကျွန်မနဲ့ကြူလုံပေါင်းကို လိုက်ခဲ့ပါလား၊ ဟိုရောက်ရင် လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်ကကိစ္စကိုမပြောနဲ့ လွန်ခဲ့တဲ့ အနှစ်တစ်ရာငါးဆယ်က ကိစ္စကိုတောင် မေးရင်သိနိုင်တယ်၊ ရှင်သိချင်တဲ့ အနီရောင်ငှက်တောင်မွေးဆိုတာ ဘယ်သူလဲဆိုတာ ရှင် သိသွားနိုင်တယ်"

လင်းထက်ဆွေ စဉ်းစားလိုက်သည်။

သူ့တွင်လည်း လောလောဆယ်ဆယ် ဘယ်ကိုမျှသွားစရာ မရှိချေ။

အကယ်၍ ကံကောင်းထောက်မပါလျှင် ကွမ်းရဲစမ်းပြောသလို သဲလွန်စအဖြေကိုပင် ရရှိနိုင်ပေလိမ့်မည်။

"မင်းပြောတဲ့အစီအစဉ်က ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမယ့် ငါ မင်းနဲ့လိုက်လာခဲ့ဖို့ ကောင်းပါ့မလား၊ မင်းတို့ကို အနှောင့်အယှက်ပေးရာ ကျနေပါဦးမယ်"

"ရှင်က သိပ်အားနာတတ်တာကိုး၊ ဘာမှအဆင်မပြေစရာ အကြောင်း မရှိပါဘူး၊ ရှင် လိုက်သာလိုက်ခဲ့ပါ"

လင်းထက်ဆွေ ဝမ်းသာသွားသည်။

"လာလေ... မြင်းပေါ်ကိုတက်လေ"

လင်းထက်ဆွေ ရက်သွေးတက်သွား၏။ အိုးကမပူ စလောင်းက ပူခြင်းပေတည်း။

မိန်းမပျိုကလေးတစ်ဦးတစ်ယောက်နှင့် ယှဉ်တွဲပူးကပ်ပြီး စီးရမှာကိုလည်း အားနာနေမိသည်။

"မင်းဘာသာ မင်းပဲ စီးပါ... မြင်းတစ်ကောင်တည်းမှာ နှစ်ယောက်အတူစီးဖို့...."

ကွမ်းရဲစမ်းသည် လင်းထက်ဆွေ၏မျက်နှာပေါ်မှ ရှိုးသားမှုကို တဖြည်းဖြည်း ပိုု၍ ပို၍ သိမြင်လာသည်။

နတ်ကျာပွတ်မယ်က ဣန္ဒြေမပျက်....



"ရှင်ကာ မြင်းမစီးချင်ဘူးပေါ့၊ ဒါဆိုရင်လဲ ကျွန်မတို့ဖြည်းဖြည်းချင်း လမ်းလျှောက်သွားကြမယ်"

"ဟာ... မလုပ်ပါနဲ့ မဖြစ်ပါဘူး... မင်းပဲ စီးသွားစမ်းပါ"

လင်းထက်ဆွေက မည်မျှတောင်းပန် တောင်းပန် မရတော့ချေ။

ကွမ်းရဲစမ်းက မြင်းပေါ်မှခုန်ဆင်းပြီး မြင်းကြီး၏တင်ပါးကို ရိုက်လွှတ်လိုက်သည်။

မြင်းကြီးသည် မြင်းလိမ္မာကြီးဖြစ်၍ အိမ်ပြန်လမ်းအတိုင်း ထွက်ပြေးသွားတော့သည်။

လင်းထက်ဆွေမှာ ဘာမျှမတတ်နိုင်တော့ပဲ နတ်ကျာပွတ်မယ်ကွမ်းရဲစမ်းနှင့်အတူ စကားတပြောပြောနှင့် လမ်းလျှောက်ရလေတော့သည်။

လမ်းတစ်လျှောက်လုံး ကွမ်းရဲစမ်းကသာ ဦးဆောင်ပြီး ပြောဆိုခဲ့ရသည်။

ကွမ်းရဲစမ်းပြောသမျှ အကြောင်းအရာများမှာ သူ့အတွက် အထူးအဆန်းများချည်းသာ ဖြစ်နေခဲ့သဖြင့် လင်းထက်ဆွေမှာ တအံ့တသြ နားထောင်ခဲ့ရသည်။

မကြာမီ သူတို့ရှေ့မှ မြင်းနက်ကြီးနှစ်ကောင် ဒုန်းစိုင်းပြေးလာနေသည်ကို တွေ့လိုက်ကြရလေ၏။

"ဒါ ကျွန်မတို့အဖွဲ့ကပဲ"

ကွမ်းရဲစမ်း၏စကားမဆုံးမီမှာပင် မြင်းနှစ်ကောင်သည်

သူမ၏ရှေ့သို့ ရောက်ရှိလာပြီး တွဲခနဲ ရပ်တန့်လိုက်ကြလေတော့သည်။



အခန်း(၇)
ဝိညာဉ်မဲ့ဂူမှခေါင်းကြီးအတိုးအို

အနက်ရောင်ဝတ်ရုံရှည်ကြီးများ ဝတ်ဆင်ထားကြသောလူနှစ်ဦးဆင်းလာကြပြီးလျှင် ကွမ်းရဲစမ်းကို အရိုအသေ ပေးလိုက်ကြသည်။

"သခင်ကြီးရဲ့အမိန့်အရ သခင်မလေးစခန်းကိုပြန်ဖို့မလိုတော့ပါဘူး၊ အခုချက်ချင်းပဲ ကျန့်ဖိန်တောင်ကိုလိုက်ခဲ့ဖို့ မှာကြားလိုက်ပါတယ်"

ဝတ်ရုံရှင်တစ်ဦး၏သတင်းစကားကြောင့် ကွမ်းရဲစမ်းမှာ မျက်ခုံးနှစ်ဖက်စလုံး မြင့်တက်သွားသည်။

"ဘာကိစ္စများကြောင့်ပါလိမ့်… ဒါနဲ့ဖေဖေကကော"

"သခင်ကြီး အမိကလက်ထောက် ငါးယောက်နဲ့အတူ အဖွဲ့သားတချို့ကိုခေါ်ပြီး ညတွင်းချင်းပဲ၊ ကျန့်ဖိန်တောင်ကို ခရီးထွက်သွားပါတယ်"

"ဘာ... အဓိကလက်ထောက်ငါးယောက်လဲ လိုက်ပါသွားကြတယ်မဟုတ်လား၊ ဒါဆိုရင် တော်တော်အရေးကြီးတဲ့ကိစ္စ ရှိနေပြီ"

ကွမ်းရဲစမ်းက လင်းထက်ဆွေဘက်သို့ငုံ့ကြည့်လိုက်သည်။

ထို့နောက် သူမ၏အဖွဲ့သားများဘက်သို့ ခေါင်းပြန်လှည့်လိုက်ပြီး....

"ပြောစရာရှိတာကို ပြောပါ၊ ဘာမှစိုးရိမ်စရာမရှိပါဘူး"

ထိုသူနှစ်ယောက်မှာ ရှေ့သို့တက်လာကြပြီး ကွမ်းရဲစမ်း၏ နားဝတွင်ကပ်ကာ တိုးတိုးတိတ်တိတ် ပြောပြလိုက်သည်။

"ဟုတ်ပြီ... ကျွန်မ အခုပဲ လိုက်သွားမယ်၊ ရှင်တို့စခန်းကို အလျင်ပြန်နှင့်ကြ... ဒီမြင်းတွေကို ကျွန်မ ယူထားလိုက်မယ်"

လင်းထက်ဆွေသည် ဘာမျှမမေးမြန်းပဲ ငြိမ်သက်စွာနေလိုက်သည်။

ထိုစဉ် ကွမ်းရဲစမ်းထံမှ ရုတ်တရက် စကားသံထွက်လာလေသည်။

"ဒါ ရှင့်အတွက် အခွင့်အရေးတစ်ရပ်ပဲ သိလား"

လင်းထက်ဆွေက ကွမ်းရဲစမ်း၏စကားကိုနားမလည်ပေ။ ထို့ကြောင့် ပြန်မေးမိ၏။

"မင်း ဘာပြောလိုက်တာလဲ"

"ကျုန့်ဖိန်တောင်ဆိုတာ နှစ်ပေါင်းတစ်သောင်းကျော်ရှိပြီဖြစ်တဲ့ သိုင်းဂိုဏ်းတစ်ဂိုဏ်းရဲ့ တည်ရာ ဌာနချုပ်တစ်ခုပဲ၊ ကျော်ကြားနေတဲ့သတင်းတစ်ခုက အဲဒီတောင်မှာ ကျောက်စိမ်းဧကရာဇ်သိုင်းကျမ်းစာအုပ်ရှိနေတယ်လို့ ဆိုတယ်၊ ရှင် အဲဒီတောင်ပေါ်ကို လိုက်ခဲ့ပါလား၊ ရှင်နဲ့ထိုက်ရင် အဲဒီသိုင်းကျမ်းကို ရှင်ရရင်ရနေမှာ"



လင်းထက်ဆွေက ခေါင်းကိုခါယမ်းလိုက်သည်။ သူ့အဖေနှင့် သူ့ဆရာတို့၏ရန်ငြိုးရန်ကြွေးကို ရှာဖွေပေးဆပ်ရန်သာ သူ့အတွက် အဓိကအရေးကြီးသည်ဟု သူ မှတ်ယူထားသည်။

"ကျောက်စိမ်းဧကရာဇ်သိုင်းကျမ်းက ဘာလုပ်ရမှာလဲ"

"သိုင်းကျမ်းဆိုတာ အထဲမှာ ခက်ခဲနက်နဲတဲ့သိုင်းပညာတွေ ရှိနေတာပေါ့ရှင့်၊ ဒီဆေးကျမ်းကိုလိုချင်တဲ့သိုင်းသမားတွေဟာ အနမတဂ္ဂပဲ၊ ရှင်သာ ဒီသိုင်းကျမ်းရရင် သိုင်းလောကမှာအတော်ဆုံးလူတစ်ယောက် ဖြစ်သွားလိမ့်မယ်၊ သိုင်းလောကရဲ့ မကိုဋ်ဦးသျှောင်ဆိုတာ သိုင်းလောကရဲ့ ဧကရာဇ်တစ်ပါးပဲရှင့်၊ အဲဒီသိုင်းကျမ်းကို ရှင် မလိုချင်ဘူးလား"

"ဟင့်အင်း... ငါ စိတ်မဝင်စားဘူး၊ ငါ့အဖေနဲ့ငါ့ဆရာကိုသတ်တဲ့ ရန်သူကိုတွေ့ချင်တဲ့ စိတ်ဆန္ဒသာ ငါ့မှာရှိတယ်၊ ဒီပြင် ဘာကိုမှ ငါ မလိုချင်ဘူး"

ကွမ်းရဲစမ်း အံ့အားသင့်သွားမိသည်။ လင်းထက်ဆွေကိုလည်း အထူးအဆန်းသတ္တဝါတစ်ကောင်အလား ငေးစိုက်ကြည့်နေမိသည်။

သိုင်းလောကအတွင်းရှိသိုင်းသမားတိုင်း၏ အလိုလားအတောင့်တဆုံးအရာမှာ သိုင်းပညာပင်ဖြစ်သည်။

အရှာပါးဆုံးသော၊ အစွမ်းထက်ဆုံးသောသိုင်ပညာရရှိရေး

အတွက် အသက်ကိုဖက်ရှက်ပမာ စွန့်ထားခဲ့သည့်သိုင်းပညာရှင်များ မြောက်မြားစွာ ရှိခဲ့ပြီးလေပြီ။

ထူးဆန်းရှားပါးသောသိုင်းကျမ်းကို လင်းထက်ဆွေစိတ်မဝင်စားဟုဆိုသောအခါ ကွမ်းရဲစမ်းသည် အမှန်တကယ်ပင် အံ့အားသင့်သည်မဟုတ်ပါလား။

ကွမ်းရဲစမ်းက....

"ရှင် ဘယ်လိုလူလဲ... တမျိုးပါလား"

"ကျုပ် ဘယ်လိုလူမှမဟုတ်ဘူး၊ ကဲ... ကျေးဇူးပြုပြီး အမိဘာသာ အမိပဲ သွားပါတော့"

ကွမ်းရဲစမ်း သက်ပြင်းချလိုက်သည်။

ထွက်သွားဟန် ခြေလှမ်းပြင်နေသော လင်းထက်ဆွေကိုလည်း တားလိုက်မိသည်။

"နေပါဦးလေ... ဒီလောက်လဲ အလျင်မလိုစမ်းပါနဲ့၊ ရှင့်ကို ကျွန်မပြောစမ်းပါရစေဦး၊ ရှင့်အနေနဲ့ ကျော်စိမ်းကေရာဇ်သိုင်းကျမ်းကို စိတ်မဝင်စားဘူးဆိုရင်လဲ နေပါ၊ ဒါပေမယ့် ဒီတစ်ခါကျွန့်ဖိန်တောင်မှာ ဒီသိုင်းကျမ်းရှိနေတယ်လို့ သတင်းထွက်လာပြန်တော့ သိုင်းလောကသားတွေ အဲဒီနေရာကို စုဝေးရောက်ရှိနေမှာ ကျိန်းသေပဲ၊ အဲဒီအထဲမှာ အောက်လမ်းသိုင်းလောက ဒုစရိုက်သမားတွေ



ရောက်လာနိုင်သလို အထက်လမ်းသိုင်းလောကက မြင့်မြတ်တဲ့ သိုင်းလောကသားတွေလဲ ရောက်လာနိုင်တာပဲ၊ ဒီတော့ ရှင်ရှာချင်တဲ့လူကို ရှာဖို့ ကျွန့်ဖိန်တောင်ကိုသွားရရင် အကောင်းဆုံး အခွင့်အရေးတစ်ရပ်ပဲပေါ့... မဟုတ်ဘူးလား"

လင်းထက်ဆွေ စိတ်ဝင်စားသွားပြန်သည်။

ကွမ်းရဲစမ်း၏စကားများမှာ ဆီလျော်သင့်မြတ်လှသည်။

ကွမ်းရဲစမ်းက...

"ရှင်ဟာ လူတစ်မျိုးပဲ၊ သိုင်းကျမ်းစာအုပ်ဆိုတာ သိုင်းလောကသားတွေအတွက် ရတနာ၊ ရွှေငွေကျောက်သံပတ္တမြားနဲ့တောင် မလဲနိုင်တဲ့ အဖိုးတန်ဆုံးပစ္စည်းတစ်ခုပဲ၊ လောကမှာ အဖိုးတန်တဲ့ ပစ္စည်းကို မလိုချင်ဘူးဆိုတဲ့လူ မရှိဘူး"

"ဟုတ်တယ်... လောကမှာအဖိုးတန်ပစ္စည်းကို မလိုချင်တဲ့ လူမရှိဘူး"

အသံသြသြကြီးနှင့်အတူ အရိပ်မည်းတစ်ခု ခုန်ပျံထွက်လာလေသည်။

ထိုသူမှာ အဘိုးအိုတစ်ဦးဖြစ်ပြီး အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။

သူ၏ဦးခေါင်းမှာ ကြောက်စရာကောင်းလောက်အောင်ပင် ကြီးမားလွန်းနေပေသည်။

အဘိုးအိုသည် ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် စကားကိုတစ်လုံးချင်း အေးဆေးတည်ငြိမ်စွာ ပြောချလိုက်တော့သည်။

"ဒီသူငယ်မ... ငါ့ရဲ့ဗိညာဉ်မဲ့ဂူမှာ တစ်လကိုးသီတင်းလောက် အနားယူစေချင်တယ်"

ကွမ်းရဲစမ်းမှာ အကြီးအကျယ် ဒေါသထွက်သွားသည်။

မပြောမဆို ရုတ်တရက် ရောက်လာပြီး သူမကိုစော်ကားသည့်အပြင် ဤကဲ့သို့ပိုင်စိုးပိုင်နင်းပြောချလာသဖြင့် မခံမရပ်နိုင်အောင် ဖြစ်သွားသည်။

"ရှင့်ကိုယ်ရှင် ဘာထင်နေသလဲ၊ ရှင့်မှာ ဘာအာဏာရှိလို့ဒီလိုပြောရတာလဲ"

ခေါင်းကြီးအဘိုးအိုက လေသံမာမာဖြင့်ပင် ပြန်ပြောသည်။

"အာဏာရှိလို့ရယ်တော့ မဟုတ်ပါဘူး... ငါ့ဆီကို မင်းအဖေကိုယ်တိုင် လာတွေ့စေချင်တာအဓိကပါပဲ၊ မင်းအဖေမှာက သမီးဆိုလို့ မင်းတစ်ယောက်တည်းရှိတော့ မင်းကိုခေါ်သွားရင် သူကိုယ်တိုင်ငါ့ဆီကိုလိုက်လာမှာ ကျိန်းသေပဲပေါ့၊ ဟဲ... ဟဲ... ဟဲ"

သူ၏တဟဲဟဲ ရယ်မောလိုက်သံမှာ နားထဲသို့စူးနစ်သွားသည်။

သူသည် ပြောပြီးသည်နှင့် အမွေးအမှင်များထူထပ်လှသော လက်ကြီးကို ရှေ့သို့ဆန့်ထုတ်လိုက်သည်။

သူ၏လှုပ်ရှားမှုမှာ တချွေတစ်ကောင်ကဲ့သို့ ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။

လင်းထက်ဆွေသည် အဘိုးအို၏လှုပ်ရှားမှုကိုမြင်လိုက်သည်နှင့် သူ၏လက်ဝါးရိုက်ချက်တစ်ချက်ကိုလည်း ထုတ်လွှတ်လိုက်သည်။

"ဒုန်း...."

သူ၏လက်ဝါးက အဘိုးအို၏လက်ကိုရိုက်မိသည်။ သူ့လက်ဝါးမှာ သံမဏိတုံးကြီးတစ်တုံးကို ရိုက်ချမိလိုက်သလို ထုံကျဉ်သွားရသည်။

ထိတ်လန့်ပြီး သူကိုယ်တိုင်နောက်သို့အနည်းငယ် ဆုတ်မိသည်။

ခေါင်းကြီးအဘိုးအိုက လင်းထက်ဆွေကို မျက်လုံးမှေးကြည့်လိုက်ပြီး....

"မင်း... တယ်မိုက်တဲ့သူငယ်ပဲ"

ကျာပွတ်မယ်သည်လည်း တုံ့ဆိုင်းမနေတော့ပဲ နောက်သို့ဆယ်ပေအကွာခန့်ခုန်ဆုတ်ပြီး သူမ၏ကျာပွတ်ကိုလည်း အသင့်ပြင်ကိုင်ဆောင်ထားလိုက်သည်။

"ဒါ သက်သက်မယ့်အနိုင်ကျင့်တာပဲ"

ခေါင်းကြီးအဘိုးအိုက ကြောက်ရွံ့ထိတ်လန့်ဖွယ်ကောင်းသောအမူအရာဖြင့် လူငယ်နှစ်ယောက်ကို စိုက်ကြည့်လိုက်သည်။

ထို့နောက် ကွမ်းရဲစမ်းကိုလှမ်းပြော၏။

"စိတ်ချပါ... မင်းကို ငါကောင်းကောင်းမွန်မွန် ထားပါ့မယ်၊ စိတ်အေးလက်အေးသာ လိုက်ခဲ့စမ်းပါ"

လင်းထက်ဆွေသည် ရိုးသားသူ၊ ရဲရင့်သူ၊ စိတ်ကောင်းစေတနာကောင်းရှိသူ ဖြစ်သည်။

သူ့ရှေ့၌ မိန်းကလေးတစ်ဦးကို မဖွယ်မရာ လာဖမ်းသည့်အဖြစ်ကို မည်သည့်နည်းနှင့်မျှ လက်ပိုက်မကြည့်နိုင်ပါချေ။

သို့သော် သံတုံးသံခဲတမျှ မာကျောလှသော အဘိုးအိုအား မည်သို့တိုက်ခိုက်ရမည်ကိုလည်း စဉ်းစား၍မရပဲ ရှိနေသည်။

သို့သော် သူသည် တိုက်ခိုက်ရန် ရှေ့သို့ထွက်လိုက်သည်၊

"သတိထား... ဒီအဘိုးကြီးက အောက်လမ်းသိုင်းပညာရှင်တစ်ယောက်ပဲ"

ကွမ်းရဲစမ်းက အော်ဟစ်သတိပေးလိုက်သည်။

ကျားပွတ်မယ်ကွမ်းရဲစမ်းက သူမ၏ကျားပွတ်နှင့် တိုက်ခိုက်ရန် ဟန်ပြင်လိုက်ပြီး...

"ဒီမှာ ကျွန်မကစပြီး ရန်စတာ မဟုတ်ဘူးဆိုတာ ရှင် သိထားပါ၊ ဖြစ်လာတဲ့ပြဿနာမှာ ကျွန်မဘက်က အပြစ်မရှိတော့ဘူး"

"မင်းကငါ့ကိုတိုက်ခိုက်နိုင်တဲ့အရည်အချင်း ရှိလို့လား"

လင်းထက်ဆွေသည် စောစောကအဖြစ်အပျက်ကိုတွေးမိပြီး ကွမ်းရဲစမ်းအနေဖြင့် အဘိုးအိုကို မည်သို့မျှ မတိုက်ခိုက်နိုင်သည်ကို သိလိုက်၏။

ထို့ကြောင့် သူသည် ဟန်ကိုယ့်ဖို့ဆိုသောစကားအတိုင်း မေးမြန်းအော်ဟစ်လိုက်သည်။

"ခင်ဗျားက ဘာဖြစ်လို့ ဒီမိန်းကလေးကို ဖမ်းချင်ရတာလဲ"

ခေါင်းကြီးအဘိုးအိုမှာ လင်းထက်ဆွေအား စူးစိုက်ကြည့်လိုက်ပြီး...



"ငါ သူ့ကိုပြန်ပေးဆွဲပြီး ကျောက်စိမ်းကေရာဇ်သိုင်းကျမ်းနဲ့ လဲမလို့ကွ၊ ငါ့ကိစ္စမှာ မင်း ဘာမှဝင်မရှုပ်ပါနဲ့"

"ခင်ဗျားပြောတဲ့ကျောက်စိမ်းကေရာဇ်သိုင်းကျမ်းက ကျွန့် ဖိန်တောင်မှာ ရှိနေတာပဲ၊ ခင်ဗျားလဲ သိုင်းပညာရှင်တစ်ယောက်ပဲ၊ ခင်ဗျားပညာနဲ့ခင်ဗျား အဲဒီကိုသွားယူပါလား"

"ငါ... အဲဒီကိုသွားယူဖို့ အချိန်မပေးနိုင်ဘူး၊ နောက်ပြီး...."

နတ်ကျားပွတ်မယ် ကွမ်းရဲစမ်းက အဘိုးအို၏စကားကိုဖြတ်ပြောလိုက်သည်။

"နောက်ပြီး... ရှင့်ရဲ့သိုင်းပညာက ကျွန်မအဖေကို ဘယ်လိုမှ မနိုင်နိုင်ဘူးဆိုတာ ပြောမလို့ဟုတ်လား"

"ဒါက ကိစ္စမရှိပါဘူး၊ နိုင်တာ မနိုင်တာအကြောင်းမဟုတ်ဘူး။ အရေးကြီးတာက ကိုယ်လိုအပ်တာကို ရနိုင်ဖို့အဓိကပဲ၊ ဦးချိုရှိတဲ့သတ္တဝါဟာ ဦးချိုကိုအားကိုးတယ်၊ အစွယ်ရှိတဲ့သတ္တဝါဟာ အစွယ်ကို အားကိုးတယ်၊ ငါက ငါ့ရဲ့ဉာဏ်ပညာကို အားကိုးတယ်၊ ငါက မင်းကို ခေါ်ထားရင် မင်းအဖေဟာ ငါ့ရှေ့အရောက် ကျောက်စိမ်းကေရာဇ်သိုင်းကျမ်းကို လာပို့ရမှာပေါ့၊ ငါက ခက်ခက်ခဲခဲ ရှာဖွေလုယက်နေစရာ မလိုတော့ဘူး၊ ကဲ... ငါ့အကြံမပိုင်လား"

ရယ်သံဆုံးသည်နှင့်အဘိုးကြီးသည် ကွမ်းရဲစမ်းထံသို့ခုန်ဝင်သွား၏။

"အမယ်လေး...."

ထိတ်လန့်တကြား အော်ဟစ်လိုက်သံနှင့်အတူ နတ်ကျား

ပွတ်မယ်ကွမ်းရဲစမ်း၏ လက်တစ်ဖက်မှာ ခေါင်းကြီးအဘိုးအို၏ ဖမ်းချုပ်မှုကို လျှပ်တစ်ပြက်အတွင်း ခံလိုက်ရတော့သည်။

"သရဲအိုကြီး... ရှင် ကျွန်မလက်ကို အခုလွှတ်လိုက်ပါ၊ ကျွန်မအဖေက ရှင့်ကို အရေခွံခွာပစ်လိုက်မယ်"

ကျာပွတ်မယ် ကွမ်းရဲစမ်းမှာ အော်ဟစ်ကြိမ်းမောင်းပြီး အတင်းရုန်းကန်နေသည်။

သို့သော် သူမမှာ ပြုတ်တူနှင့် အညှပ်ခံထားရသည့်အလား ခေါင်းကြီးအဘိုးအို၏လက်တွင်းမှ မည်သို့မျှ မလွတ်နိုင် ပေ။

လင်းထက်ဆွေသည် ဒေါသထွက်လွန်းလှသဖြင့် လက်ဝါးနှစ်ဖက်တွင် အတွင်းအားများစုကာ တစ်ဟုန်ထိုး တိုက်ခိုက်တော့သည်။

"အဘိုးကြီး... သူ့ကိုလွှတ်လိုက်"

"မင်း သိပ်သေချင်နေတယ်ပေါ့လေ... ဟုတ်လား"

အဘိုးအိုက လက်တစ်ဖက်တည်းနှင့်ပင် လင်းထက်ဆွေ၏ ရိုက်ချက်ကို ခုခံကာကွယ်လိုက်သည်။

"ဝုန်း..."

"အား..."

လင်းထက်ဆွေမှာ လွင့်စဉ်ထွက်သွားသည်။ နားထဲမှလေများသည်လည်း တဟူးဟူး ထွက်ပေါ်လာပြီး တစ်ခဏအတွင်းမှာပင် လဲကျမေ့မြောသွားရလေတော့သည်။



## အခန်း(၈)
## ကျင်းစိမ်းကျောက်ဂိုဏ်း၏အတွင်းရေး

ကြယ်ရောင်ကလေးများဖြင့် ညသည် မှုန်တိမှုန်မွှား လင်းနေကာ တိတ်ဆိတ်ငြိမ်သက်နေသည်။

ဆောင်းရာသီဖြစ်သဖြင့် အအေးဓာတ်က တစိမ့်စိမ့် ကဲလာသည်။ ချမ်းအေးမှုကြောင့် လင်းထက်ဆွေ သတိရလာခဲ့သည်။

သူ့တစ်ကိုယ်လုံးမှာ လေးလံနာကျင်နေသည်။ ရထားသည့် အတွင်းဒဏ်ရာမှာ မသေးငယ်လှကြောင်း ကိုယ့်ဘာသာသိနေသည်။

သူလည်ချောင်းတဟွတ်ဟွတ် ဆိုးနေသည်။ ချောင်းဆိုးလိုက်တိုင်း ရင်ထဲကအောင့်အောင့်လာသည်။

ထို့ကြောင့် ချက်ချင်း တင်ပျဉ်ခွေထိုင်ကာ အတွင်းအား လေ့ကျင့်ရတော့သည်။

ထိုသို့ကုသနေစဉ်မှာပင် အဝေးခပ်လှမ်းလှမ်းဆီမှ ကြောက်မက်ဖွယ်ရာကောင်းလှသည့် အသံတစ်ခုကို လင်းထက်ဆွေကြား

လိုက်ရသည်။

မိမိမှာအဏ်ရာများ လုံးဝမပျောက်ကင်းသေးသည့်အချိန်မို့ မည်သည့်လှုပ်ရှားမှုမျိုးမှ မပြုလုပ်ရဲဘဲ ငြိမ်နေရတော့သည်။

မကြာခင်မှာပင် နောက်ထပ်အသံတစ်ခု ထပ်မံပေါ်ထွက်လာပြန်သည်။

သူသည် အသက်ရှူသံကိုပင် ထိုလူများမကြားစေလောက်အောင် သတိထားနေရတော့သည်။

သူနှင့်မနီးမဝေးဆီမှ လူနှစ်ယောက်၏စကားပြောသံကို ကြားလိုက်ရလေတော့သည်။

"အစ်ကိုကြီး ရောက်နေတာကြာပြီလား"

ပထမရောက်နေဟန်တူသော အစ်ကိုကြီးဆိုသူက တဟားဟား အော်ဟစ်ရယ်မောလေ၏။

"ဟား... ဟား... ဟား... ငါက မင်းတော့ မင်းမိန်းမနဲ့ဖက်အိပ်နေပြီလို့ ထင်နေတာ... ဟုတ်တယ်မဟုတ်လား"

နောက်မှရောက်လာသောသူက စိတ်ပျက်လက်ပျက်လေသံဖြင့်....

"အာ... ဘယ်ကလာ ဟုတ်ရမှာလဲ"

"မဟုတ်ရင် ဘာဖြစ်လို့ အခုမှရောက်ရတာလဲ"

"ကျွန်တော် သတင်းကောင်းတစ်ခု စောင့်နားထောင်နေလို့ပါ"

"ဘာသတင်းကောင်းလဲ... ငါတို့ဂိုဏ်းမှာသိပ်ချောတဲ့



ကောင်မလေးတွေ ထပ်ရောက်လာပြန်ပြီဆိုတဲ့သတင်းလား"

"ဘယ်ဟုတ်ရမှာလဲ... ကြူလုံပေါင်းဂိုဏ်းချုပ်ကြီးရဲ့သမီးကို ဝိညာဉ်မဲ့ဂူလောက်ညောင်က ဖမ်းဆီးသွားတယ်ဆိုတဲ့သတင်းပါပဲ"

ထိုစကားကိုကြားလိုက်ရသဖြင့် လင်းထက်ဆွေမှာ တုန်လှုပ်သွားရလေသည်။

နတ်ကျာပွတ်မယ် ကွမ်းရဲစမ်းသည် သူ၏သိုင်းလောကမှ ပထမဆုံး မိတ်ဆွေတစ်ယောက်ဖြစ်နေသည်မဟုတ်ပါလား။

ကွမ်းရဲစမ်းသည် မာနကြီးသူတစ်ယောက်ဖြစ်သော်လည်း ရိုးသားပွင့်လင်းလှသည်။

သူ့အပေါ်တွင်လည်း ပြေပြေပြစ်ပြစ် စေတနာထားဆက်ဆံသူလည်း ဖြစ်ပေသည်။

ဝိညာဉ်မဲ့ဂူလောက်ညောင်ဆိုသည်မှာ သူ့အား မေ့မြောသွားစေသော ခေါင်းကြီးအဘိုးအိုမှန်း သူ ကောင်းစွာရိပ်မိလိုက်သည်။

သို့သော် သူဘာမျှမတတ်နိုင်ဘဲ ငြိမ်၍ နားထောင်နေရပြန်သည်။ ထိုသူနှစ်ဦးက ဆက်ပြောနေကြ၏။

"အစ်ကိုကြီး... အဲဒီကွမ်းရဲစမ်း အဖမ်းခံရတယ်ဆိုတဲ့သတင်းဟာ ကျွန်တော်တို့အတွက် မင်္ဂလာရှိတဲ့သတင်းတစ်ပုဒ် ဖြစ်လာတာပေါ့"

"ဘာ မင်္ဂလာရှိတဲ့သတင်းဖြစ်ရမှာလဲ... ဝိညာဉ်မဲ့ဂူလောက်ညောင် အဲဒီကောင်မလေးကိုဖမ်းထားတာ၊ သူ့အဖေ ကြူလုံပေါင်း

ဝိုက်းချုပ်ကြီးကို အကျပ်ကိုင်မလို့ ပြန်ပေးဆွဲသွားတာကွ"

"သူ့အဖေကကော အညှဲခံမှာတဲ့လား"

"အေး... သူ့အဖေကတော့ သူ့သမီးကိုသိပ်ချစ်ရာတာ၊ ချက်ချင်းလူ့စုပြီး သမီးကိုကယ်တင်ဖို့တိုက်ခိုက်မှာပဲ၊ ဒီလိုသာဆိုရင်တော့ ကျွန့်ဖိန်တောင်မှာ သိုင်းပညာကျွမ်းကျင်တဲ့ အဆင့်မြင့်သိုင်းသမားနှစ်ယောက် လျော့သွားတာပေါ့ကွာ၊ ဟား... ဟား... ဟား"

"ဟုတ်တာ့ ဟုတ်ပါတယ်၊ ကျန်တဲ့လူတွေကကော...."

"မပူပါနဲ့ကွာ... ငါ့မှာအကြံအစည် ရှိပါတယ်"

ပြောရင်း ပြောရင်းမှ အသံများတိုးသွားသည်။ လင်းထက်ဆွေ နားစွင့်ပါသော်လည်း တိုးညင်းလွန်းသည့်အတွက် မည်သည့်စကားသံကိုမျှ မကြားရတော့ပေ။

သူသည် တစ်ကိုယ်လုံးရှိသွေးကြောများကို အတွင်းအားဖြင့် လည်ပတ်အောင်ပြုလုပ်ပြီး သူ၏ဒဏ်ရာများကိုကုသလိုက်သည်။

အတွင်းအားလှည့်ပတ်မှု တစ်ပတ်လည်သွားသောအခါ သူ၏ဒဏ်ရာများ ပျောက်ကင်းသက်သာသွားတော့သည်။

ထို့ကြောင့် ထရပ်လိုက်သည်။ တိုးညင်းသောစကားသံများကိုကြားနိုင်ရန် ရှေ့သို့တိုးရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်....

"ဟား... ဟား... ဟား"

အသံတိုးတိုးပြောနေသူများသည် အော်ကြီးဟစ်ကျယ် ရယ်ကြပြန်တော့သည်။ စကားသံများလည်း ကျယ်လောင်လာပြန်၏။



"အစ်ကိုကြီးရဲ့အကြံမဆိုးဘူး... အဲဒီအချိန်ကျရင် ကျွန်တော်တို့နှစ်ယောက်ရဲ့လုပ်ဆောင်ချက်တွေကြောင့် သိုင်းလောကတစ်ခုလုံး သေကြေပျက်စီးကုန်ကြရတော့မယ်၊ ကျောက်စိမ်းဓာကရာဇ်သိုင်းကျမ်းကြီးလဲ ကျွန်တော်တို့နှစ်ယောက်ပိုင်ရတော့မယ်၊ အဲဒီအချိန်ကျမှ ဘယ်သူက ကျွန်တော်တို့ဆီက လာလုနိုင်တော့မှာပဲ၊ ဟား... ဟား... ဟား"

"အဲဒါ ငါ့ရဲ့မျိုးပြုတ်တိုက်စစ် နည်းဗျူဟာပေါ့ကွ"

"ကောင်းတယ်... သိပ်ကောင်းတယ်၊ ဒါပေမယ့် နည်းနည်းတော့ ရက်စက်တယ်"

"ရက်စက်တာကို လူသိတာမှတ်လို့ကွာ၊ ငါတို့က ရှေ့တင်ပြောင်ပြောင်တင်းတင်း လုပ်နေဖို့မလိုဘူး။ တို့ရဲ့ အကြံအစည်အတိုင်း ကွယ်ရာကနေ လုပ်ကြကြရမှာပဲ၊ ကဲ... ဘာမှထပ်ပြောမနေနဲ့... သွားကြစို့"

ပြောပြောဆိုဆိုဖြင့် နှစ်ဦးသားမှာ ရိပ်ခနဲထွက်ပြေးသွားကြတော့သည်။

လင်းထက်ဆွေမှာ စိတ်လှုပ်ရှားသွားရလေသည်။ သူတို့၏ပြောစကားအရ သိုင်းလောကတစ်ခုလုံး မျိုးပြုတ်အောင်ကြံစည်နေသဖြင့် မကောင်းသောအကြံအစည်တစ်ခုဖြစ်ကြောင်းကိုမူ သူ စဉ်းစားမိသည်။

သို့သော် သူဘာမျှမတတ်နိုင်ပေ။ သူသည် သိုင်းလောက၌ လူသစ်သာဖြစ်သည်။ ထို့ကြောင့် ထိုနေရာမှစတင်ထွက်ခွာသွား

တော့သည်။

လင်းထက်ဆွေ ကံဆိုးပေသည်။ သူထွက်လာသည်နှင့်တစ်ပြိုင်နက် ဝတ်ရုံဖြူဝတ်ဆင်ထားသူလေးဦးသည် သူ့ရှိရာသို့ အပြေးအလွှား ရောက်ရှိလာလေတော့သည်။

လင်းထက်ဆွေမှာ အလွန်တရာ လျင်မြန်စွာ ရောက်လာသူများကို အံ့သြစွာ ကြည့်မိသည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

ဝတ်စုံဖြူဝတ်ဆင်ထားသူလေးဦးသည် ဘာမျှပြန်မဖြေပဲ သူတို့၏ပါးစပ်များမှ သရဲတစ္ဆေများအော်ဟစ်သကဲ့သို့ အော်ဟစ်လိုက်ကြပြီး လင်းထက်ဆွေကိုဝိုင်းထားလိုက်ကြသည်။

သူတို့၏သိုင်းပညာအရည်အချင်းကို လုံးဝမသိရသဖြင့် လင်းထက်ဆွေအဖို့ ရင်မောဖွယ်ရာပင်။

လင်းထက်ဆွေမှာ ဝမ့်ပေါင်တောင်တန်းမှထွက်လာကတည်းက ဤကဲ့သို့သောအဖြစ်မျိုးကို မကြုံဆုံခဲ့ဖူးပေ။

သူသည် စိတ်ကိုတည်ငြိမ်အောင်ထားလိုက်ပြီး ခုခံရန် အသင့်ပြင်ဆင်ထားမိသည်။

"ခင်ဗျားတို့ ဒီလိုလုပ်တာ ဘာအဓိပ္ပာယ်လဲ"

"မင်းက ထွက်ပြေးဖို့စိတ်ကူးနေတာလား"

လင်းထက်ဆွေက အေးစက်မာကျောစွာ မေးလိုက်သည်။

"ခင်ဗျားတို့ ကျုပ်ကိုဘာကြောင့် ရန်ရှာချင်ရတာလဲ"

"ဟား... ဟား... ဟား နှင်းတောင်သရဲလေးဦးရဲ့နာမည်ကို



မင်းနည်းနည်းလေးမှ မကြားဖူးဘူးလား"

"သရဲလေးဦးပဲ ဖြစ်ဖြစ် တစ္ဆေလေးကောင်ပဲဖြစ်ဖြစ်... ကျုပ်ဘာမှမသိဘူး။ ကျုပ်နဲ့ခင်ဗျားတို့နဲ့ ဘာမှမပတ်သက်တာပဲ"

လင်းထက်ဆွေမှာ အကြောင်းမဲ့သက်သက် ဝိုင်းထားခြင်းခံရသည့်အတွက် ဒေါသတကြီးဖြစ်ပြီး ပြန်ပြောလိုက်သည်။

"ဘာမှမသိဘဲ သေရတာ အကောင်းဆုံးပေါ့ကွာ"

လေးယောက်သားပြောပြီးသည်နှင့် လေးဘက်လေးတန်မှ ဝင်ရောက်တိုက်ခိုက်တော့သည်။

လင်းထက်ဆွေက လက်ဝါးဖြင့် ရိုက်ထုတ်နိုင်၏။

"ခင်ဗျားတို့က ဘာမှန်းမသိ ညာမှန်းမသိနဲ့ ကျုပ်ကို ဒီလိုပဲ အကြောင်းမဲ့သက်သက် တိုက်ခိုက်ရသလား"

ထိုစဉ် တဝိုဝိုအော်သံနှင့်အတူ ရွှေရောင်များ လင်းလက်သွားပြီး နှင်းတောင်သရဲလေးဦးမှာလည်း လွင့်စင်သွားကြလေတော့သည်။

"ကောင်လေး... မင်း ဘာငေးနေတာလဲ"

လင်းထက်ဆွေသည် ချာခနဲ လှည့်ကြည့်မိလေ၏။

ရွှေရောင်ဝတ်ရုံကြီးဝတ်ဆင်ထားသော ထွားထွားကျိုင်းကျိုင်းလူကြီးတစ်ဦးသည် သူ့နောက်၌ရပ်လျက်ရှိနေသည်။

နင်းတောင်သရဲလေးကောင်အား လွှင့်စဉ်သွားအောင် လုပ်လိုက်သူမှာ ထိုပုဂ္ဂိုလ်ကြီးသာဖြစ်ကြောင်း လင်းထက်ဆွေ သိလိုက်ပါသည်။

လင်းထက်ဆွေက လက်အုပ်ချီပြီး နှုတ်ဆက်လိုက်သည်။

"ဘဘ... အခုလိုကူညီတဲ့အတွက် ကျေးဇူးအထူးပဲတင်ပါတယ် ခင်ဗျား"

ရွှေရောင်ဝတ်ရုံနှင့်လူက တဟားဟား အော်ဟစ်ရယ်မောလေ၏။ ထို့နောက် လင်းထက်ဆွေအား မေးသည်။

"မင်းနဲ့နင်းတောင်သရဲလေးဦးနဲ့ ဘာများ ပြဿနာတွေရှိနေလို့လဲ"

လင်းထက်ဆွေ နင်းတောင်သရဲလေးဦးကို မျက်လုံးဝေ့ကြည့်လိုက်သည်။

သူတို့လေးယောက်မှာ စောစောကလို ရက်စက်ကြမ်းကြုတ်သည့်အသွင်သဏ္ဌာန်မရှိတော့ဘဲ ကြောက်ရွံ့ထိတ်လန့်သည့်မျက်နှာများဖြင့် တုန်တုန်ယင်ယင် ရပ်နေကြောင်းတွေ့လိုက်ရသည်။

"ကျွန်တော် သူတို့ကို လုံးမသိပါဘူးခင်ဗျား၊ သူတို့က ကျွန်တော့်ကို ဘာကြောင့်ရန်ရှာကြတယ်ဆိုတဲ့အကြောင်းရင်းကိုလဲ ကျွန်တော်မသိပါဘူး"

လင်းထက်ဆွေ၏အဖြေစကားကိုကြားလျှင် နင်းတောင်သရဲလေးဦးထဲမှတစ်ယောက်က ရှေ့သို့တက်လာပြီးလျှင်...

"သခင်ကြီး... ဒီကောင်လေးဟာ..."



ရွှေရောင်ဝတ်ရုံနှင့်လူကြီးက ထိုသူ့ကိုစူးစူးစိုက်စိုက်ကြည့်လိုက်ပြီး သူ၏စကားမဆုံးခင်မှာပင် အော်ငေါက်အမိန့်ပေးလိုက်သည်။

"ပါးစပ်ပိတ်ထားလိုက်စမ်း... မင်းကို ဘယ်သူကမေးနေသေးလို့ ဝင်ပြီး လျှာရှည်နေရတာလဲ"

ထိုသူမှာ ဘာမျှပြန်မပြောရဲပဲ ငြိမ်ကုပ်သွားသည်။

ရွှေရောင်ဝတ်ရုံရှင်က လင်းထက်ဆွေကို ခြေဆုံးခေါင်းဆုံး အပြန်ပြန် အလှန်လှန် ကြည့်ရှုလိုက်လျှင် ကိုယ့်ကိုယ်ကို ပြောသည့်အလား တိုးတိုးရေရွတ်လိုက်လေသည်။

"အင်း... မဆိုးဘူး၊ ပုံပန်းသဏ္ဌာန်ကိုကြည့်ရတာတော့ သိုင်းလောကမှာ ထင်ရှားကျော်ကြားနိုင်မယ့်ရုပ်မျိုးပဲ"

လင်းထက်ဆွေမှာ ရွှေရောင်ဝတ်ရုံ၏စေ့စေ့စပ်စပ် အကဲခတ်ကြည့်ရှုနေခြင်းကိုမနေတတ် မထိုင်တတ်ဖြစ်နေသည်။

ထိုစဉ် သူသည် နတ်ကျားပွတ်မယ်၏ဘေးဒုက္ခကို ရုတ်တရက် သတိရလာ၏။

ထို့ကြောင့် ရွှေဝတ်ရုံရှင်အား လက်အုပ်ချီကာ နှုတ်ဆက်စကားဆိုလိုက်ရသည်။

"ဘဘ... ကျွန်တော့်ကိုခွင့်ပြုပါဦး"

ရွှေရောင်ဝတ်ရုံရှင်မှာ လင်းထက်ဆွေ၏နှုတ်ဆက်စကားကြောင့် အိပ်မက်မှလန့်နိုးလာသည့်ပမာ ဆတ်ခနဲ ဖြစ်သွားရသည်။

"လူကလေးက ဘယ်ကိုသွားမှာလဲကွယ့်"

လင်းထက်ဆွေမှာ လိမ်တတ်ညာတတ်သူတစ်ဦးမဟုတ်သည့်အတွက် ကျန့်ဖိန်တောင်ကိုသွားမည်ဖြစ်ကြောင်း အမှန်အတိုင်းပင် ဝန်ခံဖြေကြားလိုက်သည်။

ရွှေရောင်ဝတ်စုံရှင်မှာ မျက်မှောင်ကုတ်သွားပြီး....

"ကျန့်ဖိန်တောင် ဟုတ်လား... ဘာလဲ မင်းကလဲ ကျောက်စိမ်းကေရာဇ်သိုင်းကျမ်းလုတဲ့အထဲမှာ ဝင်ပါမလို့လား"

လင်းထက်ဆွေမှာ ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်ပြီး တည်ငြိမ်အေးဆေးသည့်လေသံဖြင့် ပြန်ဖြေလိုက်သည်။

"မဟုတ်ပါဘူးခင်ဗျာ... ကျွန်တော့်မှာ သိုင်းပညာမစုံသေးသလို အဆင့်မြင့်မြင့်တတ်ကျမ်း မထားသေးပါဘူး။ ပြီးတော့ အဲဒီသိုင်းကျမ်းကိစ္စကိုလဲ ကျွန်တော်စိတ်မဝင်စားပါဘူး ခင်ဗျာ"

ရွှေရောင်ဝတ်ရုံရှင်မှာ လင်းထက်ဆွေ၏အဖြေစကားကြောင့် တအံ့တသြဖြစ်သွားသည်။

"ဒါဆိုရင် မင်းက...."

"ကြူလုံပေါင်း ဂိုဏ်းချုပ်ကြီးဆီကိုသွားမလို့ပါ"

"မင်းက ကြူလုံပေါင်းဂိုဏ်းက ဂိုဏ်းသားလား"

ရွှေရောင်ဝတ်ရုံရှင်၏အမေးစကားသံမှာ ဒေါသသံအနည်းငယ် ဖွတ်နေလေသည်။

လင်းထက်ဆွေစိတ်ထဲတွင် ထိုရွှေရောင်ဝတ်ရုံနှင့် ကြူလုံပေါင်းဂိုဏ်းတို့မှာ တစ်ဘက်နှင့်တစ်ဘက် မသင့်မမြတ် ရန်ဘက်အနေအထားတွင် ရှိနေကြလိမ့်မည်ဟု ခန့်မှန်းမိပေသည်။



ထို့ကြောင့် စကားကိုထိန်းသိမ်းပြောရန် သတိထားလိုက်ရလေသည်။

"မဟုတ်ပါဘူးခင်ဗျာ... ကျွန်တော်က ကြူလုံပေါင်းဂိုဏ်းက မဟုတ်သလို ကြူလုံပေါင်းဂိုဏ်းချုပ်ကြီးကိုလဲ တစ်ခါမှမမြင်ဖူးပါဘူး"

"ဒါဖြင့် မင်းက သူ့ကိုရှာပြီး ဘာလုပ်မလို့လဲ"

"သတင်းတစ်ခုပေးမလို့ပါ"

"သတင်း ဟုတ်လား... ဘာသတင်းလဲ"

လင်းထက်ဆွေမှာ စကားကိုဆင်ခြင်ပြောရမည်ကိုသိသည်။ နတ်ကျာပွတ်မယ်ကွမ်းရဲစမ်း၏သိက္ခာကို ထိန်းသိမ်းသည့်အနေဖြင့် သူမ အဖမ်းခံနေရသည့်အကြောင်းကို အများရှေ့တွင် ဖွင့်မပြောသင့်ဟု တွေးမိလေသည်။

ရွှေရောင်ဝတ်ရုံရှင်ကိုလည်း မလိမ်ညာချင်သည့်အတွက် အလိမ္မာသုံးကာ ပြောကြားလိုက်ရလေ၏။

"ဘာဘာ... ဒါဟာ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခု ဖြစ်နေပါတယ်၊ တခြားလူကိုပြောပြလို့မသင့်တဲ့အတွက် ကျွန်တော့်ကိုခွင့်လွှတ်ပါ"

ရွှေရောင်ဝတ်ရုံရှင်မှာ ကိုယ်ရေးကိုယ်တာကိစ္စဟူသောစကားကို ထပ်တလဲလဲ ရေရွတ်နေမိလေသည်။

သူ့စိတ်ထဲတွင် လင်းထက်ဆွေ၏ ရိုးသားပွင့်လင်းမှုကို အတော်လေး သဘောတွေ့နေလေသည်။

ထိုစဉ်နှင်းတောင်သရဲလေးဦးထဲမှ တစ်ဦးက ရှေ့သို့တက်

လာပြီး ဝင်ပြောလိုက်လေသည်။

"သခင်ကြီးခင်ဗျား... ကျွန်တော်တို့ ညီအစ်ကိုတတွေ ဒီချ
တိတ်ကို မေးစမ်းနေရတဲ့အကြောင်းရင်းကတော့ မိုင်တစ်သောင်း
လေပွေဖူးကျားလိုကို သူပုန်းအောင်းနေတဲ့နေရာက ထွက်လာတာ
မြင်ရလို့ပါပဲ၊ ကျွန်တော်တို့ရောက်လာတော့ ဒီချာတိတ် အဲဒီထဲက
ထွက်လာခဲ့ပါတယ်"

ရွှေရောင်ဝတ်ရုံရှင်၏မျက်နှာမှာ ချက်ချင်း တင်းမာသွား၏။

"မိုင်တစ်သောင်းလေပွေ ဖူကျားလို ဟုတ်လား"

နှင်းတောင်သရဲလေးဦးစလုံးက ပြိုင်တူပြန်ဖြေသည်။

"ဟုတ်ပါတယ်... ဖူးကျားလိုဟာ ကျွန်တော်တို့ ကျင်းစိမ်း
ကျောက်ဂိုဏ်းရဲ့ အဓိကရန်သူပါပဲ"

"ကျင်းစိမ်းကျောက်ဂိုဏ်းရဲ့ရန်သူ ဖူးကျားလို... ဒီကောင်က
ဘာကောင်လဲ၊ သိပ်ပြီး အစွမ်းထက်နေလို့လား၊ သိပ်ပြီး လျှင်မြန်
သွက်လက်နေလို့လား"

ရွှေရောင်ဝတ်ရုံရှင်၏လေသံမှာ ခြသေ့်တစ်ကောင်အလား
ဟိန်းထွက်နေသည်။

ဒေါသထွက်လွန်းသဖြင့် လက်ကိုဝှေ့ယမ်းနေရာ အကျီအ
များ၏လှုပ်ခတ်သံမှာ တဖြန်းဖြန်း မြည်နေသည်။

နှင်းတောင်သရဲအားလုံးမှာ ကြောက်ရွံ့သည့်အမူအရာများ
ဖြင့် ထစ်ထစ်ငေါ့ငေါ့ ဖြေကြသည်။

"မ... မ... မဟုတ်ပါဘူး၊ ဖူးကျားလိုဟာ ကျင်းစိမ်းကျောက်



ဂိုဏ်းရဲ့သစ္စာဖောက် တပည့်တစ်ယောက်ဖြစ်ပါတယ်"

ရွှေရောင်ဝတ်ရုံရှင်က လင်းထက်ဆွေအား ခက်ထန်စွာ မေး
လိုက်၏။

"မင်းက ဖူးကျားလိုနဲ့ဘယ်လိုပတ်သက်နေသလဲ... ပြော
စမ်း"

"ကျွန်တော် သူ့ကိုသိလဲ မသိပါဘူး၊ သူ့နာမည်ကိုတောင်မှ
မကြားဖူးပါဘူး"

"မင်း တကယ်ပြောနေတာလား"

"ကျွန်တော်ယောကျ်ားတစ်ယောက်ပါ... သေရမယ့်ကိစ္စဖြစ်
နေတာတောင် ကျွန်တော် လိမ်မပြောပါဘူး"

"မင်း ငါ့ကိုမညာဘူးပေါ့"

"မညာပါဘူး"

"ဒါဖြင့်ရင် မင်း ငါ့ကိုကိစ္စတစ်ခုဆောင်ရွက်ပေးရမယ်"

"ကျွန်တော်တတ်နိုင်တဲ့ကိစ္စဆိုရင် ဆောင်ရွက်ပေးပါ့မယ်"

"မင်း တကယ်ကတိပေးသလား"

"ကတိပေးပါတယ်... ကျွန်တော်တတ်နိုင်တဲ့ကိစ္စဆိုရင် ဘာ
မဆိုဆောင်ရွက်ပေးပါ့မယ်၊ အဲ... မတတ်နိုင်တဲ့ကိစ္စဆိုရင်တော့..."

"ဒါဆို ကောင်းပြီ"

ရွှေရောင်ဝတ်ရုံရှင်မှာ ပြောပြီးသည်နှင့်ရုတ်တရက် လင်း
ထက်ဆွေအနီးသို့ရောက်လာပြီး လက်မောင်းကိုဆန့်ထုတ်ကာ လင်း
ထက်ဆွေ၏ညာလက်ကို ဖမ်းဆွဲထားလိုက်သည်။

သူ၏လှုပ်ရှားမှုမှာ လျင်မြန်လှသဖြင့် လင်းထက်ဆွေမှာ မ ထင်မှတ်ပဲ လက်ကိုအကိုင်အချုပ်ခံလိုက်ရသည်။

သူသည် အကြီးအကျယ် လုံးဝထုံကျဉ်ကိုက်ခဲခြင်း မရှိပေ။ သူ့အား ရန်သူတိုက်ခိုက်ရန် ဖမ်းကိုင်ထားခြင်းမဟုတ်ကြောင်း ရိပ်မိမှ စိတ်သက်သာရာရသွား၏။

"ဘာကိစ္စပါလဲ ဘဘ"

လင်းထက်ဆွေက ဣန္ဒြေရရပင် ပြန်မေးလိုက်သည်။

ဝတ်ရုံရှင်မှာ သက်ပြင်းရှည်ကြီးချလိုက်ပြီး လေးတွဲ့သော လေသံဖြင့် ပြောသည်။

"ငါဟာ ငါ့ရဲ့ဆရာဘိုးဘိုးဆီက သိုင်းပညာအားလုံးကို သင် ယူလက်ခံရရှိလိုက်တယ်၊ အဲဒီပညာတွေနဲ့ ကျင်းစိမ်းကျောက်ဂိုဏ်းကို နှစ်ပေါင်းခြောက်ဆယ်ကျော် အုပ်ချုပ်လာခဲ့တယ်၊ ငါ့တာဝန်ကို ဆက် လက်လွှဲပြောင်းလက်ခံယူမယ့် ငါတို့အဖွဲ့သားတစ်ဦးကိုလဲ စိတ်တိုင်း ကျရွေးချယ်ပြီးခဲ့ပြီ၊ ဒီနေ့ညမှာ ငါ့ အခုလက်ရှိရာထူးက နုတ်ထွက်ရ တော့မယ်"

"ဒါဟာ ဘဘကို့ကျင်းစိမ်းကျောက်ဂိုဏ်းရဲ့ကိစ္စပဲ၊ ကျွန် တော်နဲ့ ဘာမှဆိုင်မယ် မထင်ပါဘူး"

ဤစကားစုများမှာ လင်းထက်ဆွေ၏စိတ်ထဲမှ တီးတိုးရေ ရွတ်လိုက်ခြင်းသာ ဖြစ်ပေသည်။

သူနုတ်ထွက်စကားများမှာကား....

"ဘဘဟာ သင့်တော်တဲ့လူတစ်ယောက်ကို ရွေးချယ်နိုင်ခဲ့



တယ်ပေါ့... ကျွန်တော် ဝမ်းသာပါတယ်ခင်ဗျာ"

"ဟုတ်တယ်... သင့်တော်တဲ့လူကို ငါရွေးချယ်ခဲ့ပြီးပြီ၊ ဒါပေ မယ့် အဲဒီလူဟာ လွန်ခဲ့တဲ့တစ်နှစ်လောက်ကပဲ ငါတို့ရဲ့ဂိုဏ်းကိုသစ္စာ ဖောက်သွားခဲ့တယ်၊ ငါနဲ့လဲ အတွေ့မခံတော့ဘူး။ အခုထိ ငါဟာ သူ့သ တင်းကို ဘာမှမကြားရတော့ဘူး"

ရွှေဝတ်ရုံရှင်၏လေသံမှာ ဝမ်းနည်းစိတ်ပျက်ဟန်အပြည့်ပါ နေသည်။

သူ၏မျက်နှာအမူအရာမှာလည်း ဆယ်နှစ်ခန့်အိုစာသွားပုံရ သည်။

သူသည် တပည့်ဖြစ်သူအပေါ်တွင် ယုံကြည်ချက်အပြည့်အ ဝထားရှိခဲ့သော်လည်း ထိုယုံကြည်စိတ်ချရသည့်သူက သစ္စာဖောက် ခြင်းခံရသည့်အတွက် အကြီးအကျယ် စိတ်ထိခိုက်နာကျည်းမိပေလိမ့် မည်။

လင်းထက်ဆွေက....

"ဘဘတို့ဂိုဏ်းရဲ့သစ္စာဖောက်ဆိုတာ စောစောက ပြောတဲ့ ဖူးကျားလိုပဲ ထင်ပါတယ်၊ ကျွန်တော်ပြောတာ ဟုတ်ပါသလား ဘဘ ခင်ဗျာ"

"အေး... ဟုတ်တယ်"

လင်းထက်ဆွေက ရွှေဝတ်ရုံရှင်စိတ်သက်သာရာမှ ရပါစေ တော့ဟူသောသဘောဖြင့် နှစ်သိမ့်စကားဆိုလိုက်သည်။

"ဒါဖြင့်ရင်လဲ ဘဘရယ်... သူ့ထက်တော်ပြီး သူ့ထက်

ကောင်းတဲ့လူတစ်ယောက်ကိုထပ်ရွေးပြီး သူ့နေရာမှာ အစားထိုးနိုင်တာပါပဲ၊ ဘာဖြစ်လို့ သစ္စာဖောက်တစ်ယောက်ကို အားထားနေရတာလဲ... သူ့ကိုဘာဖြစ်လို့ ရှာရတော့မှာလဲ"

ရွှေရောင်ဝတ်ရုံရှင်မှာ လင်းထက်ဆွေ၏နှစ်သိမ့်စကားကြောင့် ပြုံးယောင်သမ်းသွားရသည်။ ထို့နောက် တည်ငြိမ်အေးဆေးစွာ ပြော၏။

"ငါလဲ ဒီလိုပဲ စဉ်းစားထားမိပါတယ်၊ အခုတော့ သူ့နေရာမှာ လူစားထိုးဖို့လူလဲ ရပါပြီ"

"ဟုတ်လား... ဒါဆို သိပ်ကောင်းတာပေါ့ခင်ဗျာ၊ ကျွန်တော့်ကိုတော့ သွားခွင့်ပြုပါတော့၊ ကျွန်တော့်မှာ ဆောင်ရွက်စရာကိစ္စကလေးတွေ ရှိနေပါသေးတယ်"

ရွှေရောင်ဝတ်ရုံရှင်သည် လင်းထက်ဆွေကိုငေးစိုက်ကြည့်နေသည်။ အတန်ကြာစိုက်ကြည့်နေပြီးမှ ခပ်တိုးတိုး ပြောလိုက်သည်။

"မင်းသွားလို့ ဘယ်ဖြစ်မှာလဲ... လူစားထိုးဖို့တွေ့ထားတဲ့သူကတော့ မင်းပဲပေါ့"

"ခင်ဗျာ...."

လင်းထက်ဆွေမှာ အကြီးအကျယ် အံ့အားသင့်သွားရလေတော့သည်။

မထင်မှတ်သောစကားကိုကြားလိုက်ရသဖြင့် ရွှေရောင်ဝတ်ရုံရှင်အား မင်တက်ငေးကြောင်ကြည့်နေမိတော့သည်။

"ငါပြောတာကို မင်း ဘယ်လိုသဘောရသလဲ"



ရွှေရောင်ဝတ်ရုံရှင်က လင်းထက်ဆွေထံမှ ဆန္ဒတောင်းခံလိုက်သည်။

လင်းထက်ဆွေက ခေါင်းကိုသွက်သွက်ခါယမ်းလိုက်ပြီး....

"မဖြစ်ပါဘူး ဘဘရယ်... ဒီတာဝန်ကို ကျွန်တော်လက်မခံပါရစေနဲ့"

ရွှေရောင်ဝတ်ရုံရှင်မှာ လင်းထက်ဆွေထံမှမျှော်လင့်မထားသည့်စကားကိုကြားလိုက်ရသဖြင့် အံ့အားသင့်သွားသည်။

"ဘာကြောင့် ဒီတာဝန်ကို လက်မခံနိုင်ရတာလဲ"

"ကျွန်တော့်မှာ နဂိုမူလကတည်းက ဆရာရှိပြီးသားပါ၊ လက်ဦးဆရာဆိုတာကို မပစ်ပယ်သင့်ကောင်းပါဘူး၊ ပစ်ပယ်မိခဲ့ရင်လဲ အသေဆိုးနဲ့သေပြီး အကြီးအကျယ် ပျက်စီးဆုံးရှုံးရပါလိမ့်မယ်"

နှင်းတောင်သရဲလေးဦးမှာ ရုတ်တရက် တစ်ပြိုင်တည်း ရှေ့သို့တိုးလာကြပြီး တလေးတစားလေသံဖြင့် ပြောလိုက်ကြပြန်သည်။

"ကျင်းစိမ်းကျောက်ဂိုဏ်းဆိုတာ သိုင်းလောကမှာ အင်မတန် ထင်ရှားကျော်ကြားတဲ့ဂိုဏ်းအဖွဲ့တစ်ဖွဲ့ပါပဲ၊ အခြားလူသာဆိုရင် ဒီလိုရာထူးမျိုး သိပ်လိုချင်ကြမှာပါ၊ ခင်ဗျားကုသိုလ်ကံထူးလို့ သခင်ကြီးက ခင်ဗျားကိုရွေးတာပါ"

ရွှေဝတ်ရုံရှင်က လင်းထက်ဆွေကို မေတ္တာရပ်ခံသောအကြည့်ဖြင့် ကြည့်သည်။

ထို့နောက် ခပ်မင်ရင်းနှီးသောလေသံဖြင့် တောင်းတောင်းပန်ပန် ပြောသည်။

"ငါ့ကိုကူညီပါ လူကလေး... ငါပေးတဲ့တာဝန်ကိုလက်ခံလိုက်ပါ၊ ဒီလိုလက်ခံလိုက်လို့လဲ မင်းဟာ မင်းဆရာရဲ့လက်အောက်ကထွက်ခဲ့ဖို့ မလိုအပ်ပါဘူးကွယ်"

လင်းထက်ဆွေမှာ ရွှေရောင်ဝတ်စုံရှင်ကိုကြည့်ပြီး စာနာစိတ်ဝင်လာရသည်။

အမှန်တကယ် အကူအညီလိုအပ်သဖြင့် တောင်းခံလာသူကို လင်းထက်ဆွေအနေဖြင့် မဆိုင်းမတွပင် အကူအညီပေးချင်သည်။

သို့သော် သူတွင် မိဘကိုသတ်သွားသည့်ရန်သူ၊ ဆရာကို သတ်သွားသည့် ရန်သူများကိုရှာဖွေရန် ကြီးလေးသောတာဝန်များက ရှိနေပေသေး သည်။

ထို့ကြောင့် ရိုရိုသေသေ လေးလေးစားစားပင် ငြင်းပယ်စကား ဆိုရလေသည်။

"ဘဘ... ကျွန်တော် ဘဘရဲ့စေတနာမေတ္တာကို လက်မခံချင်လို့မဟုတ်ပါဘူး၊ ကျွန်တော့်မှာ သွေးကြွေးပေးဆပ်ရမယ့်တာဝန်နဲ့ လုပ်စရာ အလုပ်တွေ အများကြီး ရှိနေသေးလို့ပါခင်ဗျာ"

"ရန်သူကိုရှာဖွေဖို့ကိစ္စက လွယ်ကူပါတယ်... ကျင်းစိမ်းကျောက်ဂိုဏ်းက အဲဒီတာဝန်တွေအားလုံးကို ယူပါတယ်၊ မင်းရဲ့ရန်သူဟာ ကျင်းစိမ်းကျောက်ဂိုဏ်းရဲ့ရန်သူပဲပေါ့ကွယ်"

ရွှေဝတ်ရုံရှင်က လိုက်လိုက်လျောလျော ပြောပြန်သည်။

လင်းထက်ဆွေမှာ အခက်ကြီး ခက်နေရတော့၏။ ဤပုဂ္ဂိုလ်ကြီး၏သိုင်းပညာကိုလည်း သူသိနေပြီဖြစ်၍ သတိထား၍ စ



ကားပြောနေရသည်။

"ကျေးဇူးတင်ပါတယ် ဘဘရယ်... ဒါပေမယ့် ဘဘပေးတဲ့ ရာထူးကိုတော့ ကျွန်တော် လက်မခံပါရစေနဲ့"

"မင်း တကယ်လက်မခံဘူးလား"

ရွှေဝတ်ရုံရှင်၏လက်များသည် တင်းကျပ်သွားသည်။

အကြောကိုင်ခံလိုက်ရသဖြင့် လင်းထက်ဆွေမှာ မေ့မြောလုနီးပါး ခံစားလိုက်ရသည်။ ရွှေဝတ်ရုံရှင်၏မျက်နှာမှာမူ ခပ်ပြုံးပြုံးပင်။

"ကောင်လေး... လက်မခံနိုင်ဘူးဆိုတဲ့ စကားတစ်ခွန်းကို နောက်ထပ်ပြောရရင် ပြောကြည့်စမ်း၊ အဲဒီတော့မှ ငါ့ကိုရက်စက်တယ်လို့မပြောနဲ့"

သို့ရာတွင် ရွှေဝတ်ရုံရှင်၏အမူအရာမှာ တမုဟုတ်ချင်း ပြောင်းလဲလာသည်။ လေသံသည်လည်း မာထန်လာသည်။ လင်းထက်ဆွေက ရှင်းလင်းတောင်းပန်ရန် ပါးစပ်ဟလိုက်သည်။

"ဘဘ..."

"ဝုန်း..."

သူ့စကားမဆုံးမီမှာပင် သူတို့၏ အပေါ်ဘက်တောင်ကုန်းဆီမှ လူတစ်ယောက် ရုတ်တရက် ကျလာခဲ့သည်။

ထိုသူ၏တစ်ကိုယ်လုံးမှာ တောင့်တင်းနေပြီး ပါးစပ်မှလည်း သွေးများယိုစီး ထွက်နေလေသည်။

ရွှေဝတ်ရုံရှင်သည် လင်းထက်ဆွေ၏လက်ကို လွှတ်လိုက်ပြီး အပေါ်မှကျလာသူအနီးသို့ တိုးကပ်သွားသည်။

ထိုသူမှာ ကျင်းစိမ်းကျောက်ဂိုဏ်းသားတစ်ယောက်ဖြစ်နေသည်ကိုတွေ့ရသဖြင့် ထိတ်လန့်သွားလေ၏။

ထိုသူသည် မြေပေါ်မှထရန် ကြိုးစားသည်။ စကားပြောနိုင်ရန် ကြိုးစားသည်။ မတ်တတ်ထိနိုင်စွမ်းလည်း သူ့တွင်ရှိမနေတော့ပေ။ ရွှေဝတ်ရုံရှင်က စစ်ဆေးသည်။

"မင်း အခုရထားတဲ့ဒဏ်ရာဟာ ငါတို့ဂိုဏ်းရဲ့ကျင်းစိမ်းအဆိပ်လက်ဝါးသိုင်း မဟုတ်လား"

ထိုသူက အားပြုပြီး အနိုင်နိုင်ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် အသက်ကိုပြင်းပြင်းရှူရှိုက်လိုက်ပြီး လက်တစ်ဖက်ကိုအရှေ့ဘက်ဆီသို့ညွှန်ပြကာ တီးတိုးလေသံဖြင့် ပြောလိုက်သည်။

"ဖူး... ကျား... လို"

"ဖူးကျားလို ဟုတ်လား၊ ဒီကောင်ဘယ်မှာလဲ... ရှေ့ဘက်သိပ်မဝေးတဲ့နေရာမှာ ရှိနေသလား"

ရွှေဝတ်ရုံရှင်က ဒေါသတကြီး မေးလိုက်သည်။

ထိုသူက ခေါင်းညိတ်ပြလိုက်သည်။ သူသည် အသက်ကိုအငမ်းမရ ရှူရှိုက်နေရသဖြင့် သူ့ရင်ဘတ်မှာဖားဖိုထိုးသကဲ့သို့ ဖြစ်နေသည်။

ခဏအကြာတွင် မည်းနက်သောသွေးအခဲများကို ဝေါခနဲအန်လိုက်၏။ ထို့နောက် အသက်ပါ ထွက်သွားလေတော့သည်။

"တောက်... သစ္စာဖောက် ခွေးကောင်၊ မင်းကိုမှမသတ်ရရင်



လူ့လောကမှာ ငါ ဆက်မနေတော့ဘူးဟေ့"

ရွှေဝတ်ရုံရှင်မှာ ဒေါသတကြီး အော်ဟစ်ကြွေးကြော်လိုက်ပြီးလျှင် သူ၏ခန္ဓာကိုယ်ကို ရုတ်တရက် လှုပ်ရှားလိုက်သည်။

သူ၏ကိုယ်ဖော့ပညာသုံးပြီး ပြေးထွက်သွားပုံမှာ ရွှေရောင်သစ်ရွက်ကလေးတစ်ရွက် လေထဲတွင်ဝဲပျံသွားသည့်အလား ကြည့်ကောင်းလှပေသည်။

လင်းထက်ဆွေမှာ မြေပြင်ပေါ်မှအလောင်းကိုကြည့်ပြီး ဘာမှုနားမလည်နိုင်အောင် ဖြစ်မိသည်။

ထိုစဉ် ရုတ်တရက် လှုပ်ဖြူများ ပြက်လိုက်သည့်အလား နှင်းတောင်သရဲလေးယောက်မှာ သူ့အား ဝန်းရံထားလိုက်ကြပြန်သည်။

လင်းထက်ဆွေမှာ ဒေါသထွက်သွားပြီး အော်ငေါက်လိုက်သည်။

"ခင်ဗျားတို့ ဘာလုပ်ချင်လို့လဲ... ခင်ဗျားတို့ရဲ့ သခင်ကြီးကတောင် ဘာမှမလုပ်ပဲနဲ့ ခင်ဗျားတို့က ဘာရှည်ရှည်ဝေးဝေး လုပ်ချင်ကြသလဲ"

သူတို့သည် ဒေါသမထွက်ပဲ လင်းထက်ဆွေကို သတိပေးစကားပြောကြသည်။

"ငါတို့ မင်းကိုသတိပေးမယ်... ကျန့်ဖိန်တောင်ကိစ္စမှာ မင်းဘယ်လိုမှဝင်မရှုပ်ပါနဲ့ကြားလား"

"ဝင်ရှုပ်တော့ ဘာဖြစ်မှာလဲ"

"မင်းအသက်ကို မနှမြောဘူးဆိုရင် မင်းကြိုက်သလို လုပ်နိုင်တယ်"

နှင်းတောင်သရဲလေးဦးမှာ စကားပြောပြီးသည်နှင့်တစ်ဦးကိုတစ်ဦး မျက်ရိပ်ပြအချက်ပေးလိုက်ကြသည်။

ထို့နောက် တစ်ပြိုင်တည်းပင် ရိပ်ခနဲ ရိပ်ခနဲ ပြေးထွက်သွားတော့သည်။

တစ်ခဏအတွင်းမှာပင် လေပြင်းတိုက်ခတ်မှုကြောင့် တိမ်လွှာများရွေ့လျားသွားသည့်အလား မြင်ကွင်းထဲမှပျောက်ကွယ်သွားလေတော့သည်။



## အခန်း(၉)
## အိုဘယ့်မွေးမေမေ

နှင်းတောင်သရဲလေးဦး ပျောက်ကွယ်သွားသည်နှင့် တောအုပ်တစ်ခုလုံးမှာ ပုစဉ်းရင်ကွဲအော်သံများ လွှမ်းခြုံလာသည်။

လင်းထက်ဆွေမှာ စိတ်ထဲ၌ အတော်ကလေး ကသိကအောက်ဖြစ်ခဲ့ရသည်။

သိုင်းလောကထဲသို့ သူရောက်၍မကြာမီ သိုင်းဂိုဏ်းများအကြား ဘုမသိဘမသိ ဆွဲသွင်းခြင်းခံရသည်။ သူလာရင်းကိစ္စပင် လမ်းစပျောက်မလို ဖြစ်နေခဲ့ရသည်။

"အင်း... ငါ ဒီအတိုင်းရပ်နေလို့ မဖြစ်ဘူး၊ တော်ကြာ ရွှေဝတ်ရုံရှင် ပြန်ရောက်လာရင် ငါပဲ ဒုက္ခဖြစ်မယ်"

လင်းထက်ဆွေသည် ကိုယ်ဖော့ပညာသုံးကာ ပြေးထွက်သွားတော့သည်။

ကျာပွတ်မယ် ကွမ်းရဲစမ်း၏သတင်းကို သူဖခင်ထံ အလျင်

အမြန်ပေးပို့ရမည်ဖြစ်၍ နောက်ထပ်အနှောင့်အယှက် တစ်စုံတစ်ရာ မတွေ့ချင်တော့ပေ။

အာရုဏ်တက်အလင်းရောင် ထွက်ပြူလာသောအခါ သူသည် ဂူပေါက်တစ်ခုကိုလှမ်းတွေ့လိုက်ရ၏။

သူသည် ဘာကိုမျှဂရုစိုက်မနေတော့ပဲ ဂူပေါက်ထဲဝင်လာခဲ့သည်။

ရှေ့တည့်တည့်တွင် လူတစ်ရိပ်ခန့် မြင့်မားသောကျောက်ဖျာကြီးတစ်ချပ်ပိတ်ဆီးထားသည်ကို တွေ့လိုက်ရ၏။

ကျောက်ဖျာပေါ် တွင်'ဝက်ပါ'ဟူသော ကျောက်ထွင်းစာလုံး ရှိနေသည်။

ဂူကား ရှည်လျားလှသည်မဟုတ်ပေ။ များမကြာမီ တစ်ဘက်ဂူထွက်ပေါက်သို့ ရောက်ရှိလာသည်။

နေမြင့်လာပြီဖြစ်၍ လမ်းကိုကောင်းစွာ မြင်နေရသည်။ သွားရင်းသွားရင်းမှ လင်းထက်ဆွေ၏စိတ်ထဲ၌ ဇဝေဇဝါဖြစ်လာသည်။

သူလျှောက်နေသောလမ်း... သူသွားနေသောနေရာများသည် ယခင်က ရောက်ဖူးသလိုလို စိတ်ထဲတွင် ထင်လာမိသည်။

သူ့ဝမ်းဗိုက်ထဲတွင်လည်း ဆာလောင်မှုတ်သိပ်လာသည်။ သူ့ကိုယ်သူ ခရီးမတွင်ပဲ ဤလမ်း ဤခရီးကို အထပ်ထပ် သွားနေမိသည်ဟု စိတ်ထဲက ထင်လာသည်။

အသေအချာ ပြန်စဉ်းစားကြည့်လိုက်သောအခါမှ ဝက်ပါ



တစ်ခုထဲရောက်ရှိနေသည်ကို သူ သိလိုက်ရတော့၏။

"ဩော်... ဒါကြောင့် ကျောက်ဖျာပေါ်မှာ ဝက်ပါဆိုတဲ့စာလုံး ရေးထွင်းထားတာကိုး၊ ငါကိုယ်က အပ့ါနပ့ါပေရဲ့လေ"

လင်းထက်ဆွေသည် ကိုယ့်ကိုယ်ကို ရယ်ရမလို၊ ငိုရမလိုဖြစ်သွား၏။

သတိမမူမိသဖြင့် ဂူမမြင်ဖြစ်ခဲ့ရသည်ကို ကိုယ့်ကိုယ်ကို အပြစ်တင်နေမိသည်။

သူသည် ကျောက်ပြားကြီးနားတွင် အနားယူရန် ပြင်ဆင်လိုက်သည်။

ထိုစဉ် ဂူအတွင်းမှ လှည်းဘီးလိမ့်သံသဲ့သဲ့ကို ကြားလိုက်ရသည်။

မရှေးမနှောင်းမှာပင် ဂူအတွင်းမှ ဗလကောင်းကောင်း ယောကျ်ားကြီးဆယ်ယောက်ခန့် ထွက်လာကြသည်ကို လင်းထက်ဆွေ တွေ့လိုက်ရသည်။

ထိုသူများမှာ အဝါရောင်တူညီဝတ်စုံများကို ဝတ်ဆင်ထားကြသည်။

နောက်ကျောတွင် ဓားကိုယ်စီလွယ်ထားကြသဖြင့် ခန့်ညားကြည့်ကောင်းလှပေ၏။

ထိုသူတို့သည် လင်းထက်ဆွေကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ရိပ်ခနဲ ခုန်ပျံကာ ဝန်းရံထားလိုက်ကြသည်။

လင်းထက်ဆွေက....

"ခင်ဗျားတို့..."

"တိတ်စမ်း... ဘာမှမပြောနဲ့"

လင်းထက်ဆွေ စကားကိုဆုံးအောင်မပြောလိုက်နိုင်ပဲ ထိုသူများထဲမှ အသက်အကြီးဆုံး လူတစ်ဦးက ဟိန်းဟောက်တားဆီးခြင်းကို ခံလိုက်ရသည်။

ထို့နောက် သူ့နံဘေးရှိ အဖော်တစ်ဦးအား အမိန့်ပေးလိုက်ပြန်သည်။

"ဝင်္ကပါရှင်မကို အမြန်ဆုံး သွားအကြောင်းကြားလိုက်စမ်း"

တစ်ခဏအတွင်းမှာပင် ဘီးနှစ်ဘီးသာပါသော လှည်းတစ်စီးကို လူနှစ်ယောက်ဆွဲပြီး သူတို့အနားသို့ရောက်လာခဲ့သည်။

လှည်းယာဉ်တစ်ခုလုံးကို ကျောက်မျက်ရတနာများ စီခြယ်မွမ်းမံထားကြောင်း တွေ့ရသည်။

လှည်းယာဉ်တွင် လိုက်ကာများ ကာရံထားသဖြင့် အတွင်း၌မည်သူပါလာမှန်း ရုတ်တရက် မသိနိုင်ပေ။

စောစောက အမိန့်ပေးခိုင်းစေနေသူသည် လှည်းယာဉ်ရောက်လာသည်နှင့် လှည်းယာဉ်ရှေ့သို့ လျှောက်သွားခဲ့သည်။

ထို့နောက် ဦးညွှတ်အရိုအသေပေးပြီး အကြောင်းကြားစကားဆိုသည်။

"အရှင်သခင်မ ခင်ဗျား... လူငယ်တစ်ဦး ကျွန်တော်တို့ရဲ့ဂူထဲကို ကျူးကျော်ဝင်ရောက်လာပါတယ်"

လှည်းယာဉ်ထဲမှ မည်သည့်တုံ့ပြန်ချက်မှထွက်မလာချေ။



လင်းထက်ဆွေမှာ ခေါင်းဆောင်ဆိုသူသည် အမျိုးသမီးတစ်ဦးဖြစ်နေသည့်အတွက် စိတ်ထဲတွင် သက်သောင့်သက်သာ ဖြစ်သွားရသည်။

မိန်းမသားများသည် စိတ်ဓာတ်နူးညံ့ကြသည်မဟုတ်ပါလား။

"သခင်မ... ဒီသူငယ်ကို ကျွန်တော်တို့ရဲ့စည်းကမ်းဥပဒေအတိုင်း ဆောင်ရွက်လိုက်ရမလားဆိုတာ အမိန့်ရှိပါ"

ထိုသူက ထပ်မံ၍ အမိန့်တောင်းခံသည်။ ထိုအခါကျမှ လှည်းယာဉ်ထဲမှချိုလွင်သောအသံကလေး ထွက်ပေါ်လာသည်။

"ဆောင်ရွက်လိုက်ပါ"

အသံမှာ ကြည်မြနာပျော်ဖွယ်ကောင်းသော်လည်း စကားလုံးများက ပြတ်သားလှပေသည်။

စောစောကလူသည် သခင်မ လှည်းရှေ့မှထွက်လာခဲ့ပြီး သူ့လူများကို အချက်ပေးအော်ဟစ်လိုက်သည်။

"သခင်မရဲ့အမိန့်အတိုင်း တို့ရဲ့ဂူထဲကိုကျူးကျော်ရောက်လာတဲ့လူကို စည်းကမ်းဥပဒေအရ ဆောင်ရွက်လိုက်ကြ"

ထိုသူ၏စကားဆုံးသည်နှင့် လူဆယ်ယောက်သည် ဓားကိုယ်စီဆွဲထုတ်ပြီး လင်းထက်ဆွေအား ဝန်းရံတိုက်ခိုက်ကြတော့သည်။

သူတို့၏တိုက်ခိုက်ထိုးနှက်ပုံမှာ လျင်မြန်လှသည်။ လင်းထက်ဆွေမှာ လက်ထဲတွင် လက်နက်လည်းမရှိ။

လူများစွာ၏ ဝိုင်းဝန်းတိုက်ခိုက်မှုကိုလည်း မခံရဘူးသဖြင့် အသေအလဲ ရောင်တိမ်းနေရ၏သည်။

နောက်ဆုံး မတတ်သာတော့ဘဲ သခင်မဆိုသူ၏လှည်းယာဉ် ခေါင်မိုးပေါ်သို့ ခုန်တက်လိုက်ရတော့သည်။

"ဟာ...."

"ဟင်...."

"သခင်မ...."

အကျီဝါနှင့်လူတစ်စုမှာ တုန်လှုပ်ချောက်ချားစွာ အော်ဟစ်လိုက်ကြသည်။

လင်းထက်ဆွေသည် လှည်းယာဉ်၏အမိုးပေါ်သို့ ရောက်ရှိသည်နှင့် ခြေထောက်ကိုအားပြုနင်းချလိုက်သည်။

သူ၏ခြေနင်းအားကြောင့် အမိုးတစ်ခုလုံး ကွဲကြေပြီး သစ်သားစများ လွင့်ထွက်သွားသည်။

"ဟိတ်...."

ထိုစဉ်မှာပင် ယာဉ်ထဲမှ အဝါရောင်အရိပ်တစ်ရိပ်သည် ခုန်ပျံအော်ဟစ်ထွက်ပေါ်လာသည်။

ထိုအဝါရောင်ရိပ် ခုန်ထွက်လာပုံမှာ နတ်သမီးကလေးတစ်ပါး လေထဲပျံတက်လာသကဲ့သို့ ကြည့်ကောင်းလှသည်။



လှည်းယာဉ်အမိုးမှ သစ်သားစများလည်း အရပ်ရှစ်မျက်နှာသို့ ဖြန်ကြဲထွက်သွားသည်။

လှည်းယာဉ်ထဲမှ သခင်မသည် မလှမ်းမကမ်းရှိ ကျောက်တုံးကြီးတစ်တုံးပေါ်၌ သွားရပ်လိုက်သည်။

လင်းထက်ဆွေသည် သခင်မဆိုသူကို ငေးကြောင်ကြည့်နေမိတော့သည်။

သူ့မျက်လုံးများကို သူ မယုံနိုင်အောင် ဖြစ်မိသည်။ သူထင်မှတ်ထားခဲ့သလို ကြမ်းတမ်းခက်ထရော်သောရုပ်ရည်သွင်ပြင်မျိုးမရှိပဲ သခင်မဆိုသူသည် နတ်သမီးတစ်ပါးကဲ့သို့ ခန့်ညားချောမောနေသည်ကို အံ့သြစွာ တွေ့ရှိလိုက်ရ၏။

သူမ၏ ဟန်ပန်အမူအရာများကလည်း နန်းဆန်သိမ်မွေ့လှပေသည်။ အရွယ်ကတော့ မငယ်လှပေ။ သက်လတ်ပိုင်းအရွယ် ရှိနေလေပြီ။

ဝက်ပါရှင်မသည် လင်းထက်ဆွေကိုကြည့်ပြီး အံ့သြသွားလေ၏။

လင်းထက်ဆွေ၏ရင်ထဲ၌လည်း ဝက်ပါရှင်မကို မြင်လိုက်ရသည်နှင့် ရင်ထဲ၌ ဝေဒနာတစ်ခု ခံစားလိုက်ရသည်။

ဝက်ပါရှင်မ၏မျက်လုံးများထဲ၌ ကရုဏာတရားနှင့် မိခင်တို့၌ ရှိတတ်သောမေတ္တာတရားများကို တွေ့မြင်လိုက်ရပေသည်။

ထိုစဉ် ဆယ်ယောက်ကိုစည်းကြပ်သူက....

"ဟေ့ကောင်တွေ... ဘာဖြစ်လို့ အသေကောင်ကြီးတွေလို

ရပ်နေကြတာလဲ၊ တို့ရဲ့စည်းကမ်းအတိုင်း ဒီကောင့်ကိုရှင်းပစ်ကြ"

အဝါရောင်ဝတ်စုံဝတ်ဆင်ထားသူသည် အသက်ဝင်လှုပ်ရှားလာကြပြီး လင်းထက်ဆွေအား တိုက်ခိုက်ရန် ဝန်းရံထားလိုက်ကြပြန်သည်။ ထိုစဉ် ဝက်ပါသခင်မက တားမြစ်လိုက်၏။

"ခဏနေကြဦး"

သူမသည် လင်းထက်ဆွေကိုငေးကြည့်လိုက်သည်။ ထို့နောက် သူ့လက်အောက်က ငယ်သားတစ်ယောက်အားလှမ်းခေါ်၍ အမိန့်ပေးလိုက်၏။

"ဆန်းအော့ဟူ... ဟိုသူငယ်ကို ဒီဘက်လာဖို့ဖိတ်ခေါ်လိုက်ပါ၊ ငါ သူ့ကိုပြောစရာရှိတယ်"

ဆန်းအော့ဟူဆိုသူက သခင်မအား ဦးညွတ်အရိုအသေပေးပြီး လင်းထက်ဆွေအနီးသို့လျှောက်လာခဲ့သည်။

သူ၏အဖော်များကိုလည်း နောက်သို့ဆုတ်ပေးကြရန် အချက်ပြလက်ဝှေ့ယမ်းလိုက်သည်။

ထိုသူများရဲ့သွားလျှင် လင်းထက်ဆွေအား လှမ်းပြောလေ၏။

"မိတ်ဆွေ... ကျုပ်တို့သခင်မက ခင်ဗျားကိုစုံစမ်းမေးမြန်းစရာရှိလို့ ဖိတ်ခေါ်လိုက်ပါတယ်၊ သခင်မရှိရာကို ကြွပါ"

လင်းထက်ဆွေသည် မည်သူနှင့်မျှ ပြဿနာမဖြစ်ချင်ပေ။ ဝက်ပါသခင်မက အေးအေးဆေးဆေး မေးမြန်းလိုသည်ဆိုသောအခါ သူ့များစွာ စိတ်သက်သာရာ ရသွားသည်။



ဝက်ပါသခင်မရှေ့ရောက်သောအခါ သိုင်းသမားကြီးများကဲ့သို့ ဦးညွှတ်ဂါရဝပြုလိုက်သည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါခင်ဗျာ... ဒီနယ်မြေကို ကျွန်တော် မကျွမ်းကျင်လို့ ဒီဂူထဲဝင်လာမိတာပါခင်ဗျာ"

ဝက်ပါသခင်မက အေးအေးဆေးဆေးပင် ပြောသည်။

"မင်းက မသိဘူးဆိုတော့ဘဲ ခက်တာပေါ့၊ ဒီဂူဟာ သိုင်းလောကထဲမှာ ထင်ရှားကျော်ကြားတဲ့ ဂူလေးဂူထဲက တစ်ဂူပဲ၊ ဘယ်လူစိမ်းကိုမှ ငါ ဝင်ခွင့်မပြုခဲ့ဘူး၊ ဝင်လာတဲ့လူလဲ အသက်ရှင်လျက်နဲ့ ဘယ်သူမှမထွက်နိုင်ကြဘူး"

လင်းထက်ဆွေက....

"အခု... သခင်မပြောတဲ့သိုင်းလောကထဲက ဂူလေးဂူဆိုတာ ခုမှပဲ ကျွန်တော်ကြားဖူးပါတယ်ခင်ဗျာ"

ဝက်ပါရှင်မကလည်း လင်းထက်ဆွေကို အကဲခတ်ကြည့်လိုက်သည်။

လင်းထက်ဆွေ မလိမ်ညာပဲ အမှန်တကယ် ရိုးသားစွာ ပြောနေသည်ဟု သူမ ယုံကြည်သွားသည်။

ထို့ကြောင့် ညင်သာပျော့ပျောင်းသောလေသံဖြင့်....

"ဝက်ပါဂူ... ဝိညာဉ်မဲ့ဂူ... အဆိပ်ဂူနဲ့ချမ်းမြေ့ဂူဆိုတဲ့ဂူတွေဟာ သိုင်းလောကမှာ သိပ်ကိုဆန်းကြယ်တဲ့ဂူလေးလုံးပဲ၊ သိုင်းလောကသားတွေဟာ ဒီဂူလေးလုံးနဲ့ တတ်နိုင်သမျှ ရန်မပြုအောင် ရန်ငြိုးမဖွဲ့ရအောင် နေလေ့ရှိကြတယ်၊ ဒါကိုတောင်မှ မင်းက မသိဘူးလား"

"ဟုတ်ကဲ့… ကျွန်တော်က သိုင်းလောကထဲကို အခုမှ ဝရောက်လာတဲ့လူတစ်ယောက်ဖြစ်ပါတယ်၊ ဒါကြောင့်မို့လို့ ဒီအကြောင်းတွေကို ဘယ်လိုမှမသိရပါဘူးခင်ဗျာ"

"သိုင်းလောကထဲ ခုမှဝင်လာတဲ့လူ ဟုတ်လား၊ မင်းဆရာက သိုင်းလောကနဲ့ပတ်သက်တဲ့ အတွေ့အကြုံ ဗဟုသုတတွေကို ပြောပြမထားဘူးလား"

"ကျွန်တော့်ဆရာဟာ မမျှော်လင့်ဘဲ ရန်သူ့လက်ချက်နဲ့ ရုတ်တရက် ကွယ်လွန်သွားခဲ့ရပါတယ်၊ ဒါကြောင့် ကျွန်တော်ကိုပြောပြဖို့ အခွင့်မသာခဲ့ရပါဘူးခင်ဗျာ"

ဝင်္ကပါရှင်မက လင်းထက်ဆွေကို မျက်မှောင်ကြုတ် ကြည့်လိုက်ပြီး…

"မင်းဆရာ ဘယ်သူလဲ"

လင်းထက်ဆွေသည် သူ့ဆရာနာမည်ကိုပြောသင့်မပြောသင့် စဉ်းစားနေမိသည်။

နောက်ဆုံးတွင် ယတိပြတ်ဆုံးဖြတ်လိုက်ပြီး ရဲရဲဝံ့ဝံ့ပင် ပြောချလိုက်တော့သည်။ သိုင်းလောကထဲရောက်မှ ကြောက်နေ၍ မထူးတော့ပြီ။

"ကျွန်တော့်ဆရာဟာ တစ်ချိန်တုန်းက သိုင်းလောကမှာနာမည်ကျော်ကြားခဲ့တဲ့ သိုင်းသမားတစ်ယောက်ဖြစ်ပါတယ်၊ အလယ်ပိုင်းမြေပြန့်ဓားနှစ်လက်ထဲက တစ်ယောက်ပါပဲ"

လင်းထက်ဆွေ၏အဖြေစကားကြောင့် ဝင်္ကပါရှင်မမှာ အ



ကြီးအကျယ် မျက်နှာပျက်သွားသည်။

သူမသည် စိတ်ကိုမချုပ်တည်းနိုင်တော့ဘဲ ကျောက်တုံးကြီးပေါ်မှ ခုန်ဆင်းလာသည်။ ရှေ့သို့တိုးလာမည်ကဲ့သို့ ဟန်ပြင်ပြီးမှ ရပ်တန့်သွားသည်။

သူမသည် နှုတ်မှတတွတ်တွတ် ရေရွတ်နေ၏။

"အလယ်ပိုင်း မြေပြန့်ဓားနှစ်လက်… အလယ်ပိုင်းမြေပြန့်ဓားနှစ်လက်"

ဝင်္ကပါရှင်မ၏ ပြောင်းလဲသွားသော အမူအရာကိုကြည့်ပြီး လင်းထက်ဆွေ အံ့ဩသွား၏။

သူ့ဆရာနှင့် ဤဝင်္ကပါရှင်မတို့ တစ်နည်းတစ်ဖုံ ပတ်သက်ဆက်စပ်နေသလားဟုလည်း တွေးလိုက်မိသည်။

"ဟုတ်ကဲ့… အလယ်ပိုင်းမြေပြန့်ဓားနှစ်လက်အနက်က တစ်လက်ဖြစ်တဲ့ မိုးကြိုးသွားဓားရှင် စီမာကမ်းစင်းဟာ ကျွန်တော့်ဆရာပဲ ဖြစ်ပါတယ်ခင်ဗျာ"

ဝင်္ကပါရှင်မသည် လင်းထက်ဆွေကို မွေ့ဖက်တော့မည့်ဟန်ဖြင့် ရှေ့သို့တိုးလာ၏။

လင်းထက်ဆွေက အလန့်တကြားနောက်ဆုတ်သွားသည်။ ဝင်္ကပါရှင်မ၏မျက်ဝန်းများဆီမှ မျက်ရည်များ တသွင်သွင် စီးကျလာသည်။

"သား… သားလေး၊ မင်း… မင်းဟာ လင်းထက်ဆွေ မဟုတ်လား၊ မင်းဟာ ငါ့သားလေး လင်းထက်ဆွေပါပဲကွယ်"

လင်းထက်ဆွေမှာ ဝင်္ကပါရှင်မ၏စကားကြောင့် တုန်လှုပ်ခြောက်ခြားသွားသည်။

ဝင်္ကပါရှင်မကိုလည်း နားမလည်နိုင်သောအကြည့်များဖြင့် ကြည့်မိသည်။

သူ့စိတ်ထဲတွင် ဝင်္ကပါရှင်မ လူမှားနေပြီဟု တွေးလိုက်မိသည်။

သို့သော် ဝင်္ကပါရှင်မ၏ မျက်ရည်များနှင့် သူ့နာမည်ကို တိတိကျကျခေါ်နိုင်ပုံက သူ့စိတ်ကိုချောက်ချားစေသည်။

ဝင်္ကပါရှင်မက ရှေ့သို့တိုးလာပြီး လင်းထက်ဆွေ၏လက်ကလေးများကို ဖမ်းကိုင်လိုက်သည်။

သူမ၏လက်ချောင်းကလေးများမှာ စိတ်လှုပ်ရှားလွန်းသဖြင့် တဆတ်ဆတ် တုန်ယင်နေသည်။

"မေမေ... တကယ်ပြောနေတာပါကွယ်၊ ဘယ်လိုလုပ်ပြီး လူမှားနိုင်ပါ့မလဲ၊ ငါဟာ မင်းကိုသုံးနှစ်လုံးလုံး ကျွေးမွေးပြုစုခဲ့တယ်၊ မင်းအသက် သုံးနှစ်အရွယ်ရောက်တဲ့အချိန်မှာ စီမာကမ်းစင်းက မင်းကိုခေါ်သွားခဲ့တယ်၊ အခုဆိုရင် ဆယ့်ငါးနှစ်တောင်မှ ရှိနေပြီပဲကွယ်"

ဝင်္ကပါရှင်မက ဆွေးမြည်ကြေကွဲစွာ ပြောဆိုနေသည်။ တကယ်ခံစားနေပုံရကြောင့် လင်းထက်ဆွေလည်း မြင်နေရသည်။

လင်းထက်ဆွေ၏စိတ်ထဲ၌ အမှန်တကယ် ဇဝေဇဝါဖြစ်လာသည်။

ဤဝင်္ကပါရှင်မသည် သူ၏အမေ အမှန်တကယ်ပင် ဖြစ်နေ



လေသည်လား။

သို့သော် သူ့ဆရာ၏စကားများက သူ့သံသယကို ချေဖျက်နေကြပြန်သည်။

"မင်းမေမေဟာ ရောဂါရပြီး သေဆုံးသွားခဲ့ရတယ်"

သူသည် သူ့ဆရာ၏စကားကိုကြားယောင်လာသဖြင့် ရုတ်တရက် ဝင်္ကပါရှင်မ၏လက်ထဲမှ ရုန်းထွက်လိုက်သည်။

"သခင်မ ခင်ဗျား... လူမှားနေပြီ၊ ကျွန်တော့်မေမေ ကွယ်လွန်သွားတာ ကြာခဲ့ပြီ၊ သူဟာ ရောဂါရပြီး ရုတ်တရက် သေဆုံးသွားခဲ့ပြီးပြီ"

ဝင်္ကပါရှင်မမှာ လင်းထက်ဆွေ၏ စိမ်းစိမ်းကားကား စကား များကြောင့် ရင်ထဲတွင် နင့်သွား၏။

လင်းထက်ဆွေကိုလည်း မယုံကြည်နိုင်စွာ ကြည့်လိုက်သည်။

"သားလေးရယ်... မင်းကို ဒီလိုဘယ်သူကများ ပြောထားရတာပါလိမ့်ကွယ်"

"ကျွန်တော့်ဆရာ ပြောထားတာပါ"

"ဟင်... မင်းဆရာပြောထားတာ ဟုတ်လား။ စီမာကမ်းစင်းက ဘာဖြစ်လို့များ ဒီလိုလိမ်ညာပြောရတာပါလိမ့်၊ မေမေတော့ နားမလည်တော့ပါဘူးကွယ်"

"ကျွန်တော့်ဆရာဟာ ကျွန်တော့်ကို ဘယ်တုန်းကမှ လိမ်မပြောခဲ့ပါဘူးခင်ဗျာ"

"သူ လိမ်ပြောပြော မပြောပြော မေမေကတော့ သားလေးရဲ့မေမေ အစစ်အမှန်ပါပဲကွယ်"

"ကျွန်တော့်ကို သက်သက်လိမ်ပြောနေတာပဲ၊ ကျွန်တော်မေမေသာဆိုရင် ဘာဖြစ်လို့ ဒီဂူထဲမှာနေရတာလဲ၊ ကျွန်တော်နဲ့အတူတူ ဘာကြောင့်မနေရတာလဲ၊ တော်ပါတော့ဗျာ… ကျွန်တော့်ကိုစိတ်ရှုပ်အောင် မလုပ်ပါနဲ့ဗျာ"

ဝက်ပါရှင်မက ရှင်းပြ၏။

"သားရဲ့ဖေဖေ ရန်သူ့လက်ချက်ကြောင့် ကွယ်လွန်သွားပြီးတဲ့နောက်ပိုင်းမှာ စီမာကမ်းစင်းက သားကိုခေါ်သွားခဲ့တယ်၊ မေမေလဲ ဒီဂူကြီးကိုပိုင်ဆိုင်ခဲ့ပြီး အပြင်လောကနဲ့လုံးလုံး အဆက်အသွယ်ပြတ်တောက်ခဲ့ရတယ်၊ ဒီဂူထဲမှာ ဆယ့်ငါးနှစ်လုံးလုံး အပြင်မထွက်ပဲနေလာခဲ့တယ်၊ ဒီဂူကြီးတိုးတက်အောင်ထူထောင်ရင်း သားကိုစောင့်နေခဲ့မိတယ်၊ အခုတော့ ဘုရားရှင်ရဲ့ဂုဏ်ကျေးဇူးကြောင့် သားတကယ်ပြန်လာခဲ့ပြီ… မေမေနဲ့သားနဲ့ ပြန်ဆုံခဲ့ရပြီ"

ဝက်ပါရှင်မမှာ ပြောရင်းပြောရင်းမှ မျက်ရည်များ စီးကျလာပြန်သည်။

လင်းထက်ဆွေသည် ဝက်ပါရှင်မ၏ပရိဒေဝမီးတောက်လောင်နေပုံကိုကြည့်ပြီး စိတ်မကောင်းဖြစ်လာသည်။

သို့သော် သူသည် သူမအား မိခင်ရင်းအဖြစ် လက်မခံနိုင်သေး။ အထောက်အထားသာဓက မပြနိုင်သည့်အတွက် သံသယမြူမှုန်တို့ ဖိတ်ဆီးနေဆဲဖြစ်နေသည်။



"ဒေါ်ဒေါ်ရယ်… ဒီလောက်အထိလဲ ဝမ်းပန်းတနည်းဖြစ်မနေပါနဲ့၊ ကျွန်တော်ဟာ ကျွန်တော့်ဆရာရဲ့စကားကို မယုံသင့်ဘဲ ယုံသင့်သလို ပယ်ရှားလို့လဲမဖြစ်ပါဘူး"

ဝက်ပါရှင်မက ကြေကွဲစွာ မေး၏။

"သားလေးက မေမေ့ကိုသားရဲ့မေမေအဖြစ် လက်မခံနိုင်ဘူးပေါ့ ဟုတ်လား"

"ကျွန်တော်တောင်းပန်ပါတယ် ဒေါ်ဒေါ်… ကျွန်တော့်ကိုနှစ်ဝက်လောက် အချိန်ပေးစေချင်ပါတယ်၊ ဒီအတောအတွင်း ဒေါ်ဒေါ်ဟာ ကျွန်တော့်အမေဖြစ်ကြောင်း အထောက်အထားတွေကိုလိုက်ရှာပါ့မယ်၊ အထောက်အထားပြည့်စုံလာခဲ့ရင် ဆရာ့စကားတွေကို ကျွန်တော်ပယ်ရှားပါ့မယ်၊ ဒေါ်ဒေါ်ကိုလဲ အမေအဖြစ်နဲ့ဆက်ဆံပါ့မယ်၊ ပြီးတော့ ကျွန်တော့်ဖေဖေရဲ့ မိသားစုအမည်ကိုလဲ ကျွန်တော် စုံစမ်းရပါဦးမယ်၊ ဒီအချက်တွေနဲ့မကိုက်ညီခဲ့ရင်တော့ ဒေါ်ဒေါ် ဘယ်လိုပဲပြောနေ ပြောနေ ကျွန်တော့်အမေအဖြစ် လက်မခံနိုင်ပါဘူးခင်ဗျာ"

"အထောက်အထား… ဘာ အထောက်အထားလဲ"

လင်းထက်ဆွေက တည်ငြိမ်အေးဆေးစွာပင် ပြန်ပြောလိုက်သည်။

"ကျွန်တော့် ဖေဖေအကြောင်းနဲ့သိုင်းလောကမှာ နာမည်ကြီးခဲ့တဲ့ သက်တန့်ပျံဓားပါပဲခင်ဗျာ"

"သက်တန့်ပျံဓား…"

ဝက်ပါရှင်မထံမှ အာမေဋိတ်သံထွက်လာပြီး မျက်နှာတစ်ခု

လုံး ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

သူမသည် အဝေးသို့ငေးမျှော်ကြည့်မိသည်။

သူမ၏မျက်လုံးများ၌ မှုန်ရီမှိုင်းသောအရိပ်လက္ခဏာများ ဖုံးလွှမ်းလာတော့သည်။

အတန်ကြာမှ ဝက်ပါရှင်မက ခေါင်းညိတ်လိုက်ပြီး....

"ကောင်းပါပြီကွယ်... နှစ်တစ်ဝက် အချိန်အတွင်းမှာပဲ မင်း အနေနဲ့ သက်တန့်ပျံဇာကိုရအောင် ရှာကြည့်ပေါ့၊ ဒါမှလဲ မင်းရဲ့ ယုံကြည်ချက်တွေနိုင်လုံပြီး သံသယစိတ်တွေ ကင်းပျောက်သွားရမယ်၊ မင်းအဖေလဲ တမလွန်ဘဝကနေ ဝမ်းမြောက်ကြည်နူးနိုင်တာပေါ့"

လင်းထက်ဆွေမှာ ဝက်ပါရှင်မကို မိခင်အဖြစ် ယုံရမည်ကိုလည်း အခက်၊ မယုံရန်လည်းအခက်ဖြစ်နေသည်။ သို့သော် သူ စိတ်ဒုံးဒုံးချလိုက်သည်။

"သက်တန့်ပျံဇာကို နှစ်ဝက်အတွင်းရှာဖွေဖို့ ကတိပေးလိုက်မယ်၊ အဲဒီအချိန်အတွင်းမှာပဲ ငါ့အဖေကိုသတ်သွားတဲ့ရန်သူကို တွေ့အောင်ရှာမယ်၊ နောက်ပြီး ငါ့ရဲ့မျိုးရိုးဇာတိကိုလဲ စုံစမ်းမယ်၊ အဲဒီအချိန်အတွင်းမှာမှ သက်တန့်ပျံဇာကိုရှာမတွေ့ခဲ့ရင် သူ့ကို ငါ့အမေအဖြစ် လက်ခံအသိအမှတ်ပြုလိုက်မယ်၊ ဆယ့်ငါးနှစ်လုံးလုံး တောင် စောင့်ဆိုင်းလာခဲ့ပြီးပြီပဲ၊ နောက်ထပ်နှစ်ဝက်စောင့်ရမယ့်အချိန်ဆိုတာ ဘယ်လောက်မှမကြာပါဘူး"

ဤသို့စဉ်းစားဆုံးဖြတ်ပြီးလျှင် ဝက်ပါရှင်မအား လက်အုပ်ချီ အရိုအသေ ပေးလိုက်သည်။



"ဒေါ်ဒေါ်...."

"မင်း ငါ့ကိုမေမေလို့ မခေါ်ချင်သေးဘူးဆိုရင် အဲဒီလိုစိမ်းစိမ်းကားကား ဒေါ်ဒေါ်လို့တော့ မခေါ်ပါနဲ့ကွယ်၊ မင်းဖေဖေ သက်ရှိထင်ရှားရှိစဉ်က သူဟာ ငါ့ရဲ့ငယ်နာမည်ကိုခေါ်ဝေါ်သုံးစွဲခဲ့တယ်... ဒီတော့ မင်းလဲ ငါ့ကို မင်းအဖေခေါ်သလိုပဲ ခေါ်နိုင်ပါတယ်"

"မဟုတ်ပါဘူးခင်ဗျာ... အဲဒီလိုရိုင်းရိုင်းပျပျ ခေါ်ဝေါ်ဖို့ ကျွန်တော် နှုတ်မရဲပါဘူးခင်ဗျာ"

ဝက်ပါရှင်မက လင်းထက်ဆွေကို တစ်ချက်ဝေ့ကြည့်ပြီး သူ မပြောလိုရာစကားကိုသာ ဆက်ပြောသည်။

"သိုင်းလောကသားတွေက ငါ့ကို 'ရောင်စုံဟသာ်နှင်းတိမ်လွှာ'လို့ခေါ်ကြတယ်၊ ငါ့ရဲ့ငယ်နာမည်ကိုတော့ လူသိနည်းပါတယ်၊ မင်းဖေဖေတစ်ယောက်သာ ငါ့ကို 'ယိုနပ်'လို့ ခေါ်တယ်"

လင်းထက်ဆွေက....

"ကျွန်တော့်ကို ခွင့်ပြုပါ... အခုအချိန်ကစပြီး သက်သေအထောက်အထားတွေ ရှာပါတော့မယ်ခင်ဗျာ"

သူသည် စကားဆုံးသည်နှင့် နောက်ကြောင်းလှည့်ပြေးတော့၏။

ထိုနေရာသည် ဝင်လာခါစနေရာဖြစ်သဖြင့် လင်းထက်ဆွေအဖို့ ဝက်ပါအပြင်ဘက်သို့လွယ်ကူစွာ ရောက်ရှိသွားသည်။

"သား.. လူလေး... မေမေ့သားလေးရယ်"

ဝက်ပါရှင်မ၏ဝမ်းနည်းကြေကွဲစွာ ခေါ်ငင်လိုက်သောအသံ

များက သူ့နောက်ကျောမှကပ်လျက် လိုက်ပါလာ၏။

သူ့နှလုံးသားအား ဆုပ်နယ်ဖျစ်ညှစ်နေသည့်နှယ် ခံစားလိုက်ရသဖြင့် သူသည် နားဗိတ်၍ ဆက်ပြေးလေတော့သည်။

## အခန်း(၁၀)
## ဝင်ရောက်ကူညီခြင်း

လင်းထက်ဆွေသည် မရပ်မနား ပြေးလွှားခဲ့ရာ ဆယ်မိုင်ကျော်မျှ ခရီးပေါက်ခဲ့လေ၏။

သို့တိုင် ဝက်ပါရှင်မ၏အသံများက သူ့ နားထဲ၌ ယခုအထိ ရိုက်ခတ်ဆူညံနေဆဲ ဖြစ်နေပေသည်။

သူ သိုင်းလောကထဲသို့ထွက်လာခဲ့ခြင်းမှာ ဖခင်၏ဓားကိုရှာရန်၊ ဖခင်သတ်သူအား ဖော်ထုတ်ရန်၊ ဆရာ့သတ်သွားသူအား ဖော်ထုတ်ရန် အစရှိသည့် ရည်မှန်းချက်များသာရှိသည်။

သူ့မိခင်သေပြီဟု ဆရာကပြောခဲ့သဖြင့် မိခင်ဖြစ်သူအား ရှာဖွေရန် အစီအစဉ်သည် သူ့တွင် မရှိခဲ့ပေ။

သို့သော် သူ့အတွက် ပထမဆုံး ထိပ်တိုက်တိုးသည့်ပြဿနာမှာ မိခင်အစစ်ဟုတ်မဟုတ် ပြဿနာဖြစ်နေပေသည်။

သူသည် ဝက်ပါရှင်မ၏စကားများကို လက်ခံလိုသည့်စိတ်

ကတစ်ဘက်၊ ဆရာဖြစ်သူက မင်းမိခင်သေပြီဟုသောစကားကို မပယ်ရှားနိုင်သည်ကတစ်ဘက် စိတ်ဒွိဟဖြစ်ပြီး များစွာသောကရောက်ရသည်။

"ဟင်း... ဒီကိစ္စကိုမေ့ပစ်ထားမှဖြစ်မယ်"

လင်းထက်ဆွေသည် ဝက်ပါရင်မ၏စကားများကိုကြိုးစားမေ့ဖျောက်ရလေတော့၏။

သူသည် နေ့ခင်းဘက်ခရီးသွား ညဘက်အိပ်စက်အနားနေခြင်းဖြင့် တောက်လျှောက်ထွက်ခွာလာခဲ့ရာ ငါးရက်မြောက်နေ့၌ ကျွန်ုဖိန်တောင်နှင့် မဝေးကွာလှသော ရွာကလေးတစ်ရွာသို့ ရောက်ရှိလာခဲ့သည်။

ထိုရွာတွင် စားသောက်ဆိုင်တစ်ဆိုင်တည်းသာရှိသဖြင့် ရောင်းပန်းဝယ်ပန်း အလွန်ကောင်းလှပေသည်။

လင်းထက်ဆွေ ဆိုင်တွင်းသို့လှမ်းဝင်လိုက်သည်နှင့် စားပွဲထိုးက ပျူငှာဖော်ရွေစွာ ဆီးကြိုသည်။

"အထဲကိုကြွပါခင်ဗျာ... အိပ်ခန်းလဲရှိပါတယ်၊ စားစရာလဲရပါတယ်"

လင်းထက်ဆွေသည် စားသောက်ဆိုင်များအကြောင်းကိုတော့ သူ့ဆရာစီမာထံမှကြားဖူးနားဝ ရှိထားသည်။

သူ့ဆရာမသေမီက ငွေကြေးအသင့်အတင့်ပေးထားသဖြင့် သူ့တွင် ဆိုင်များ၌သုံးစွဲရန် ငွေကြေးများ အသင့်ပါလာခဲ့သည်။

သို့သော် တည်းခိုခန်းငှားသည့်ကိစ္စကိုတော့ သူ မသိပေ။



ထို့ကြောင့် စားပွဲထိုးအား မေးမြန်းရာ သူ့တွင်ပါလာသောငွေမှာ တစ်ရက်တစ်ညမဟုတ်ပဲ ရက်အတော်ကြာကြာငှားရမ်းရန်လုံလောက်ကြောင်း သိလိုက်သဖြင့် စားပွဲထိုးကို အခန်းတစ်ခန်းချန်ထားရန် ပြောလိုက်ရသည်။

စားပွဲထိုးထွက်သွားလျှင် စားသောက်ခန်းထဲရှိလူများကိုမျက်လုံးဝေ့ဝဲအကဲခတ်လိုက်၏။

သူ၏ဘယ်ဘက်စားပွဲတွင် အသက်လေးဆယ်ကျော်အရွယ်ရှိ လူငါးဦးထိုင်နေကြသည်။

သူတို့၏ မျက်နှာသွင်ပြင်များမှာ အလွန် ရက်စက်ကြမ်းကြုတ်မည့်ဟန် ပေါ်လွင်နေသည်။

သူတို့သည် အရက်ကို အလောင်းအစားနှင့် အပြိုင်အဆိုင်သောက်နေကြပြီး တစ်ခန်းလုံးတွင် သူတို့ချည်းသာ ရှိသည့်အလားအော်ဟစ်ဆူညံနေကြလေ၏။

လင်းထက်ဆွေ၏ညာဘက် ပြတင်းပေါက်နားတွင်မူ အသက်လေးဆယ်ကျော် စာတတ်ပေတတ်ပုံစံ ပုဂ္ဂိုလ်တစ်ဦးထိုင်နေသည်။

သူ့အသွင်မှာ ပိန်ပိန်ရှည်ရှည်ဖြစ်ပြီး ပြတင်းပေါက်မှ အပြင်ရှုခင်းများကို ငေးမျှော်နေ၏။

အလယ်စားပွဲတွင်ကား မုတ်ဆိတ်မွေး၊ ပါးမြိုင်မွေး၊ နှုတ်ခမ်းမွေးများနှင့် အဘိုးအိုတစ်ဦးရှိပြီး သူ့ဘေးတွင် မိန်းမပျိုတစ်ဦးထိုင်နေသည်။

ထိုမိန်းကလေး၏မျက်နှာပေါ်တွင် ပြုံးပြင်ခြယ်သခြင်း လုံးဝမရှိသော်လည်း သူမသည် သဘာဝအတိုင်း လှပနေပေသည်။

ဝတ်ဆင်ထားသော အဝတ်အစားများမှာ သူမ၏ ပြေပြစ်ကျစ်လျစ်သောခန္ဓာကိုယ်နှင့် အံဝင်ခွင်ကျ လိုက်ဖက်တင့်တယ်လှပေသည်။

လင်းထက်ဆွေက ထိုမိန်းမပျိုကလေးကို ငေးကြည့်နေစဉ် မိန်းကလေးက ပြန်အကြည့်နှင့်မျက်လုံးချင်း ဆုံမိလိုက်ကြ၏။

အရည်လဲ့တောက်ပနေသော သူမ၏မျက်လုံးရွဲကြီးများကြောင့် လင်းထက်ဆွေမှာ ရင်ထိတ်ထိတ် ခုန်သွားရလေတော့သည်။

မိန်းမပျိုကလေးမှာလည်း သူ့နည်းတူ ရင်ခုန်သွားပုံရ၏။ ချက်ချင်းပင် ခေါင်းငုံ့မျက်လွှာချသွားရှာတော့သည်။

ထိုမိန်းမပျိုတို့စားပွဲနှင့် အလွန်နီးကပ်သော စားပွဲတစ်လုံးတွင်မူ ပိန်ပိန်ပါးပါးအသက်လေးဆယ်ကျော်လူတစ်ဦးထိုင်နေသည်။

သူသည် စားသောက်နေသော်လည်း ဆိုင်အတွင်းရှိလူများအား မလွတ်တမ်း ကြည့်ရှုအကဲခတ်နေသည်ကို လင်းထက်ဆွေကောင်းစွာ သတိပြုမိလိုက်၏။

"ကလောင်... ကလောင်... ကလောင်... ကလောင်"

ဆိုင်အပြင်ဘက်မှ ခြူသံလိုလို၊ ခေါင်းလောင်းသံလိုလို



အသံများ မြည်လာသဖြင့် ဆိုင်ထဲမှလူအတော်များများ ဆိုင်ပြင်သို့ ခေါင်းထောင်ကြည့်ကြ၏။

ထိုသို့ကြည့်သူများတွင် အဘိုးအိုနှင့်မိန်းမပျိုတို့မူ မပါဝင်ကြပေ။

"ကလောင်... ကလောင်"

"ကလောင်... ကလောင်"

ခြူသံလိုလို၊ ခေါင်းလောင်းသံလိုလို အသံများသည် တဖြည်းဖြည်း နီးလာပြီး ဆိုင်ဝသို့ရောက်ရှိလာ၏။

အဘွားကြီးတစ်ဦး....။ မျက်နှာပြင်မှဇရာကြောင့် အရေပြားများ တွန့်လိပ်နေသည်။

သူ့လက်ထဲတွင် တောင်ဝှေးတစ်ချောင်းကိုင်ထားပြီး ထိုတောင်ဝှေး၏အပေါ်ပိုင်း၌ ခေါင်းလောင်းငယ်ကလေးများ ချိတ်ဆွဲထားသည်။

ဆိုင်ထဲမှကြားလိုက်ရသည့်ခေါင်းလောင်းသံများမှာ ထိုအဘွားအိုဆီမှ ခေါင်းလောင်းသံများသာ ဖြစ်တော့သည်။

လင်းထက်ဆွေသည် ဆိုင်တွင်းရှိလူအားလုံးကို တစ်ဦးတစ်ယောက်မျှ မသိရှိသော်လည်း ယခုရောက်လာသော အဘွားအိုကိုမူ သူ့ဆရာက ပြောပြထားသဖြင့် သိရှိနေသည်။

ထိုအဘွားအိုမှာ သိုင်းလောကတွင် တစ်ကြိမ်တစ်ခါမျှ အရှုံးမရှိခဲ့ဖူးသော မိန်စန်းဘွားဘွားဖြစ်လေသည်။

မိန်စန်းဘွားဘွားသည် ဆိုင်တွင်းသို့ရောက်သည်နှင့် ချက်

ချင်းမထိုင်သေးပဲ တစ်ဆိုင်လုံးရှိ လူများကို လိုက်လံအကဲခတ်သည်။

ထို့နောက်....

"ဟီး... ဟီး... ဟီး ဒီနေရာမှာ သိပ်စည်ကားနေပါလား၊ ဒီနေရာကနေ မျက်စိစားပွဲ ထိုင်ကြည့်နေလိုက်ဦးမယ်"

သူမသည် ပြောပြီးသည်နှင့်တောင်ဝှေးကို ဆောင့်ချလိုက်သည်။

ခေါင်းလောင်းကလေးများ အချင်းချင်း ရိုက်ခတ်သံက နားငြီးလောက်အောင် မြည်ဟိန်းသွားလေသည်။

အဘွားအိုက မုတ်ဆိတ်ပါးမြိုင်းမွေးများရှိနေသော အဘိုးအိုအား လက်ညှိုးထိုးကာ မေးလိုက်ပြန်သည်။

"ဘယ်လိုလဲ... ထိပ်ပြောင်နဂါးအမြီးရဲ့၊ အစိုးရရာထူးတွေရပြီးတာနဲ့ လူကိုတောင် မမှတ်မိတော့ဘူးလား"

"ဟား... ဟား... ဟား"

အဘိုးအိုက အော်ဟစ်ရယ်မောလိုက်သည်။ သူ၏ရယ်သံကြောင့် သူ၏အတွင်းအား မည်မျှကောင်းမွန်သည်ကို ခန့်မှန်းနိုင်သည်။

ဤမျှအတွင်းအားကောင်းသောသိုင်းပညာရှင်ကို တွေ့လိုက်ရသဖြင့် လင်းထက်ဆွေ တုန်လှုပ်သွားရသည်။

အဘိုးကြီးက မိန်စန်းဘွားဘွားကို ဖိတ်ခေါ်လိုက်သည်။

"စားမယ်သောက်မယ်ဆိုရင်တော့ ဒီမှာပဲထိုင်နေပေါ့ဗျာ၊ ကျုန့်ဖိန်တောင်ကို သွားမယ်ဆိုရင်တော့ ပြန်လာဖို့ စိတ်မကူးလေနဲ့၊



နောက်ထပ်စားရသောက်ရတော့မှာလဲ မဟုတ်ဘူး... ဟား... ဟား... ဟား"

သူတို့နှစ်ဦး၏ပြောပုံဆိုပေါက်ကိုကြည့်ပြီး အလွန်ရင်းနှီးသော မိတ်ဟောင်းဆွေဟောင်းများဖြစ်ရမည်ဟု လင်းထက်ဆွေ ခန့်မှန်းလိုက်သည်။

မိန်စန်းဘွားဘွားက ရေယောင်လိုက်ရယ်ပြီး....

"တယ်ဟုတ်ပါလားဟေ့... နင်ကပါ ငါ့ကိုသိမ်းကြုံးပြီး သေစာရင်းတွက်ထားလိုက်တော့မလို့လား"

မိန်စန်းဘွားဘွားက အဘိုးအို၏ဘယ်ဘက်ဘေးတွင် ဝင်ထိုင်ရင်း ပြောလိုက်သည်။

အဘိုးအိုက သူ့နံဘေးတွင် ထိုင်နေသော မိန်းမပျိုလေးအား ပြောလိုက်သည်။

"သမီး... မိန်စန်းဘွားဘွားကို နှုတ်ဆက်လိုက်စမ်းပါဦး"

အကျီစိမ်းနှင့်မိန်းမပျိုလေးက မတ်တတ်ရပ်၍ ဦးညွတ်ပြီး နှုတ်ဆက်စကားဆိုသည်။

"သမီး ဟူးထိန်ရစ်လိန်က ဘွားဘွားကိုနှုတ်ခွန်းဆက်ပါတယ်"

မိန်စန်းဘွားဘွားက ကျေကျေနပ်နပ်ကြီး ပြုံးလိုက်ပြီး....

"ပန်းကလေးတစ်ပွင့်လိုလှတဲ့မိန်းကလေး တစ်ယောက်ပါပဲကွယ်... ဘယ်သူနဲ့များ လက်ဆက်ဖို့ရည်ရွယ်ထားသလဲ"

ဟူးထိန်ရစ်လိန်မှာ မိန်စန်းဘွားဘွား၏စကားကြောင့်

မျက်နှာတစ်ပြင်လုံး နှင်းဆီသွေးရောင် ထသွားတော့သည်။

မိမိ၏အရှက်မျက်နှာကို လူမြင်မည်စိုးသဖြင့် ခေါင်းကို အလျင်အမြန် ငုံ့ထားလိုက်၏။

အဘိုးအိုက ဟူးထိန်ရစ်လိန်အား....

"သမီးလေးကို မိန်စန်းဘွားဘွားက ကျီစယ်နေတာပါကွယ်... ချစ်လို့စတာပဲ ရှက်မနေပါနဲ့"

"ဟင့်အင်း.. ဟင့်အင်း၊ သူများတွေက သမီးကိုလှောင်ရယ်ရယ်နေကြပြီ"

"ဘယ်သူကမှ သမီးကိုမရယ်ရဲပါဘူးကွယ်၊ ဘယ်သူမှလဲ ဒီလောက်သတ္တိမရှိပါဘူး၊ ဟော့... ဘယ်သူမှ ငါ့သမီး ဟူးထိန်ရစ်လိန်ကို လှောင်ပြောင်မရယ်ရဲဘူးကွ၊ ဟား... ဟား... ဟား"

အဘိုးအို ဟူးထိန်လေသည် မိမိသမီးကို ချော့မော့ရန်အတွက် ပတ်ဝန်းကျင်ကိုရယ်၍ မေးလိုက်သည်။

သူ့စကားမဆုံးခင်မှာပင် ညာဘက်တွင်ထိုင်နေသော လူငါးယောက်၏မျက်နှာထားမှာ တင်းမာသွားသည်။

၎င်းတို့အထဲမှ မျက်နှာဖြူဖွေးနေသောလူတစ်ဦးက မိမိလက်တွင်ကိုင်ထားသောတူကို စားပွဲပေါ်သို့ဆောင့်လိုက်သည်။

"ကိုယ့်ကိုယ်ကို တော်တော် အထင်ကြီးပါလား"

ထိုသူ၏မကျေနပ်သောစကားသံမှာ သိပ်မကျယ်လောင်သဖြင့် အဘိုးအိုဟူးထိန်လေ မကြားမိလိုက်ချေ။

သို့သော် သမီးဖြစ်သူ ဟူးထိန်ရစ်လိန်က ကြားသည်။ ထို့



ကြောင့် စားပွဲပေါ်မှတူသံကို ကောက်ယူလိုက်သည်။ ထိုလူငါးဦးဆီသို့ ပစ်လွှတ်လိုက်တော့သည်။

"ဝှစ်...."

အဝါရောင်တန်းကလေးလက်သွားပြီး ထိုသူငါးဦးဆီသို့ တန်းတန်းမတ်မတ် ပြေးဝင်သွားတော့သည်။

လူရိပ်များနှင့် အော်ဟစ်သံများ ရှုပ်ထွေးဆူညံသွားသည်။

ထိုလူငါးဦးမှာ ထိုင်ခုံမှတစ်ပြိုင်နက်တည်း ခုန်ထလိုက်ပြီး ပြေးဝင်လာသောတူနှစ်ချောင်းကိုဖမ်းယူရန် ကြိုးစားလိုက်ကြသည်။

ဖမ်းမမိခင်မှာပင် တူနှစ်ချောင်းမှာ အလွန်လျင်မြန်သောအရှိန်နှင့်အတူ မျက်နှာဖြူဖြူလူ တိုင်သည့်ထိုင်ခုံသို့ တည့်တည့်မတ်မတ် ဝင်သွားတော့သည်။

အခုန်သာ မမြန်ပါက ထိုသူမှာပွဲချင်းပြီး သေဆုံးသွားနိုင်ပေသည်။

အဖြစ်အပျက်များမှာ လျင်မြန်လွန်းလှသဖြင့် ဆိုင်တွင်းမှလူများ အံ့သြမင်သက်သွားကြတော့သည်။

အတိုက်ခံရသောလူငါးဦးသည် ဟူးထိန်လေတို့သားအဖကို အော်ကြီးဟစ်ကျယ် စိန်ခေါ်လေတော့သည်။ သူတို့သည် ဆိုင်အပြင်မှ စိန်ခေါ်လေ၏။

"နဂါးအဖွဲ့က ကျားငါးကောင်ကို ဒီလိုလုပ်လို့ ဘယ်ရမလဲကွ၊ ဟူးထိန်လေ အပြင်ကိုထွက်ခဲ့ပါ"

အဘိုးအို ဟူးထိန်လေမှာ ကွက်ခနဲ မျက်နှာပျက်သွားပြီး

ထိုင်ရာမှဖြည်းညင်းစွာ ထလိုက်သည်။

"မင်းတို့ငါးယောက်ရဲ့ပညာက ငါ့ကိုစိန်ခေါ်ရဲလောက်အောင် ကောင်းနေလို့လားကွဟေ၊ မင်းတို့ကို ဘယ်သူက မြှောက်ပေးလိုက်လို့လဲ"

မိန်စန်းဘွားဘွားက ထိုလူများရှိရာသို့ထွက်သွားရန် ခြေလှမ်းပြင်နေသည့်ဟူးထိန်လေ၏ခြေထောက်ကို လှမ်းတားထားပြီး တောင်ဝှေးကိုကြမ်းပြင်ပေါ်သို့ ဆောင့်ချလိုက်သည်။

"သွားမလုပ်နဲ့"

အဘိုးအို ဟူးထိန်လေမှာ မိန်စန်းဘွားဘွား၏အပြုအမူကို နားမလည်နိုင်သဖြင့် တအံ့တသြ ငေးကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲဗျ"

မိန်စန်းဘွားဘွားက သွားဖြဲ၍ ရယ်လိုက်ပြီး....

"သူတို့ကိစ္စထဲမှာ နင် ဝင်ပါမနေနဲ့၊ သူတို့နဲ့နင်နဲ့က တူတာတန်တာ မဟုတ်ဘူး၊ သူတို့က ရှုံးရှုံးနိုင်နိုင် နင်နဲ့တိုက်ခိုက်ယှဉ်ပြိုင်ခဲ့ရတယ်ဆိုရင်ပဲ နာမည်တတ်တယ်၊ ဂုဏ်တက်တယ်၊ သူတို့ကိုဆုံးမဖို့ နင့်သမီးကိုသာ လွှတ်လိုက်၊ ကိုယ့်ကိုယ်ကို သေရတော့မယ်ဆိုတာကို တောင် ဒီကောင်တွေ မသိကြသေးဘူး"

မိန်စန်းဘွားဘွား၏ပြောစကားမဆုံးသေးမီမှာပင် ဟူးထိန်ရစ်လိန်မှာ လိပ်ပြာကလေးတစ်ကောင် ပျံ့ဝဲသွားသည့်အလား ဆိုင်ပြင်သို့ခုန်ထွက်သွားတော့သည်။

ဆိုင်ပြင်သို့ရောက်လျှင် ကျားငါးကောင်အား စတင်တိုက်



ခိုက်တော့သည်။

နဂါးအဖွဲ့ ကျားငါးကောင်ထဲမှ မျက်နှာဖြူဖွေးနေသောလူက တဟားဟား ရယ်မောပြီး....

"အစ်ကိုတို့... ကျွန်တော်စိတ်ချမ်းသာအောင် ဒီကောင်မလေးကို ကျွန်တော့်ကိုပေးပါဗျာ"

မျက်နှာဖြူက နောက်ရွှတ်ရွှတ်ပြောရင်း ဟူးထိန်ရစ်လိန်ကို ...က်ခိုက်သည်။ သာမန်အားဖြင့် တိုက်ခိုက်လျှင် အကြောင်းမဟုတ်ချေ။

ထိုမျက်နှာဖြူသည် သိုင်းလောက၏စည်းကမ်းကိုဆန့်ကျင်လျက် ဟူးထိန်ရစ်လိန်၏ရင်သားရှိရာသို့ အရှက်မဲ့စွာ တိုက်ခိုက်သည်။

"ရပ်လိုက်စမ်း"

အော်သံနှင့်အတူ လူတစ်ယောက်သည် ပြတင်းတံခါးမှတစ်ဆင့် လွှားခနဲခုန်ပျံရောက်ရှိလာခဲ့တော့သည်။ ထိုသူကား လင်းထက်ဆွေပင်တည်း။

လင်းထက်ဆွေသည် ဟူးထိန်ရစ်လိန်နှင့်ထိုသူငါးဦးတို့အကြားတွင် ဝင်ရပ်လိုက်ပြီး....

"သိုင်းလောကသား အချင်းချင်းတွေပဲ... ခင်ဗျားတို့သိုင်းလောက စည်းမျဉ်းဥပဒေတွေကို နားလည်လိုက်နာမှပေါ့ဗျ"

ကျားငါးကောင်မှာ လင်းထက်ဆွေ၏စကားကို ပြက်လုံးတစ်ခုအလား တဟားဟား အော်ဟစ်ရယ်ပွဲဖွဲ့ပစ်လိုက်သည်။

မျက်နှာဖြူက....

"ထွီ... စည်းကမ်း ဘာစည်းကမ်းလဲ၊ မင်းကကော ဘာကောင်မို့လို့ ကန့်လန့်ကန့်လန့် ဝင်ရှုပ်ချင်ရတာလဲ"

လင်းထက်ဆွေက လေသံမှန်မှန်နှင့်ပင် ပြန်ပြောသည်။

"နေ့ခင်းကြောင်တောင်ကြီး မိန်းကလေးတစ်ယောက်ကို အနိုင်ကျင့်တယ်၊ အောက်တန်းကျတဲ့သိုင်းကွက်နဲ့လဲ ယှဉ်ပြိုင်တယ်၊ ခင်ဗျားတို့ မရှက်ကြဘူးလား၊ ဒီလောက်ရှက်စရာကောင်းတဲ့ကိစ္စ ရှိပါဦးတော့မလား"

ကျားငါးကောင်မှာ ဒေါသအကြီးအကျယ် ထွက်သွားရတော့သည်။

"ခွေးကောင်လေး... ငါတို့ ဘယ်လိုတိုက်တိုက် မင်းနဲ့ဘာဆိုင်လို့လဲ"

လင်းထက်ဆွေမှာ သူ၏ဒေါသများကိုလည်း ထိန်းချုပ်ထား၍ မရတော့ပေ။

ဟူးထိန်ရစ်လိန်ဘက်သို့လှည့်ကြည့်လိုက်ပြီး....

"မိန်းကလေး... ခင်ဗျား အနားယူလိုက်ဦး၊ ကျုပ် သူတို့ကို ဆုံးမလိုက်ဦးမယ်"

"ဖြန်း...."

ဟူးထိန်ရစ်လိန်က ကျေးဇူးတင်စကားမပြောကြားနိုင်ဘဲ



လင်းထက်ဆွေ၏နောက်ဘက်သို့ အလစ်ဝင်ရောက်တိုက်ခိုက်လာသူအား လက်ဝါးဖြင့် ရိုက်ထုတ်လိုက်ရသည်။

ထိုသူမှာ သူ၏လက်ဖဝါးနှင့် ဟူးထိန်ရစ်လိန်တို့၏ လက်ဖဝါးများ ထိခတ်သွားသဖြင့် နှာခေါင်းနှင့်ကိုယ့်လက်ကိုယ် ပြန်နမ်းလိုက်သည်။

ထို့နောက် သူလူများ၏နှာခေါင်းကိုလည်း လက်ဝါးလိုက်ကပ်ကာ နမ်းရှိုက်ခိုင်းပြန်သည်။

ဟူးထိန်ရစ်လိန်သည် အံတကြိတ်ကြိတ်ဖြင့် ကြည့်နေရတော့သည်။

လင်းထက်ဆွေသည် ဤမျှမဖွယ်မရာ ပြုလုပ်လာသောလူစုအား အကြီးအကျယ် ရွံရှာစက်ဆုပ်သွားပြီး တရကြမ်း တိုက်ခိုက်တော့သည်။

"ဝုန်း... ဝုန်း"

လင်းထက်ဆွေ၏လက်ဝါးရိုက်ချက်ကြောင့် ကျားငါးကောင်ထဲမှနှစ်ယောက်မှာ ငါးပေခန့်အကွာသို့လွင့်စဉ်သွားရသည်။

လက်ဝါးရိုက်ချက်အားကြောင့် ကျန်သုံးယောက်သည်လည်း ဟန်ချက်မထိန်းနိုင်ပဲ နောက်သို့ယိမ်းယိုင်သွားကြရသည်။

သူအား မယှဉ်နိုင်မှန်းသိသောအခါ လင်းထက်ဆွေ၏ဒေါသများ လွင့်ပါးသွားရ၏။

"ခင်ဗျားတို့အားလုံးကို ခွင့်လွှတ်တယ်... သွားကြဗျာ၊ ခင်ဗျားတို့ထွက်သွားကြ"

လင်းထက်ဆွေသည် သူတစ်ပါး အားနည်းအရေးနိမ့်နေသည့်အချိန်တွင် ဖိတိုက်တတ်သူမဟုတ်ပေ။

ယခုအချိန်တွင် တိုက်ခိုက်ပါက သူ့အဖို့ ငါးယောက်စလုံး၏ အသက်ဇီဝိဉာဉ်ကိုပင် ဖျက်ဆီးနိုင်ပေသည်။ သူသည် ခွင့်လွှတ်ပြီး ထွက်သွားခိုင်းခဲ့သည်။

သို့သော် ကျန်လူသုံးဦးမှာ မိမိတို့၏လူနှစ်ဦး အရေးနိမ့်ဒဏ်ရာရရှိသွားသည်ကို မကျေနပ်ပဲ လင်းထက်ဆွေအား 'တောင်ဖြိုလက်ဝါး' သိုင်းကွက်ဖြင့် ဝိုင်းဝန်းတိုက်ခိုက်ကြတော့သည်။

အသေခံတိုက်ကွက်များဖြစ်၍ တိုက်ပွဲပြင်းထန်လှပေသည်။

"ခင်ဗျားတို့ အများနဲ့တစ်ယောက်ကိုဝိုင်းတိုက်တာ မရှက်ဘူးလား"

"ဘာကိုရှက်ရမှာလဲ... ဘာစည်းကမ်း စည်းမျဉ်းမှ တို့နားမလည်ဘူး... ဘာမှလဲမရှက်ဘူး"

သူတို့၏လက်ဝါးအားလုံးမှာ ကျားအစွယ်သဏ္ဍာန် ပြောင်းလဲလာကြလေသည်။

ဟူးထိန်ရစ်လိန်မှာ ဘေးမှရပ်ကြည့်နေရာမှ အော်ဟစ်သတိပေးလိုက်၏။

"အစ်ကိုလေး... သတိထား"

သူမသည် အော်ဟစ်သတိပေးရင်း ဝင်ရောက်ကူညီတိုက်ခိုက်တော့သည်။

ထိုအချိန်တွင် မိန်စန်းဘွားဘွားနှင့် ဟူးထိန်လေတို့နှစ်ဦး



သည် တိုက်ပွဲအခြေအနေကို လေ့ကားထစ်များပေါ်တွင် ရပ်လျက်ကြည့်နေကြသည်။

ထိုစဉ် အဝေးမှကျယ်လောင်သောအသံတစ်သံ ဟိန်းထွက်လာပြီး တဖြည်းဖြည်း နီးကပ်လာသည်။

ထို့နောက် ခရမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူရှစ်ယောက်မှာ တိုက်ပွဲစည်းအတွင်းသို့ ခုန်ပျံ ဝင်ရောက်လာကြလေတော့သည်။

သူတို့၏ကျောပေါ်တွင် ဓားရှည်များ ကိုယ်စီလွယ်ထားကြပြီး ဓားလက်ကိုင်ရိုးတွင်လည်း ခရမ်းရောင်ပန်းပွားများကို ချိတ်ဆွဲထားကြသည်။

"အားလုံး ရပ်လိုက်ကြ"

သူတို့သည် တိုက်ခိုက်နေကြသူများသာမက ဆိုင်ထဲမှလူများပါ နားပွင့်ထွက်သွားမတတ် အော်ဟစ်လိုက်ကြလေ၏။

## အခန်း(၁၁)
## မိုးနဲ့မြေယပ်တောင်နတ်မြင်းပျံ

နဂါးအဖွဲ့ မှကျားသုံးကောင်မှာ ဆယ်ပေအကွာသို့ကိုယ်ဖျော့၍ ရုတ်တရက် ခုန်ထွက်သွားကြသည်။

သူတို့သည် ခရမ်းရောင်ရှစ်ဦးကို မြင်တွေ့လိုက်ရသောအခါ အကြီးအကျယ်ပင် မျက်နှာပျက်သွားကြ လေ၏။

ဒဏ်ရာရသူနှစ်ယောက်ပါထလာကာ လက်နှစ်ဖက်ဆုပ်ပြီး ဂါရဝပြုကြသည်။

"လူစွမ်းကောင်းရှစ်ယောက်ကို ကျားငါးကောင်က ဂါရဝပြုပါတယ်ခင်ဗျား"

လင်းထက်ဆွေမှာ ဘာမျှသိရှိသူမဟုတ်သဖြင့် ကျားငါးကောင်တို့၏စစ်ကူများရောက်ရှိလာခြင်းဟု ထင်မှတ်ကာ စိုးရိမ်သွားသည်။



ဟူးထိန်ရစ်လိန်ကိုလည်း လေသံတိုးတိုးဖြင့် မေးလိုက်သည်။

"အဲဒီလူတွေက သူတို့လူတွေလား"

ဟူးထိန်ရစ်လိန်က ပြုံးပြီး ခေါင်းခါပြလိုက်သည်။

"မဟုတ်ပါဘူး... သူတို့က ကြုံလုံပေါင်းဂိုဏ်းရဲ့ လူစွမ်းကောင်းရှစ်ယောက်ပါ"

လင်းထက်ဆွေ စိတ်အေးသွားသည်။

ဟူးထိန်ရစ်လိန်က နှုတ်ခမ်းကိုသွားဖြင့် ကိုက်ထားပြီး လင်းထက်ဆွေကို မျက်နက်ကလေးထောင့်ကပ်ကြည့်လိုက်သည်။

လင်းထက်ဆွေ၏ ပြန်အကြည့်နှင့်ဆုံသောအခါ မျက်လွှာချ ခေါင်းငုံ့သွားသည်။

ထို့နောက် လေသံတိုးတိုးကလေးဖြင့် ကျေးဇူးတင်စကားဆိုသည်။

"အစ်ကို့ကို ကျေးဇူးတင်ပါတယ်"

စကားဆုံးသည်နှင့်သူမသည် ကိုယ်ဖော့ကာ သူ့ဖခင် ရပ်နေရာလှေကားဆီသို့ ခုန်ပျံထွက်သွားတော့၏။

လူစွမ်းကောင်းရှစ်ယောက် ရောက်ရှိလာသဖြင့် ဆိုင်ထဲ၌ ထိုင်နေသောသိုင်းသမားများသည် ဆိုင်ဝသို့ထွက်လာကြ၏။

မိန်စန်းဘွားဘွားနှင့် ဟူးထိန်လေတို့ကမူ လှေကားထက်မှပင် စောင့်ကြည့်နေကြသည်။

လူစွမ်းကောင်းရစ်ယောက်အနက်မှ ခေါင်းဆောင်ဖြစ်သူက ကျားငါးကောင်အား ဖြစ်တင်ရှုတ်ချသောအမူအရာဖြင့် ကြည့်လိုက်ပြီး ဆိုင်ရှေ့သို့လျှောက်လာသည်။

ထို့နောက် ကျယ်လောင်သောအသံဖြင့် ကြေငြာလေ၏။

"ကြူလူပေါင်းဂိုဏ်းချုပ်ကြီးရဲ့အမိန့်... ကျန့်ဖိန်တောင်ကိုလာသူများ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးကြပါ၊ ကိုယ့်သိုင်းပညာနဲ့ကိုယ်ကာကွယ် ယှဉ်ပြိုင်ကြပါ၊ အကောက်ဉာဏ်ဆင်ပြီး သိုင်းကျမ်းကိုမယူရ၊ သိုင်းကျမ်းစာအုပ်ယူရန် ကိစ္စမှတစ်ပါး ကလဲ့စားချေခြင်း၊ ရန်ငြိုးဒေါသဖြစ်ခြင်းတို့ကို ကျန့်ဖိန်တောင်ပေါ်၌ ခွင့်မပြု... လိုက်နာခြင်းမရှိပါက ကြူလုံပေါင်းအဖွဲ့က အရေးယူမည်"

လင်းထက်ဆွေမှာ ကြူလုံပေါင်းအဖွဲ့၏သိုင်းလောကအပေါ်အာဏာစက် ဤမျှပြင်းထန်ပုံကို ယခုမှသာ မျက်မြင်သိရှိရလေတော့သည်။

လင်းထက်ဆွေသည် အစားအသောက်စားသောက်လိုစိတ်မရှိတော့သဖြင့် သူငှားယူထားသောအခန်းအတွင်းသို့ဝင်လာခဲ့သည်။

အခန်းထဲသို့ရောက်သောအခါ နဖူးပေါ်လက်တင်ပြီး စဉ်းစားရလေတော့၏။

နတ်ကျာပွတ်မယ်ကွမ်းရဲစမ်း အဖမ်းခံထားရသည့်သတင်းကို ကြူလုံပေါင်းခေါင်းဆောင်နှင့်တွေ့ပါမှ အပြည့်အစုံရှင်းပြတော့မည်ဟု သူ ဆုံးဖြတ်လိုက်သည်။



သူ ကျန့်ဖိန်တောင်သို့ရောက်ရှိလာခြင်းမှာ ငှက်တောင်မွေးနီအမျိုးသမီးကိုရှာဖွေရန် ဖြစ်ပေသည်။

ယခု သူဆုံတွေ့ရသော မိန်းမနှစ်ဦးမှာ မိန်စန်းဘွားဘွားနှင့်ဟူးထိန်ရစ်လိန် ဖြစ်ပေသည်။

ထိုနှစ်ယောက်မှာ အနီရောင်ငှက်တောင်မွေးနှင့် မည်သို့မျှသက်ဆိုင်မည်မဟုတ်ပေ။

သူ သိုင်းလောကသို့ဝင်ရောက်လာကတည်းက အရှုပ်အထွေးများနှင့်စတင်ရင်ဆိုင်ခဲ့ရသည်။ ရန်သူထင်မှတ်ထားခဲ့သူက မိတ်ဆွေဖြစ်ခဲ့ရသည်။

ဘုမသိ ဘမသိဖြင့် ဂိုဏ်းချုပ်ရာထူးကို အတင်းထိုးအပ်ခြင်းခံရသည်။ အသေသတ်ဖို့ကြံစည်ပြီးကာမှ သားအဖြစ် စွပ်စွဲသူက စွပ်စွဲသည်။

ယခုတဖန် မဟုတ်မခံစိတ်၊ သူတစ်ပါးကို ကူညီလိုစိတ်တို့ကြောင့် ရန်ပွဲတစ်ပွဲ ဖြစ်ခဲ့ရပြန်သည်။

ဤနေရာ ဤဒေသတို့ရောက်ရှိလာရခြင်းမှာ မိမိအဖို့ သေမင်းနှုတ်ခမ်းဝသို့ ရောက်ရှိနေသည့်ပမာ အန္တရာယ်များလှကြောင်း လင်းထက်ဆွေ စဉ်းစားလာမိသည်။

သူသည် မည်သည့်သိုင်းကျမ်းကိုမျှ စိတ်ဝင်စားသူတစ်ဦး မဟုတ်ပေ။

သို့ရာတွင် ကျန့်ဖိန်တောင်ကို ရောက်ရှိလာကြသူတိုင်းမှာ

ကျောက်စိမ်းကေရာဇ်သိုင်းကျမ်းကို အရယူရန်ဟူသော ရည်မှန်းချက်ဖြင့် ရောက်ရှိလာကြသူများချည်း ဖြစ်ကြပေသည်။

လူတိုင်းလူတိုင်းသည် သိုင်းကျမ်းစာအုပ်ရရှိရေးအတွက် ပြိုင်ဘက်များ ဖြစ်နေကြသဖြင့် လူတစ်ဦးတစ်ယောက် လျော့နည်းသွားလျှင် သိုင်းကျမ်းစာအုပ်ရယူနိုင်ရေးအတွက် လူတစ်ယောက် လျော့ပါးသွားမည်ဟု ခံယူထားကြသူများ ဖြစ်သည်။

ထို့ကြောင့် လင်းထက်ဆွေသည် ယခုအချိန်မှစ၍ မသမာသူများ၏ အကြံအစည်ကို သတိထားဆင်ခြင်ရမည်။

အချိန်မရွေး လုပ်ကြံခံရမည့်အရေးမှလွတ်အောင် ရုန်းနိုင်ရမည်ဟု ကိုယ့်ကိုယ်ကို သတိပေးနေရလေသည်။

ယင်းသို့တောင်တောင်အီအီ လျှောက်တွေးနေရသဖြင့် လင်းထက်ဆွေမှာ ညဦးနက်လာသည့်တိုင် အိပ်မပျော်နိုင်အောင် ဖြစ်နေရသည်။

နောက်ဆုံး၌ ခုတင်ပေါ်တွင် တင်ပျဉ်ခွေထိုင်ကာ အတွင်းအားကျင့်စဉ် ကျင့်နေလေတော့၏။

သန်းခေါင်ယံကျော်ကျော်အချိန်သို့ ရောက်သောအခါဆိုင်အပြင်ဘက်မှ အသံတစ်သံကြားလိုက်ရသဖြင့် လင်းထက်ဆွေ



သည် ပြတင်းပေါက်အနီးသို့ကပ်ပြီး အပြင်သို့ချောင်းကြည့်လိုက်သည်။

အပြင်ဘက်တွင် လရောင်မရှိသည့်အတွက် ဘာကိုမှမမြင်ရပဲ စကားပြောသံတိုးတိုးကိုသာ ကြားရသည်။

နားစိုက်ထောင်သောအခါမှ အသံများကို သဲသဲကွဲကွဲ ကြားလာရသည်။

လင်းထက်ဆွေသည် ထိုအသံများကိုနား၌ ကျက်မိသောအခါ လွန်စွာ ထိတ်လန့်သွားလေ၏။

အဘယ်ကြောင့်ဆိုသော် ယခုတီးတိုးပြောနေသူနှစ်ဦးမှာ သူ ကျင်းစိမ်းကျောက်ဂိုဏ်းချုပ်ကြီးနှင့်မတွေ့မီ ဒဏ်ရာရစဉ်က အသံသာကြားပြီး လူမမြင်ရသူနှစ်ယောက်၏အသံ ဖြစ်နေသောကြောင့်ပေတည်း။

လင်းထက်ဆွေသည် တံခါးချက်ကိုအသံမမြည်အောင် အသာဖြုတ်လိုက်သည်။

ထို့နောက် လူတစ်ကိုယ်ထွက်သာရုံ ခပ်ဟဟလေး ဖွင့်လိုက်ပြီး အပြင်သို့ထွက်လိုက်သည်။

"သူများကိစ္စ ဝင်မရှုပ်နဲ့"

အမှောင်ထဲမှ အေးခဲစူးရှသောအသံကြောင့် လင်းထက်ဆွေလန့်သွားသည်။

'ဘယ်သူလဲ'ဟု မေးရန် ဟန်ပြင်လိုက်မိ၏။ သို့သော် သူ

နောက်ကျသွားခဲ့ပြီ။ လူရိပ်မှာ လျှပ်ပြက်သကဲ့သို့မြန်ဆန်းလွန်းလှသည်။

လင်းထက်ဆွေ၏ စကားပြောနိုင်သော လည်ပင်းရှိသွေးကြောကို ထိုးပိတ်ပြီး ဖြစ်နေလေ၏။

လည်ပင်းကြောပိတ်ပြီးသည်နှင့် ထိုလူရိပ်သည် လင်းထက်ဆွေ၏ ပေါင်ကြောနှင့် လက်မောင်းကြောတို့ကိုပါ တစ်ပြိုင်တည်း ထိုးပိတ်လိုက်သဖြင့် လင်းထက်ဆွေမှာ ပျော့ခွေကျသွားရသည်။

ထိုအဖြူရိပ်က လင်းထက်ဆွေ လဲကျမသွားအောင် ထိန်း၍ လက်ဖြင့်ပွေ့ကာ အခန်းထဲပြန်ဝင်လာသည်။ ထို့နောက် ခုတင်ပေါ်တွင် ချထားလိုက်တော့သည်။

ထိုအရိပ်သည် လှုပ်သည်ဆိုရုံနှင့် တံခါးအဝဆီသို့ရောက်သွား၏။

ထို့နောက် အခန်းအပြင်သို့ထွက်ကာ တံခါးကိုပိတ်ထားလိုက်သည်။

အခန်းအပြင်ဘက်၌ကား မူလကအတိုင်း တိတ်ဆိတ်ငြိမ်သက်သွားလေတော့၏။

လင်းထက်ဆွေမှာ ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်လောက်အောင် ဒေါသလည်းထွက် ရှက်လည်း ရှက်နေမိသည်။

ယခုအချိန်တွင် သူသည် သူတစ်ပါး၏လုပ်ကြံမှုကြောင့် အကြောများအပိတ်ခံ ထားရချေပြီ။



စကားပြော၍လည်းမရ၊ လှုပ်ရှား၍လည်းမရပဲ ခုတင်ပေါ်တွင် လူသေကောင်တစ်ကောင်အလား စန့်စန့်ကြီးလဲလျောင်းနေရပေပြီ။

သူ မကျေနပ်သည့်အချက်မှာ ထိုလုပ်ကြံသူ၏မျက်နှာကိုပင် မမြင်လိုက်ရခြင်းပင် ဖြစ်သည်။

လင်းထက်ဆွေအနေဖြင့် ရန်သူလား မိတ်ဆွေလား ခွဲခြား၍ မရနိုင်ပေ။

ရန်သူဆိုလျှင်လည်း မိမိအား မသတ်ပဲ အဘယ်ကြောင့် သွေးကြောပိတ်ရုံပိတ်ပြီး ခုတင်ပေါ်တွင်ထားခဲ့ရသနည်း။ မိတ်ဆွေဆိုလျှင်လည်း အဘယ်ကြောင့် ဟန့်တားထားရသနည်း။

လင်းထက်ဆွေ စဉ်းစားမရဖြစ်နေစဉ်မှာပင် အခန်းတံခါးဖွင့်သံကို ကြားလိုက်ရလေသည်။

တစ်ဆက်တည်းမှာပင် မီးတိုင်၏အလင်းရောင်က အခန်းတွင်းသို့ ဖြာကျလာ၏။

"အစ်ကို... အိပ်နေပြီလား... ဘာဖြစ်လို့ တံခါးပိတ်မထားတာလဲ"

အမျိုးသမီးတစ်ယောက်၏မေးမြန်းသံကို ကြားလိုက်ရသည်။

လင်းထက်ဆွေသည် ခုတင်ပေါ်၌လဲလျောင်းရင်း အတွင်းအားဖြင့် သွေးလှည့်ပတ်ကာ အကြောများကို ပွင့်အောင်ကြိုးစား

သည်။

ဟူးထိန်ရစ်လိန်လာရောက် မေးမြန်းနေသည်ကိုသိသော်လည်း အကြောပိတ်ခံထားရသဖြင့် မည်သို့မျှ အဖြေမပေးနိုင်သေးပဲ ဖြစ်နေသည်။

ဟူးထိန်ရစ်လိန်သည် အခန်းတွင်းသို့ရောက်သည့်တိုင် လူကိုလည်းမတွေ့၊ ပြန်လည်ထူးသံကိုလည်း မကြားရသဖြင့် စိတ်ထဲတွင် မသင်္ကာဖြစ်လာပြီး ခုတင်အနီးသို့ချဉ်းကပ်လာသည်။

ခုတင်ပေါ်၌ စန့်စန့်ကြီးအိပ်နေသည့်လင်းထက်ဆွေကို မြင်သောအခါ ဟူးထိန်ရစ်လိန်က ခပ်တိုးတိုးမေးလေ၏။

"အစ်ကို… အိပ်ပျော်နေပြီလား"

လင်းထက်ဆွေမှာ အခက်ကြုံနေရလေသည်။ မျက်လုံးကပွင့်နေပြီး စကားမပြောနိုင်၊ မတ်တတ်မရပ်နိုင်ဖြစ်ကာ မရိုးမရွ ဖြစ်နေရသည်။

ဟူးထိန်ရစ်လိန်သည် သူမအား မည်သို့မျှ အဖြေမပေးသဖြင့် ဒေါသထွက်သွားသည်။

"ရှင်က ဘာဖြစ်လို့ ပြန်မထူးရတာလဲ"

လင်းထက်ဆွေသည် မိမိအတွင်းအားနှင့်မိမိအကြော ပြန်ဖွင့်နေသည်မှာ ကိုးဆယ်ရာခိုင်နှုန်းခန့်သာ အောင်မြင်နေပေသေးသည်။

လုံးဝမဖွင့်နိုင်သေးသဖြင့် ဟူးထိန်ရစ်လိန်ကို လုံးဝစကား



ပြန်မပြောနိုင်သေးပေ။

ဟူးထိန်ရစ်လိန်မှာ လင်းထက်ဆွေ၏အပြုအမူကို လုံးဝမကျေနပ်ချေ။

အကြောပိတ်ထားမှန်း မရိပ်မိသဖြင့် ခြေဆောင့်ပြီး အခန်းထဲမှ ထွက်ခွာသွားတော့သည်။

"ဝုန်း…"

တံခါးဆီသို့ရောက်လျှင် တံခါးကိုဒေါသတကြီး ဆောင့်ပိတ်ခဲ့လေသည်။

ထိုအချိန်တွင်မှ လင်းထက်ဆွေ၏အကြောများ ရာနှုန်းပြည့် ပြန်ပွင့်သွားရတော့သည်။

သူသည် ချက်ချင်းပင် ခုတင်ပေါ်မှ ဝုန်းခနဲခုန်ထပြီး တံခါးဆီသို့ ပြေးသွား၏။

"ဟူးထိန်ရစ်လိန်…"

ဟူးထိန်ရစ်လိန်သည် နောက်ဘက်မှခေါ်သံကြားသဖြင့် အမှောင်ထဲတွင် ရပ်စောင့်နေလိုက်သည်။

လင်းထက်ဆွေက အလောတကြီးပြေးလာရာ ဟူးထိန်ရစ်လိန်အား ဝင်တိုက်မိတော့သည်။

ဟူးထိန်ရစ်လိန်မှာ ရုတ်တရက် ဖြစ်သဖြင့် လက်နှစ်ဖက်နှင့် အလန့်တကြား တွန်းလိုက်မိသည်။

"အို… ရှင် ဘယ်လိုဖြစ်နေတာလဲ"

လင်းထက်ဆွေမှာ မည်သည့်မိန်းကလေးနှင့်မျှ ဤသို့မတိုက်မိဖူးသဖြင့် အလွန်ရှက်သွားသည်။

သူ၏သိုင်းအားကိုလည်း မထုတ်မိပေ။ ထို့ကြောင့် ဟူးထိန်ရစ်လိန်က တွန်းလိုက်သောအခါ ကလေးငယ်တစ်ဦးအလား ဒလိမ့်ခေါက်ကွေး ကျသွားရလေတော့၏။

ဤမျှကလေးတွန်းလိုက်ရုံနှင့် ပုံပျက်ပန်းပျက် လဲကျသွားသည်ကိုတွေ့ရသောအခါ ဟူးထိန်ရစ်လိန်မှာ အံ့လည်းအံ့သြ စိတ်လည်းမကောင်းပဲ ဖြစ်သွားသည်။

သို့သော် ညကြီးမင်းကြီး အများတကာအိပ်ချိန်၌ တွတ်ထိုးစကားပြောနေရန် မသင့်တော့သဖြင့် သူမ၏အခန်းထဲသို့ လျှင်မြန်စွာပြေးဝင်ပြီး တံခါးပိတ်လိုက်လေ၏။

"ဟူးထိန်...."

"တော်ပြီ"

သူ့စကားမဆုံးမီမှာပင် သူနှင့်မျက်နှာချင်းဆိုင် အခန်းဆီမှ တိုးညင်းစွာ ဟန့်တားအမိန့်ပေးလိုက်သံကို ကြားလိုက်ရသည်။

လင်းထက်ဆွေမှာ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်နေပြီဖြစ်၍ လက်ဝါးကို ရင်၌ကာထားပြီး ပြန်လည်တိုက်ခိုက်ရန် အဆင်သင့် ပြင်ဆင်ထားလိုက်သည်။

"ခင်ဗျား ဘယ်သူလဲ"

သူ့အမေးစကားဆုံးသည်နှင့် မျက်နှာချင်းဆိုင် မှောင်ထဲမှလူက ပြန်မေးသည်။

"မင်းကိုယ်တိုင် အကြောတွေပွင့်အောင် လုပ်လိုက်တာလား"

လင်းထက်ဆွေက အသံလာရာဘက်သို့ပြန်မေးသည်။

"ခင်ဗျား ဘယ်သူလဲ"

အမှောင်ထဲ၌အရောင်များ ဖြာထွက်နေသောမျက်လုံးတစ်စုံကို တွေ့ရှိလိုက်ရလေ၏။

လင်းထက်ဆွေလန့်ပြီး ထပ်မေးပြန်သည်။

"ခင်ဗျား ဘယ်သူလဲ"

ထိုသူက....

"မမေးနဲ့ ငါ့နောက်ကိုလိုက်ခဲ့"

ပြောပြီးသည်နှင့်ကိုယ့်ကို ယိမ်းခနဲလှုပ်လိုက်သည်။ လူရိပ်ဖျတ်ခနဲ အုံပြင်ဘက်သို့ရောက်သွားသည်။

ထိုသူ၏လှုပ်ရှားမှုမှာ လေထဲတွင် တိမ်လိပ်များ လွင့်မျောနေသည့်အလား ပေါ့ပါးလျှင်မြန်လှသည်။

လင်းထက်ဆွေမှာ ထိုလူနောက်သို့ပြေးလိုက်သွားမိ၏။

သူသည် အစွမ်းကုန်ပြေးလိုက်သော်လည်း ထိုသူကိုမမီသည့်အပြင် တဖြည်းဖြည်း နောက်ကျန်နေမည်ကဲ့သို့ပင် ဖြစ်လာ၏။

ရှေ့မှလူရိပ်သည် ရိပ်မိဟန်ဖြင့် လင်းထက်ဆွေကိုစောင့်ခေါ်သည်။

မကြာမီ ကျွန်ုပ်ဖိန်တောင်၏တောင်ခြေသို့ ရောက်ရှိလာတော့သည်။

ထိုစဉ် ကြယ်ပွင့်သဏ္ဍာန် လက်နက်ပုန်းလေးခုသည် ထိုသူ၏ရှေ့နောက်မှ တစ်ပြိုင်နက် ပြေးဝင်လာသည်။

လင်းထက်ဆွေက ထိုသူ့ကိုသတိပေးရန် ပါးစပ်ဟလိုက်စဉ်မှာပင် ထိုသူက အင်္ကျီလက်စရှည်များဖြင့် လက်နက်ပုန်းများကို ခါချလိုက်ပြီး ဖြစ်နေသည်။

နောက်ထပ် ကြယ်ပွင့်လက်နက်ပုန်းနှစ်ခုမှာ ထိုသူ့ဆီသို့ ထပ်မံရောက်ရှိလာကြပြန်သည်။

ထိုသူမှာ လုံးဝရှောင်တိမ်းခြင်းမရှိပဲ လက်ဝါးနှစ်ဖက်ထဲမှ တစ်စုံတစ်ခုနှင့် ပစ်လွှတ်တောက်ထုတ်လိုက်သဖြင့် ကြယ်ပွင့်များမှာ မြေကြီးပေါ်သို့ ပြုတ်ကျသွားသည်။

လင်းထက်ဆွေလည်း ထိုလူ့အနီးသို့ရောက်ရှိလာလေတော့၏။

ထိုသူမှာ ပိန်ပိန်သွယ်သွယ် အဘိုးအိုတစ်ဦးဖြစ်ပြီး မီးခိုးရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

သူ၏မျက်နှာကိုလည်း လူမြင်မခံချင်သည့်အလား မျက်နှာဖုံးတစ်ခု တပ်ဆင်ထားသည်။



ထိုအဘိုးအိုက လင်းထက်ဆွေ ဘာမှမမေးခင် ကြိုတင်ပြီး နှုတ်ပိတ်ထားလိုက်သည်။

"အပိုတွေ ဘာမှပြောမနေနဲ့ ငါနဲ့တောင်ပေါ်ကိုလိုက်ခဲ့ဖို့ပဲ အရေးကြီးတယ်"

ဘုမသိ ဘမသိ တောင်ပေါ်လိုက်ခဲ့ရန် ခေါ်နေသဖြင့် လင်းထက်ဆွေ အံ့သြသွားသည်။

"ခင်ဗျာ...."

"မင်း အဖိုးတန်တဲ့သိုင်းကျမ်းကြီး မလိုချင်ဘူးလား"

"ဟင့်အင်း... ကျွန်တော်မလိုချင်ပါဘူး"

"ဟင်...."

သည်တစ်ကြိမ် အံ့သြသွားရသူမှာ အဘိုးအိုဖြစ်သည်။

သူ၏တောက်ပသောမျက်လုံးအစုံဖြင့် လင်းထက်ဆွေကို စူးစိုက်ကြည့်လိုက်၏။ ထို့နောက် အံ့သြသောလေသံဖြင့် မေးလိုက်မိ၏။

"အဖိုးတန်တဲ့သိုင်းကျမ်းစာအုပ်ကို မလိုချင်ဘဲနဲ့ မင်းက ကျွန်ုပ်ဖိန်တောင်ကို ဘာလာလုပ်ရတာလဲ"

လင်းထက်ဆွေသည် အဘိုးအို၏မျက်လုံးများကိုကြည့်၍ ရိုးသားဖြောင့်မတ်သူဖြစ်မည်ဟု ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် အမှန်အတိုင်းပင် ပြောပြလိုက်သည်။

"ကျွန်တော် ဒီကိုလာတာ လူတစ်ယောက်ရှာဖို့လာတာပါ"

"ဘယ်သူလဲ"

"အနီရောင်ငှက်တောင်မွေး အမှတ်အသားထားတဲ့လူပါ"

"အနီရောင်ငှက်တောင်မွေး"

မီးနိုးရောင်ဝတ်စုံနှင့်အဘိုးအိုက တစ်လုံးချင်း သံယောင်လိုက်ရေရွတ်၏။

အတန်ကြာစဉ်းစားပြီးနောက် ခေါင်းခါသည်။ ထိုသူကို သူမသည့်သဘောပင် ဖြစ်၏။

"အဲဒီအနီရောင်ငှက်တောင်မွေးဆိုတဲ့လူက လူဆိုးလား လူကောင်းလား... သူက ဘယ်အဖွဲ့ကလဲ"

"ကျွန်တော် မသိပါဘူး"

"မင်းက သူနဲ့ဘာတော်လို့လဲ၊ ဘာကိစ္စနဲ့ သူ့ကိုလာရှာရတာလဲ"

"ဆရာ့အတွက် တိုက်ခိုက်ဖို့ပါ"

မီးနိုးရောင်ဝတ်စုံနှင့်အဘိုးအိုသည် လင်းထက်ဆွေ၏စကားကို သဘောကျသွား၏။

"မင်းက ဘယ်ဆိုးလို့လဲ၊ ဒီလိုတပည့်မျိုးရထားရင် မွေးရကျိုးနပ်ပါပေ့ကွာ၊ မင်းရဲ့စိတ်ဓာတ်ကို ငါ ချီးကျူးပါတယ်"

ထို့နောက် သူ့မျက်လုံးများက မိုးကောင်းကင်ပေါ်ရှိ ကြယ်ပြာကလေးများကို မော့ကြည့်နေလိုက်သည်။

အတန်ကြာမှ သက်ပြင်းချလေ၏။



လင်းထက်ဆွေသည် အဘိုးအိုနှင့်အဆင်ပြေသွားပြီဖြစ်၍ သူ့ကိစ္စအဆင်ပြေစေရန် ထပ်မေးမိသည်။

"ဘဘက အဲဒီအနီရောင်ငှက်တောင်မွေးကို မသိဘူးလား"

"မသိပါဘူးကွယ်... မင်းဆရာဟာ..."

မီးနိုးရောင်ဝတ်စုံနှင့်အဘိုးအိုက စကားကိုဆုံးအောင်မပြောနိုင်ပဲ လင်းထက်ဆွေ၏လက်ကိုဆွဲကာ ခန္ဓာကိုယ်များကို လိမ့်ထွက်လိုက်သည်။

"ဝုန်း..."

သူတို့ရပ်နေခဲ့သောနေရာ၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပေါ်လာပြီးလျှင် မီးနိုးများ လိပ်တက်လာလေသည်။

တစ်စက္ကန့်လောက်သာ နောက်ကျခဲ့လျှင် သူတို့သည် သေခြင်းရှင်ခြင်းကိုစဉ်းစား၍မရနိုင်ပဲ ရှိသွားပေလိမ့်မည်။

မီးနိုးရောင်ဝတ်စုံအဘိုးအိုက လင်းထက်ဆွေ၏လက်ကိုဆွဲကိုင်ပြီး မေးလိုက်သည်။

"မင်း ဒဏ်ရာရသွားသေးသလား"

လင်းထက်ဆွေသည် ဤသို့သော်ယမ်းထုပ်ပေါက်ကွဲမှုမျိုးကို တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသဖြင့် ထိတ်လန့်သွားသည်။

"ဘဘ... ဒါ သိုင်းပညာမှမဟုတ်ပဲ"

အဘိုးအိုက ရယ်သည်။

"ဟား... ဟား... ဟား... ဒါက သိုင်းပညာထက် အစွမ်း

ထက်တယ်လေ၊ သိုင်သမားဆယ်ယောက်လောက် အသာကလေးအူ မှုန့် သေသွားနိုင်တယ်ကွ"

"ဒါ ဘာလက်နက်လဲ ဘဘ"

"ယမ်းလေကွာ... ယမ်းထုပ်ပေါ့၊ မြေမြှုပ်ထားတဲ့ ယမ်းထုပ် တွေပေါ့... မင်း ဘာမှမဖြစ်ပါဘူးနော်"

"ဘာမှမဖြစ်ပါဘူး"

"ဒါဆိုရင် မင်း ဒီမှာခဏစောင့်နေ၊ ငါ ဒီကောင်တွေကို သွား ရှင်းလိုက်ဦးမယ်"

စကားဆုံးသည်နှင့်အဘိုးအိုမှာ ပေသုံးဆယ်အကွာသို့ ရောက်ရှိသွားပြီး ဘယ်ဘက်တောင်ကုန်းဆီသို့ ပြေးတက်သွားလေ တော့သည်။

အလွန်လျင်မြန်လှသဖြင့် မီးခိုးငွေ့များလို ပျောက်ကွယ် သွားသည်။

"ဗုန်း... ဗုန်း"

တောင်ကုန်းဆီမှ အသံဗလံများ ကြားရသဖြင့် လိုက်တက် ကြည့်ရန် ပြင်ဆင်လိုက်စဉ်မှာပင် မျက်နှာဖုံးစွပ်ထားသောအဘိုးအိုမှာ ရိပ်ခနဲ ပြန်လည်ရောက်ရှိလာတော့သည်။

"ခွေးကောင်တွေ... ခုတော့ ကိုယ့်သေတွင်းကိုယ် မတူးနိုင် ကြတော့ဘူး"

အဘိုးအိုထံမှ ထိုစကားကြားရလျှင် လင်းထက်ဆွေက



မေးလိုက်မိ၏။

"ဘဘက သူတို့ကို...."

"ဟုတ်တယ်... ရှင်းပစ်လိုက်ပြီ"

အဘိုးအို၏သိုင်းပညာအတွက် လင်းထက်ဆွေသံသယမရှိ ပေ။ ဝါစဉ်ကြီးသိုင်းဆရာကြီးတစ်ဦးဖြစ်မည်ကို သူ ရိပ်မိလေသည်။

အဘိုးအိုသည် ဘယ်ဘက်လက်ညှိုးဖြင့် တောင်ထိပ်ဆီသို့ ညွှန်ပြပြီး....

"ကျွန့်ဖိန်တောင်ပေါ်မှာ လူသတ်နိုင်တဲ့လက်နက်ယန္တရား တွေ အပြည့်ရှိတယ်၊ အချိန်မရွေး ကိုယ့်ကိုဒုက္ခပေးနိုင်တယ်၊ အခုပဲ မင်းမျက်မြင်တွေ့ခဲ့ရပြီးပြီ မဟုတ်လား၊ ဒါကိုတောင်မှ မင်းက ဒီနေရာ မှာလူရှာဖို့ စိတ်ကူးသေးတယ်၊ မင်းရဲ့စိတ်ကူးမမှန်ကန်ပါဘူးကွာ၊ မင်း သွားဖို့ မသင့်ပါဘူး၊ ငါပြောတာ သဘောပေါက်ရဲ့လား"

အဘိုးအို၏စေတနာကို လင်းထက်ဆွေ နားလည်သဘော ပေါက်သည်။

သို့သော်....

"ဆရာ့အတွက် ပြန်တိုက်ခိုက်တဲ့အလုပ်ဟာ တပည့်ကောင်း တစ်ယောက်ရဲ့ မလွဲမသွေ ထမ်းဆောင်ရမယ့်တာဝန်ပါ၊ ကျွန်တော့် အတွက် ဓားတောင်ကြီးပဲ ဆီးဆီး... မီးပင်လယ်ကြီးပဲ တားတား၊ ကျော်ဖြတ်သွားဖို့ ဝန်မလေးပါဘူးခင်ဗျာ"

အဘိုးအိုက လင်းထက်ဆွေ၏အဖြေစကားကိုကြားရလျှင်

လေသံပြတ်ဖြင့် မေးလိုက်၏။

"မင်း တကယ်ပြောတာလား"

"ဟာ… ကျွန်တော်က ဘာဖြစ်လို့ညာရမှာလဲ"

"ကောင်းပြီ… ဒါဆို ငါ့နောက်လိုက်ခဲ့"

လင်းထက်ဆွေ၏လက်ကိုဆွဲကာ တောင်ကုန်းပေါ်သို့ပြေးတက်သွားလေတော့သည်။

နာရီဝက်ခန့်အကြာတွင် သူတို့သည် ရေတံခွန်ကြီးတစ်ခုရှေ့သို့ ရောက်လာကြလေ၏။

ရေတံခွန်ကြီးမှာ မြင့်မားလှသော တောင်ထွတ်ကြားမှ တဝေါဝေါ စီးကျနေသည်။

အောက်သို့ငုံ့ကြည့်လိုက်လျှင် အသူတရာမျှ နက်ရှိုင်းလှသဖြင့် မှောင်မည်းကာ ဘာမျှမမြင်ရချေ။

ထိုချောက်ထဲသို့ ရေတံခွန်မှ ရေကျသံနှင့် လေတိုးသံများမှာ နားကွဲလုမတတ်ပင် တအုန်းအုန်း မြည်ဟည်းနေလေသည်။

အဘိုးအိုက ရေတံခွန်ကို လက်ညှိုးညွှန်ပြလိုက်ပြီး တဝုန်းဝုန်း ဆူညံနေသည့်အသံများကို ထွင်းဖောက်ကာ လင်းထက်ဆွေအား အော်ဟစ်မေးလိုက်ပြန်သည်။

"အနီရောင်ငှက်တောင်မွေးဟာ အဲဒီရေတံခွန်ကြီးနဲ့ မျက်နှာချင်းဆိုင်ဂူအောက်မှာ ရှိတယ်၊ အဲဒီကိုသွားဖို့ မင်းမှာသတ္တိတွေ ရှိသေးရဲ့လား"



လင်းထက်ဆွေမှာ ရေတံခွန်နှင့်မျက်နှာချင်းဆိုင်ရှိ မတ်စောက်လှသောတောင်ထွတ်ကြီးကိုကြည့်ပြီး သက်ပြင်းဖြည်းညင်းစွာ ချလိုက်သည်။

ထိုတောင်ကို အသေအချာ စေ့စေ့စပ်စပ် ကြည့်ရှုပြီးလျှင် အဘိုးအိုအား လက်အုပ်ချီနှုတ်ဆက်ကာ နောက်ဘက်သို့လှည့်ထွက်သွားသည်။

အဘိုးအိုမှာ တအံ့တဩ ဖြစ်သွား၏။

"မင်း ဘယ်သွားမလို့လဲ"

လင်းထက်ဆွေက မျက်နှာချင်းဆိုင်မှ မတ်စောက်လှသော တောင်ထွတ်ကြီးကို လက်ညှိုးထိုးပြပြီး တည်ငြိမ်အေးဆေးစွာ ပြန်ဖြေသည်။

"ဘဘ… အဲဒီရေတံခွန်ကိုခုန်ကူးဖို့ ကျွန်တော့်မှာ အတွင်းအား မပြည့်စုံသေးပါဘူး၊ ရောက်နိုင်အောင် သွားဖို့လမ်းကလဲ မရှိပါဘူး၊ ဒီတော့ ကျွန်တော်ပြန်ပါတော့မယ်"

"ဒါဖြင့် မင်းက အနီရောင်ငှက်မွေးကို မရှာတော့ဘူးလား"

"ဒီလိုလဲ မဟုတ်ပါဘူး၊ ကျွန်တော့်မှာ ဆရာ့အတွက် တိုက်ခိုက်နိုင်ဖို့ဟာ သေရေးရှင်ရေးထက် အရေးကြီးပါတယ်၊ ကျွန်တော်ပြန်မယ်ဆိုတာက တောင်အောက်ကိုပြန်ဆင်းပြီး တောင်ပေါ်တက်နိုင်မယ့်တခြားလမ်းကို ရှာမှာပါ၊ ပြီးတော့ အနီရောင်ငှက်တောင်မွေးကိုလဲ မတွေ့တွေ့အောင် ရှာရပါလိမ့်မယ်"

မိုက်ရူးရဲနှင့်သူ့ရဲကောင်းဟူသည်မှာ ဤအချက်တွင် ကွာခြားသွားပေသည်။ မိုက်ရူးရဲကား ငါ့ဆရာအတွက် ငါသေချင်သေဟူသောစိတ်မျိုးဖြင့် သူ့အသက်ကိုစွန့်လွှတ်ပေမည်။

သူ့ရဲကောင်းကား သူ့အသက်ကိုအချိုးအနှိုး မစွန့်လွှတ်နိုင်ပေ။ သူရည်မှန်းထားသောအလုပ် ပေါက်မြောက်အောင်မြင်ပြီးမှ သူ့ အသက်ကိုမနှမြော မငဲ့ကွက်ပဲ စွန့်လွှတ်ပေမည်။

လင်းထက်ဆွေသည် သူ့အသက်ကိုနှမြောခြင်းမဟုတ်ပေ။ ရည်မှန်းချက် မပေါက်မြောက်ပဲ အချိုးအနှိုးအသက်မစွန့်လိုသဖြင့် တောင်အောက်သို့ပြန်ဆင်းခြင်းဖြစ်ပေသည်။

အဘိုးအိုသည် လင်းထက်ဆွေ၏ စိတ်ထားကို သဘောကျလှသဖြင့် တဟားဟား အော်ဟစ်ရယ်မောလေတော့၏။

"ကြိုက်သွားပြီဟေ့... မင်းရဲ့ ဖွဲ့နဲ့သတ္တိကို ငါ ချီးကျူးဂုဏ်ယူပါတယ်၊ ပူမနေပါနဲ့ကွာ၊ ငါ့ရဲ့ အတွင်းအားကို နည်းနည်းပိုသုံးပြီး ငါ့ပညာကိုထုတ်သုံးလိုက်ရင် မင်းကို ဟိုဘက်တောင်အရောက် ပို့ပေးနိုင်ပါတယ်"

"ကျေးဇူးတင်လှပါတယ် ဘဘခင်ဗျာ... ဘဘရဲ့ပညာကို ကျွန်တော် သံသယမရှိပါဘူး၊ ဒါပေမယ့်...."

အဘိုးအိုက ခေါင်းညိတ်ပြီး လင်းထက်ဆွေအား ရှင်းပြသည်။

"သိုင်းလောကမှာ ဒီလောက်ကျယ်တဲ့ချောက်ကမ်းပါးကို



ကိုယ်ဖော့ပညာနဲ့ ခုန်ကူးနိုင်တဲ့လူဆိုလို့ ဆယ်ယောက်ထက်ပိုပြီး မရှိနိုင်ဘူး၊ မင်းလို လူတစ်ယောက်ကိုပါတွဲခေါ်ပြီး ကူးရမယ်ဆိုတော့ ပိုဆိုးတာပေါ့ကွာ၊ ဒါပေမယ့် ရောက်လဲ ရောက်နိုင်ပါတယ်... တကယ်လို့များ မတော်တဆ ချောက်ထဲကျသွားရင် မင်း သေရဲပါ့မလား"

အဘိုးအိုက ကွာဝေးသောချောက်ကမ်းပါးကိုလှမ်းကြည့်ပြီး မေးသည်။

လင်းထက်ဆွေက မဆိုင်းမတွပင် ပြန်ဖြေသည်။

"သေရမှာကို ကျွန်တော်မကြောက်ပါဘူး ဘဘ... ဒါပေမယ့်..."

"ဒါပေမယ့် ဘာဖြစ်သလဲ"

"ကျွန်တော့်အတွက်ကြောင့် ဘဘ ဒုက္ခရောက်သွားမှာကိုပဲ တွေးပူပြီး စိုးရိမ်မိပါတယ်"

ကိုယ့်အသက်ကိုထည့်မတွက်ပဲ သူတစ်ပါးအပေါ် စိုးရိမ်ကြကာ စေတနာထားတတ်သည့် မြင့်မြတ်သော လင်းထက်ဆွေ၏စိတ်ဓာတ်ကို အဘိုးအိုသည် လေးစားသွားမိသည်။

"ဟား... ဟား... ဟား မင်းလိုနုနုနယ်နယ် ငယ်ငယ်ရွယ်ရွယ်ကလေးတစ်ယောက်ကတောင်မှ သေရမှာကိုမကြောက်သေးရင် ငါလို အိုကြီးရွတ်တွဖြစ်နေတဲ့အဘိုးကြီးတစ်ယောက်က သေရမှာကြောက်ရဦးမလားကွာ... ကဲ... လာခဲ့"

ပြောပြောဆိုဆို သူ၏လက်မောင်းတွင်းမှ သံမဏိဖြင့်ပြု

လုပ်ထားသော ခေါက်ယပ်တောင်တစ်ခုကို ထုတ်ဖွင့်လိုက်သည်။

ယပ်တောင်၏အကျယ်မှာ နှစ်ပေခန့်ရှိလေသည်။

"ကလေးရယ်... တကယ်လို့ ငါ တစ်ခုခုဖြစ်သွားခဲ့ရင်လဲ မင်းကိုမေတ္တာထားပြီးကူညီရတာမို့ မင်း ဘာမှစိတ်မကောင်းဖြစ်စရာ မလိုပါဘူးကွယ်"

လင်းထက်ဆွေမှာ အဘိုးအို၏လက်ထဲမှ သံမဏိယပ်တောင်ကို တွေ့မြင်လိုက်သည်နှင့် မြေကြီးပေါ်တွင်ဒူးထောက်လိုက်ပြီး ရှိရှိသေသေ လက်အုပ်ချီဦးညွှတ်လိုက်သည်။

"ဆရာဘိုးဘိုးကို မြေးတပည့်လင်းထက်ဆွေက ဂါရဝပြုအရိုအသေပေးပါတယ်ခင်ဗျာ"

လင်းထက်ဆွေ၏စကားကိုကြားလိုက်ရသောအခါ အဘိုးအို အလွန်အံ့သြသွား၏။ .

"လူကလေး... မင်းက ဘာကြောင့် ငါ့ကိုဆရာဘိုးဘိုးလို့ ခေါ်ရတာလဲကွယ့်"

လင်းထက်ဆွေက ထိုင်ရာမှမော့ကြည့်နေ၏။

"ဆရာဘိုးဘိုးရဲ့လက်ထဲက ယပ်တောင်ပေါ်မှာ နတ်မြင်းပျံရုပ်ပါတယ် မဟုတ်လား"

အဘိုးကြီးသည် တအံ့တသြဖြင့် လင်းထက်ဆွေကို ကြည့်၏။

ထို့နောက် သူ့ယပ်တောင်ကိုဖြန့်ပြလိုက်သည်။ ယပ်တောင်



ပေါ်တွင် မြင်းတစ်ကောင်ပျံသန်းနေပုံကို ရေးဆွဲထား၏။

အဘိုးအိုသည် ယပ်တောင်ကိုပိတ်လိုက်ပြီး လွမ်းလွမ်းဆွတ်ဆွတ်ကလေး ရေရွတ်နေပြန်သည်။

"နတ်မြင်းပျံဟာ သိုင်းလောကမှာဘဝအမျိုးမျိုးနဲ့ ရင်ဆိုင်ဖြတ်သန်းခဲ့ရတယ်၊ ဆရာဖြစ်တဲ့သူဆီကိုပြန်ဖို့လဲ ဘယ်တုန်းက ၇ စိတ်မကူးမိခဲ့ဘူး၊ ဒါပေမယ့် သူနဲ့အတူ သိုင်းပညာသင်ခဲ့ကြရတဲ့ပညာသင်ညီအစ်ကိုတွေကတော့ သူ့ကိုအမှတ်တရ ရှိနေကြတယ်လို့ ထင်ပါတယ်"

လင်းထက်ဆွေက ပေ့ါပါးသွက်လက်စွာဖြင့်....

"ဟုတ်ပါတယ် ဘဘခင်ဗျား... ကျွန်တော့်ဆရာမကွယ်လွန်ခင်က ဘဘအကြောင်းကို အထူးတလည် ပြောပြခဲ့ဖူးပါတယ်၊ သူ့မှာ သိုင်းဆရာဦးလေးတစ်ယောက်ရှိတဲ့အကြောင်း၊ သိုင်းလောကသားတိုင်းက သူ့ကို'မိုးနဲ့မြေယပ်တောင် နတ်မြင်းပျံ' လို့ခေါ်တဲ့အကြောင်း၊ သိုင်းပညာထူးချွန်ထက်မြက်ပြီး သဘောထားကြီးမား မြင့်မြတ်တဲ့အကြောင်း၊ အချုပ်အချယ်မကြိုက်ပဲ လွတ်လွတ်လပ်လပ်နေတတ်တဲ့အကြောင်းတို့ကို ခဏခဏပြောပြတတ်ပါတယ်၊ လွတ်လွတ်လပ်လပ်နေချင်တာကိုဆရာလုပ်သူက ခွင့်မပြုလို့ ဆရာဆီကထွက်ခွာပြီး မြောင်ကျွန်းနယ်ကိုထွက်သွားခဲ့တယ်၊ အခုထက်ထိ အဆက်အသွယ်မရ၊ သတင်းအစအနလဲ မကြားရတော့ဘူးဆိုတာကိုလဲ ပြောပြဖူးပါတယ်"

အဘိုးအိုက ဖြတ်၍မေးလိုက်သည်။

"မင်းက ဘယ်သူ့တပည့်လဲ... ထန်းချွန်းစန်ရဲ့တပည့်လား၊ စီမာကမ်းစင်းရဲ့တပည့်လား၊ ကျန်းတိတ်တောင်ရဲ့တပည့်လား"

"ဆရာဘိုးဘိုးခင်ဗျား... ကျွန်တော်ဟာ ဆရာကြီးစီမာကမ်းစင်းရဲ့တပည့် လင်းထက်ဆွေဖြစ်ပါတယ်ခင်ဗျာ"

"အေး... စီမာကမ်းစင်းကံကောင်းတာပေါ့၊ ကဲ... ဒီကိစ္စတွေအသာထား၊ သိုင်းပညာသဘောတရားနဲ့ပတ်သက်ပြီး မင်းကို ငါနည်းနည်းရှင်းပြမယ်၊ လူကလေး ထ... လာကြည့်"

အဘိုးအို သူတို့ကူးသန်းရမည့် ကျောက်ဂူတဝိုက်ကို လက်ညှိုးညွှန်ပြသည်။

"တွေ့လား... ငါတို့ကူးရမယ့်နေရာက အတော်ကျယ်တယ်၊ သိုင်းပညာမှာ အဆုံးစွန်ရောက်နေမယ်ဆိုရင်တော့ လွယ်လွယ်နဲ့ခုန်ကူးနိုင်လိမ့်မယ်၊ ငါကတော့ မကူးနိုင်ဘူး၊ ဒါပေမယ့် ဟိုဘေးမှာ ကျောက်စွန်းတွေ တွေ့လား၊ အဲဒီနေရာတွေကို တစ်ကြိမ်စီ ခြေထောက်နိုင်၊ အားပြုနိုင်တဲ့အတွက် ငါတို့ဟာ ဒီလောက်ကွာတဲ့နေရာကို ရောက်နိုင်တယ်"

အဘိုးအို စိန်မာခုံးသည် လင်းထက်ဆွေ၏လက်ကိုဆွဲကာ သူ ညွှန်ပြသည့်နေရာများသို့ ခုန်ထွက်သွားတော့၏။

လင်းထက်ဆွေသည် အဘိုးအိုစိန်မာခုံး၏ ကိုယ်ဖော့ပညာကို မှီနိုရုံသာမက သူ့ပညာကိုလည်း ထုတ်သုံးသည်။



စိန်မာခုံး၏ကိုယ်ဖော့ပညာမှာ လက်ဖျားခါလောက်ပါ၏။ သူတို့သည် တစ်ဘက်ချောက်ကမ်းပါးအစွန်းသို့ ဘေးကင်းရန်ကင်း ရောက်ရှိသွားခဲ့ကြလေ၏။

## အခန်း(၁၂)
## အရှုံးပေးသူ

"ရောက်ပြီ လူကလေး မျက်လုံးဖွင့်ကြည့်လိုက်တော့"

စိန်မာခုံးက တစ်ဘက်ကမ်းသို့ရောက်လျှင် လင်းထက်ဆွေအား တီးတိုးပြောလိုက်သည်။

စင်စစ် လင်းထက်ဆွေမှာ ဤမျှကြောက်တတ်သူမဟုတ်၍ မျက်လုံးပိတ်မထားခဲ့ချေ။

သူတို့တစ်ဘက်ချောက်ထိပ်သို့ ရောက်ပြီးလျှင် လူစိမ်းတစ်ယောက်၏အသံကို ကြားလိုက်ကြရသည်။

"မိုးနဲ့မြေယပ်တောင် စိန်မာခုံးပါလား... မတွေ့ရတာ ဆယ်နှစ်တောင် ကျော်နေပြီ၊ ခုတော့ မထင်မှတ်ပဲ တွေ့ကြရပြန်ပြီ၊ ဟဲဟဲ... ခင်ဗျားကလဲ ဒီကိစ္စကို စိတ်ဝင်တစား ရှိပေသားပဲ... ဟဲဟဲ"

မိုးနဲ့မြေယပ်တောင် စိန်မာခုံးမှာ ထိုစကားသံကိုကြားလိုက်



ရသောအခါ တဟားဟား အော်ဟစ်ရယ်မောလိုက်တော့သည်။

ချောက်ကမ်းပါးထိပ်တွင် မည်သည့်အချိန်က ရောက်နေသည်မသိသော ခရမ်းရောင်ဝတ်စုံနှင့် လူတစ်ယောက်ကို တွေ့ရသည်။

ထိုလူကြီးသည် အလွန်တရာ ကြံ့ခိုင်သန်စွမ်းပုံရသည်။

ထိုသူက စိန်မာခုံးတို့ကိုစိုက်ကြည့်လိုက်ပြီး...

"စိန်မာခုံး... ဆယ်နှစ်ကျော်အတွင်းမှာ ခင်ဗျားရဲ့အတွင်းအားနဲ့ ကိုယ်ဖော့ပညာက အတော်ကိုတိုးတက်နေပါလား၊ တခြားလူတစ်ယောက်ကိုတွဲပြီး ရေတံခွန်ချောက်ကို ဖြတ်ကူးနိုင်တယ်ဆိုတော့ ကေန္တမြောင်ကျန်းနယ်က ထူးထူးဆန်းဆန်း သိုင်းပညာတွေ ရလာခဲ့ပြီးနဲ့ တူတယ်"

စိန်မာခုံးက ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသားပင် ပြန်ဖြေသည်။

"ဘာပညာအမွေမှမရှိတဲ့နယ်မှာ ဆင်းရဲဒုက္ခခံပြီး နေခဲ့ရတာပါဗျာ၊ ဘာပညာမှမရခဲ့ပါဘူး"

ထို့နောက် လင်းထက်ဆွေ၏လက်ကိုဆွဲပြီး တောင်ထိပ်ပေါ်သို့တက်ရန် ဟန်ပြင်လိုက်သည်။ ခရမ်းရောင်ဝတ်စုံနှင့်လူကြီးက တားလိုက်သည်။

"ခဏနေဦး... ခင်ဗျားသွားချင်ရင် ကျုန့်ဖိန်တောင်ကိုသွားနိုင်တယ်၊ ဒီမိုးလေတောင်ပေါ်ကိုတော့ တစ်လက်မမှ တက်လာခွင့်မ

ရှိဘူး"

"ကျုပ်တက်ရင် ဘာဖြစ်မလဲ"

"ခင်ဗျားဆက်တက်ရင် ကျုပ်က ဒီလိုတားမယ်"

"ဗိုး..."

ပြင်းထန်သောရိုက်ချက်တစ်ခုမှာ စိန်မာခုံးနှင့်လင်းထက်ဆွေတို့ထံ လာရောက်ရိုက်ခတ်သွားသည်။

စိန်မာခုံး ဘာမှမဖြစ်သော်လည်း လင်းထက်ဆွေမှာ အသက်ရှူရကျပ်လောက်အောင် ဖြစ်သွားရသည်။

ထိုလူကြီး၏ပညာကို လုံးဝအထင်မသေးရဲတော့ပေ။ စိန်မာခုံးကမူ အေးဆေးတည်ငြိမ်သောလေသံနှင့်ပြောသည်။

"တော်တော်ကလေး တိုးတက်လာပါကလား အူကျိရဲ့၊ ခင်ဗျားရဲ့လက်ဝါးသိုင်းရိုက်အားက ဘယ်လောက်ပဲကောင်းနေကောင်းနေ ကျုပ်ကိုတော့ မဟန့်တားနိုင်ပါဘူး"

လင်းထက်ဆွေသည် ခရမ်းရောင်ဝတ်စုံဝတ်ဆင်ထားသောအဘိုးအိုအကြောင်းကို ယခုမှသိရတော့သည်။

တစ်ချိန်က သိုင်းလောက၌ ကျမ်းလန်အဘိုးအိုငါးဦးကျော်ကြားခဲ့ရာ အူကျိဆန်ကမ်းဝါဖံသည် တစ်ယောက်အပါအဝင်ဖြစ်၏။

ဤအကြောင်းများကို သူ့ဆရာ စီမာကမ်းစင်းက ထုတ်ဖော်ပြောပြခဲ့ဖူးသည်။

အူကျိဆန်ကမ်းဝါဖံက ရယ်သည်။



"စိန်မာခုံး... ကျုပ်အနေနဲ့ကတော့ ခင်ဗျားရဲ့မိုးနဲ့မြေယပ်တောင်အကြောင်း ကောင်းကောင်းသိပါတယ်ဗျာ၊ အဲဒီသိုင်းကွက်ကိုလဲ ကျုပ် ရင်မဆိုင်ရဲပါဘူး၊ ဒါပေမယ့် ခင်ဗျား ကျုပ်ကိုမနိုင်ပါဘူးဗျာ"

စိန်မာခုံး၏မျက်ခုံးများ မြင့်တက်သွား၏။

"ဘာလဲဗျ... ခင်ဗျားစကားက ရှေ့နောက်လဲ မညီပါလား"

"ညီပါတယ်ဗျ... မြေပြန့်သိုင်းလောက,နေ ထွက်ခွာသွားမယ်လုပ်တုန်းက ခင်ဗျားပြောတဲ့စကားလေးတစ်ခွန်းကို မေ့နေပြီလားဗျ"

အဘိုးအို စိန်မာခုံး၏မျက်နှာမှာ မှုန်မှိုင်းသွား၏။

အူကျိက ဆက်ပြောသည်။

"ခင်ဗျားဆရာရဲ့သိုင်းပညာကို ရန်သူနဲ့တိုက်ခိုက်တဲ့အခါမှာ တစ်သက်လုံး မသုံးတော့ပါဘူးလို့ ခင်ဗျား ကြွေးကြော်ခဲ့တယ်မဟုတ်လား၊ ကိုယ့်စကား ကိုယ်ရှိသေမှ ဆရာသမားကိုရိုသေလေးစားတဲ့လူဖြစ်တော့မှာပေါ့၊ ခင်ဗျားသာ ကိုယ့်စကားရှိသေတဲ့လူဆိုရင် ခင်ဗျားကို ကျုပ် စိန်ခေါ်ရဲပါတယ်ဗျာ"

အူကျိဆန်ကမ်းဝါဖံက စိန်မာခုံး၏ အမှားတစ်ကွက်ကိုထောက်၍ စိန်ခေါ်လိုက်လေ၏။

စိန်မာခုံးမှာ ထိုစကားကြောင့် အကြီးအကျယ် မျက်နှာပျက်နေရသည်။

မှောင်ထဲတွင်ဖြစ်နေသော်လည်း သူ့မေးကြောကြီးများ

ထောင်ထလာအောင် အံကြိတ်ထားသည်ကို လင်းထက်ဆွေ တွေ့မြင်နေရသည်။

"ဘယ်လိုလဲ စိန်မာခုံး... စကားမပြန်နိုင်တော့ဘူးလား"

"မင်းက သတ္တိမှမရှိပဲကိုး"

စိန်မာတုံးမှာ သိုင်းလောကတွင် ဝါအရင့်ဆုံး သိုင်းသမားများထဲမှ တစ်ယောက်အပါအဝင်ဖြစ်ပေသည်။

သိုင်းပညာတွင်လည်း တစ်ဘက်ကမ်းခတ်အောင် ကျွမ်းကျင်တတ်မြောက်ပေသည်။

သူ၏သိုင်းပညာစွမ်းရည်ကို တော်ရုံတန်ရုံ ဂိုဏ်းချုပ်ကြီးပင် ယှဉ်မရအောင် ထူးချွန်လှသည်။

သို့သော် သူသည် ထိုပညာကိုစွန့်လွှတ်ရန် အကြောင်းဖန်လာ၏။

သူသည် လွတ်လွတ်လပ်လပ် နေတတ်၏။ စည်းကမ်းထုံးစံကိုလည်း သိပ်ဂရုမစိုက်ချေ။ သူ့စိတ်ထဲ၌ မတရားဘူးဟုထင်လျှင် မတရားသည့်ဘက်မှဝင်ကူသည်။

သိုင်းဂိုဏ်းကြီးများ၏မျက်နှာကို ထောက်ထားခြင်းလည်း မရှိပေ။ သူ့ကြောင့် ဆရာဖြစ်သူမှာ မကြာခဏ မျက်နှာပျက်ခဲ့ရသည်။

နောက်ဆုံး၌ သူသည် ဆရာဖြစ်သူ၏သိုင်းပညာများကို ရန်သူနှင့်တိုက်ခိုက်ရာတွင် မသုံးပါဟု ကြေငြာပြီး သူ၏ဂိုဏ်းတူညီအစ်ကိုများကိုရှောင်ခွာလျက် မြောင်ကျွန်းနယ်သို့ ထွက်ခွာသွားခဲ့သည်။



ထိုအချိန် ထိုအခါက သူ၏သိုင်းပညာမှာ အထိတ်အထိပ်သို့ရောက်နေပြီဖြစ်သဖြင့် သူ့အား ယှဉ်ပြိုင်နိုင်သူမရှိသလောက် ဖြစ်ပေသည်။

စိန်မာခုံးနှင့်ကမ်းဝါဇံတို့နှစ်ဦးမှာ သိုင်းပညာအစွမ်းကိုယ်စီထက်မြက်ကြသူများ ဖြစ်ကြသည်။

သူတို့၏အတွင်းအားချင်းကလည်း မတိမ်းမယိမ်း တူညီနေကြသည်။

အကျိုဆန်ကမ်းဝါဇံက ယခုကဲ့သို့ မိုးနဲ့မြေယပ်တောင်သိုင်းကွက်ကို အသုံးမပြုနိုင်အောင် ကောက်ကျစ်စွာ ဟန့်တားလိုက်သောအခါ စိန်မာခုံးမှာ ဘာမျှပြန်မပြောနိုင်အောင် ဖြစ်သွားရသည်။

စကားတစ်ချက် အမှားတစ်သက်ပင် မဟုတ်ပါလား။

သူသည် ကမ်းဝါဇံနှင့်တိုက်ခိုက်ရပါက ခွန်အားတစ်ခုတည်းကိုသာ အဓိကအသုံးချတိုက်ခိုက်ရပေမည်။

အကယ်၍တိုက်ရင်းခိုက် ရင်းမှ မိုးနဲ့မြေယပ်တောင် သိုင်းကွက်ကို ထုတ်သုံးမိလျှင် မိမိကြေငြာခဲ့ သည့်ကတိစကားများကို ချိုးဖောက်ရာ ရောက်ပေတော့မည်။

ဤအချက်ကို တွက်ဆမိသော ကမ်းဝါဇံက စိန်မာခုံးအား

မခံချင်အောင် ပြောနေလေ၏။

"စိန်မာခုံး... ခင်ဗျားဟာ ဆရာသမားကို ဘယ်တော့မှစော်ကားတတ်တဲ့လူမဟုတ်သလို ကတိမတည်တဲ့လူစားမျိုးလဲမဟုတ်ဘူးဆိုတာ ကျုပ် သိပါတယ်ဗျာ"

ထိုစဉ် အော်ဟစ်တိုက်ခိုက်သံများကိုပါ ချောက်တစ်ဘက်ရှိတောင်ပေါ်မှ ကြားလိုက်ရသည်။ အူကျိဆန်ကမ်းဝါဇံက ထပ်ပြောပြန်သည်။

"စိန်မာခုံး... ဒီတောင်တဝိုက်မှာ သိုင်းလောက နာမည်ကြီးပုဂ္ဂိုလ်တွေနဲ့ သိုင်းပညာထူးချွန်တဲ့ထိပ်သီးတွေ ရောက်နေကြပြီ၊ ခင်ဗျားသာ ခင်ဗျားရဲ့ကတိအတိုင်းမတည်ပဲ ကိုယ့်သဘောနဲ့ကိုယ် မိုးနဲ့မြေယပ်တောင်သိုင်းကွက်ကို ထုတ်သုံးမယ်ဆိုရင်တော့ သိုင်းလောကတစ်ခုလုံးက ခင်ဗျားကိုကတိဖျက်တဲ့လူလို့ ရှုတ်ချကြလိမ့်မယ်"

"ဒီ..."

အူကျိဆန်ကမ်းဝါဇံက ပြောပြီးသည်နှင့် ကျယ်လောင်စွာလေတစ်ချက်ချွန်လိုက်သည်။

သူ့လေချွန်သံမှာ စူးရှကျယ်လောင်လွန်းလှသည်။ လေချွန်သံမဆုံးခင်မှာပင် လျှင်မြန်သောအဟုန်ဖြင့် တောင်ထိပ်ပေါ်မှလူလေးယောက် ခုန်ပျံဆင်းလာကြတော့သည်။

ထိုလူလေးဦးမှာ အရပ်အမောင်းကောင်းပြီး ခန့်ခန့်ညားညားရှိကြသည်။



သူတို့သည် အူကျိဆန်ကမ်းဝါဇံ၏ တစ်ဘက်တစ်ချက် စီ၌ ရပ်လိုက်ကြသည်။

သူတို့ထဲမှ တစ်ဦးက....

"နံပါတ်ငါး ညီလေး... ဘာဖြစ်လို့လဲ၊ တို့ရဲ့မိုးလေတောင် ထိပ်ကို တက်လာတဲ့လူ ရှိနေလို့လား"

အူကျိဆန်ကမ်းဝါဇံပြန်မဖြေခင်မှာပင် သူတို့၏မျက်လုံးရှစ်လုံးက စိန်မာခုံးနှင့်လင်းထက်ဆွေတို့အပေါ် ရောက်သွားကြသည်။

အူကျိဆန်ကမ်းဝါဇံက သရော်ပြုံးပြုံးလိုက်ပြီး....

"ဟဲ ဟဲ ဟဲ... အစ်ကိုတို့လေးယောက်ကို လေချွန်သံပေးပြီးခေါ်လိုက်ရတာက ဆယ်နှစ်ကျော်မတွေ့ရတော့တဲ့ ဟောဒီက မိုးနဲ့မြေယပ်တောင် စိန်မာခုံးနဲ့ တွေ့စေချင်လို့ပါဗျာ၊ ဟဲဟဲဟဲ"

ကျမ်းလန်အဘိုးအိုငါးဦးတို့မှာ သိုင်းလောကတွင် နာမည်ကြီး အထွတ်အထိပ်သို့ ရောက်ရှိနေကြသူများဖြစ်ပေသည်။

သူတို့သည် အတွေ့အကြုံများသည့်အလျောက် အူကျိဆန်ကမ်းဝါဇံ၏ စကားကိုကြားသည်နှင့် ချက်ဆိုနားခွက်က မီးတောက်သွားကြသည်။

ထို့ကြောင့် တစ်ပြိုင်တည်းပင် နှစ်ခြိုက်စွာ ရယ်မောလိုက်ကြသည်။

"အင်း... နှမြောစရာကောင်းလိုက်ပါဘိတော့ကွာ၊ အခုအချိန်မှာ သူပြန်လာတော့ကော သူ ဘာလုပ်နိုင်တော့မှာလဲ၊ တစ်ချိန်

တုန်းက သူ့ရဲ့ကတိစကားအတိုင်း မိုးနဲ့မြေယပ်တောင်ကို အသုံးမပြုနိုင်တော့တဲ့ဥစ္စာ၊ ဒီသိုင်းပညာ အသုံးမချနိုင်တော့တာကတော့ တို့သိုင်းလောကအတွက် ဆုံးရှုံးမှုကြီးတစ်ရပ်ပါပဲကွာ"

စိန်မာခုံးမှာ ခနဲ့လှောင်ပြောင်နေသောစကားများကြောင့် ဒေါသထွက်လာရလေသည်။ သူ၏သည်းခံမှုသည် အဆုံးစွန်သို့ရောက်ရှိသွားရသည်။

ထို့ကြောင့် ပြန်လည်စိန်ခေါ်လိုက်လေ၏။

"စိတ်ချစမ်းပါ... ဟိုလွန်ခဲ့တဲ့နှစ်တွေက အဲဒီစကားကို ကျုပ်ကိုယ်တိုင်ပြောခဲ့တယ်၊ ကျုပ်ပြောခဲ့တဲ့စကားအတိုင်း ကတိတည်ရတော့မှာပေါ့၊ မိုးနဲ့မြေယပ်တောင်သိုင်းကွက်ကို ကျုပ်ထုတ်မသုံးပါဘူး"

ကျမ်းလန်အဘိုးအိုငါးဦးအနက်မှ ဝါစဉ်အကြီးဆုံးအစ်ကိုကြီး စိန်ထန်လင်မှာ ထိုစကားကိုကြားလိုက်ရသောအခါ ကျေနပ်စွာရယ်မောလေတော့၏။

"ဟား... ဟား... ဟား၊ အဲဒီစကားသာ အတည်ဖြစ်ပါစေဗျာ၊ ဒီလိုမှမဟုတ်ရင်တော့ သိုင်းလောကမှာ ခင်ဗျားရဲ့နာမည်ကို ဘယ်သူမှ လေးစားတော့မှာ မဟုတ်ဘူး"

ကျန်အဘိုးအိုလေးဦးကလည်း ထောက်ခံသည့်အနေနှင့် ရယ်မောလိုက်ကြပြီး...

"ဟုတ်တယ်... အစ်ကိုပြောတာ မှန်တယ်... ကတိမတည်တဲ့သူဟာ သိုင်းလောကမှာ ရှက်စရာသိပ်ကောင်းတယ်"



စိန်မာခုံးသည် လေတိုက်စစ်ကိုသည်းမခံနိုင်ပဲ ပြန်လည်ငေါက်ပစ်လိုက်သည်။

"ပါးစပ်ပိတ်ထားလိုက်ကြစမ်း... စိန်မာခုံးဆိုတဲ့ကောင်က မိုးနဲ့မြေယပ်တောင်သိုင်းကွက်မသုံးပဲနဲ့လဲ ခင်ဗျားတို့ရဲ့မိုးလေတောင်ထိပ်ကိုရောက်အောင် တက်နိုင်တယ်၊ အဲဒါမှတ်ထား"

သို့နောက် စိန်မာခုံးက လင်းထက်ဆွေ၏လက်ကိုဆွဲပြီး တီးတိုးပြောလိုက်သည်။

"လူကလေး... မင်းတောင်စောင်းဘေးမှာ ခဏစောင့်နေရစ်ခဲ့၊ ငါ သူတို့နဲ့ပညာပြိုင်လိုက်ဦးမယ်"

သူသည် လင်းထက်ဆွေထံ၌ မိုးနဲ့မြေယပ်တောင်ကိုအပ်နှံလိုက်သည်။

ထို့နောက် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ပြီးလျှင် ရပ်နေသောနေရာမှ မြေညီတိမ်ပြာကိုယ်ဖော့ပညာသိုင်းကွက်ဖြင့် ရန်သူများရှိရာသို့ ခုန်တက်သွားလေ၏။

အဘိုးအိုငါးဦးစလုံးမှာ စိန်မာခုံး ခုန်ပျံရောက်ရှိလာသည်နှင့် လက်ဝါးရိုက်ချက်များဖြင့် တားဆီးလိုက်သည်။

ငါးယောက်ပေါင်းရိုက်ချက်ဖြစ်၍ သူတို့၏ရိုက်အားမှာ အလွန်ပြင်းထန်သည်။

စိန်မာခုံးမှာ လေဟာပြင်ထဲတွင် ပျံဝဲခိုက်ဖြစ်၍ သူတို့၏ရိုက်ချက်ကို ထိပ်တိုက်မခုခံဝံ့ပေ။

နဂါးပတ်သိုင်းကွက်ဖြင့် ရှောင်တိမ်းပြီး အဘိုးအိုငါးဦးနှင့် ခပ်လှမ်းလှမ်းနေရာတွင် ရပ်လိုက်ရသည်။

လင်းထက်ဆွေသည် စိန်မာခုံးအတွက် စိုးရိမ်စွာ စောင့်ကြည့်နေမိသည်။

လေထဲတွင်ပင် မရပ်မနားပဲ ခုန်ပျံရှောင်တိမ်းသွားသည့် ပုံစံကိုကြည့်၍ လွန်စွာချီးကျူးမိသည်။

ထိုသိုင်းကွက်မှာ တစ်ဘက်သားအား မည်သို့မျှ တိုက်ခိုက်နိုင်သည့်တိုက်ကွက်မဟုတ်ပေ။

မည်သို့ပင်ဖြစ်စေ စိန်မာခုံးတစ်ယောက် ကျမ်းလန်အဘိုးအိုငါးဦးနှင့်ရင်ဘောင်တန်း ရပ်နေမိလေပြီ။

"စိန်မာခုံး... နောက်တော့မှ ကျုပ်တို့ကို ရက်စက်တယ်လို့ မပြောနဲ့နော်"

"ခင်ဗျားတို့ငါးယောက်စလုံး တစ်ပြိုင်နက်တည်း ဝင်တိုက်နိုင်တယ်၊ ခင်ဗျားတို့ကိုဂရုမစိုက်လို့ ဒီတောင်ပေါ်တက်လာခဲ့တာပဲ"

စိန်မာခုံးနှင့် ကျမ်းလန်အဘိုးအိုငါးယောက်တို့သည် အကြိတ်အနယ် ယှဉ်ပြိုင်တိုက်ခိုက်ကြတော့သည်။



တစ်ယောက်နှင့် တစ်ယောက်တိုက်ခိုက်ရခြင်းကြောင့်သော်လည်းကောင်း၊ မိုးနဲ့မြေယပ်တောင်သိုင်းကွက်ကို အသုံးမပြုရခြင်းကြောင့်လည်းကောင်း စိန်မာခုံးမှာ အထက်စီးမှမတိုက်ခိုက်နိုင်ပဲ ရှိနေသည်။

"ဆင်းသွားစမ်း"

ကျမ်းလန်အဘိုးအိုငါးဦးမှာ တောင်ထိပ်နှင့်နီးကပ်လာသော စိန်မာခုံးကို လက်ဝါးဆန့်ထုတ်ရိုက်ချလိုက်ပြန်သည်။

ဤရိုက်ချက်ကိုသာ ခံလိုက်ရပါက အရိုးအဆစ်များကြေပြီး အတွင်းကလီစာများ ပြောင်းဆန်သွားနိုင်ပေသည်။

"ဘာဘာ... သတိထား"

လင်းထက်ဆွေက အော်ဟစ်သတိပေးလိုက်၏။

သို့သော် စိန်မာခုံးက သူ့အော်သံထက် ပိုမိုလျင်မြန်စွာ လှုပ်ရှားပြီးဖြစ်နေသည်။

သူသည် ကိုယ်ဖော့ကာ လေထဲသို့ခုန်ပျံပြီး ခြေထောက်နှစ်ချောင်းကို ရှေ့သို့ဆန့်ထုတ်လိုက်သည်နှင့် အဘိုးအိုငါးဦး၏ ရိုက်ချက်မှ လွတ်ကင်းသွားပြန်သည်။

စိန်မာခုံးအောက်သို့ပြန်ကျလာသောအခါ တောင်ကမ်းပါးအစွန်းသို့ ရောက်သွားသည်။

သူ၏ခန္ဓာကိုယ်မှာ ချောက်ထဲသို့ဦးတည်နေပေသည်။ လင်းထက်ဆွေ အကြီးအကျယ် ထိတ်လန့်သွားသည်။

သို့ရာတွင် စိန်မာခုံးမှာ ထိပ်သီးသိုင်းပညာရှင်တစ်ယောက် ဖြစ်ပေသည်။

သူ့ပညာ သာမန်မျှသာရှိသည်ဆိုလျှင် သူသည် သိုင်းလော ကတလွှား၌ မိုးနဲ့မြေ ယပ်တောင်ဘွဲ့ကို ခံယူနိုင်မည်မဟုတ်ပေ။

သူသည် ချောက်ကမ်းပါးသို့ဦးစောက်ကျွမ်းပြန် ကျသွား သော်လည်း ခြေထောက်နှစ်ချောင်းက ကမ်းပါးစွန်းကို လှမ်းချိတ် ထားနိုင်ခဲ့သည်။

ချောက်ကမ်းပါးအောက်ဘက်ဆီမှ ပင့်တိုက်လာသောလေ များကြောင့် သူ့ဆံပင်များ ဖွာလန်ကြသွားသည်။

စိန်မာခုံးမှာ အသက်ကိုအောင့်ထားလိုက်ပြီး အတွင်းအား ကိုခြေဖမိုးနှင့်ရင်ဘတ်ဆီသို့ ပို့လွှတ်ထားလိုက်သည်။

ထို့နောက် ခြေဖမိုးကိုချိတ်အားယူကာ တစ်ပတ်ကျွမ်းထိုး လျက် ကမ်းပါးထိပ်ပေါ်သို့ ပြန်ခုန်တက်လိုက်သည်။

ရာမှရှားသော သိုင်းအဓိပတိ၏ စွန့်စားမှု တစ်ရပ်ပင်တည်း။

ကျမ်းလန်အဘိုးအိုငါးဦးသည်လည်း လင်းထက်ဆွေနည်း တူ အံ့သြတုန်လှုပ်သွားကြသည်။

သို့ရာတွင် တမုဟုတ်ချင်းမှာပင် သူတို့၏မျက်လုံးများက ဝင်းလက်တောက်ပြောင်လာကြသည်။

စိန်မာခုံးကိုစူးစိုက်ကြည့်လိုက်ပြီး မဲ့ကာရွဲ့ကာနှင့် ရှုတ်ချ ကားဆိုကြတော့သည်။



“စိန်မာခုံး… ဒီသိုင်းကွက်ဟာ ခင်ဗျားဆရာရဲ့ နဂါးရေကူး သိုင်းကွက်ပဲ၊ ဒီပညာတွေကိုထုတ်မသုံးဘူးလို့ ပြောထားပြီးမှ အခုလို လုပ်လိုက်တာ ခင်ဗျား မရှက်ဘူးလား”

ကျမ်းလန်အဘိုးအိုတို့၏ ရှုတ်ချစကားကိုကြားရလျှင် လင်း ထက်ဆွေ၏ရင်ထဲတွင် အောင့်သွားရသည်။

တမင်သက်သက် ညစ်ကြခြင်းဖြစ်သည်ဟုလည်း တွေး လိုက်သည်။

ထိုစကားကြောင့် စိန်မာခုံးတစ်ယောက် အကြီးအကျယ် ဒေါသထွက်သွားလိမ့်မည်ဟု သူ ယူ ဆထားလိုက်သည်။

သို့သော် စိန်မာခုံးကား သူ တွက်ဆထားသလို ဖြစ်မလာခဲ့။ ထိုစကားကိုကြားရသည်နှင့် တစ်ပြိုင်နက် စိန်မာခုံးမှာ စိတ်ပျက် လက်ပျက်ဖြစ်သွားပြီး ခပ်လှမ်းလှမ်းရှိ ကျောက်တောင်တစ်ခုပေါ်သို့ ခုန်ဆင်းလိုက်သည်။

“ဟုတ်တယ်… ကျုပ် ရှုံးသွားပြီ၊ ဒီပညာကိုထုတ်မသုံးသင့် ဘူး”

စိန်မာခုံးက ပျော့ပျောင်းညင်သာသည့်လေသံဖြင့် ဝန်ခံစ ကားဆိုသည်။

ကမ်းဝါဇံမှာ ကျေနပ်ပီတိဖြစ်သွားပြီး သရော်ပြုံးပြုံးလိုက် သည်။

“ဒါဆိုရင် ခင်ဗျားဘာသာ တောင်အောက်ကိုပြန်ဆင်းပေ

တော့၊ တခြားသိုင်းကွက်တွေရှိမှ ဒီကိုပြန်လာခဲ့၊ ကျုပ်တို့ငါးယောက် မသေသေးဘူးဆိုရင် ဒီမိုးလေတောင် ချောက်ကမ်းပါးက ခင်ဗျားကို စောင့်ကြိုနေမယ်"

လင်းထက်ဆွေ၏စိတ်တွင် ဘဘစိန်မာခုံးသည် ဤကျမ်းလန်အဘိုးအိုငါးဦးအား သူ၏အခြားပညာဖြင့် တိုက်ခိုက်နိုင်သည်ဟု ယုံကြည်သည်။

"ဘဘဟာ သူ့ရဲ့တခြားပညာတွေကို ဘာဖြစ်လို့ထုတ်မသုံးတာလဲ မသိဘူး"

သူ မကျေမနပ် တွေးတောနေစဉ်မှာပင် စိန်မာခုံးက ခေါင်းညိတ်လိုက်ပြီး ကျေကျေနပ်နပ်ကြီး ကတိပေးလိုက်လေတော့၏။

"ကောင်းပြီ… ခင်ဗျားတို့စကားကို ကျုပ် လက်ခံပါတယ်၊ ကျုပ် ကတိပျက်လို့ ခင်ဗျားတို့ကိုရှုံးပြီ၊ ခုပဲ တောင်အောက်ကိုပြန်ဆင်းတော့မယ်"

သူသည် လင်းထက်ဆွေရှိရာသို့ခုန်ချလာသည်။

ကိုယ်ဖော့ပညာကောင်းလွန်းသဖြင့် သိမ်းငှက်ကြီးမြေပြင်သို့ ရပ်နားရန် ဆင်းလာသည်နှင့်တူလှသည်။

# အခန်း(၁၃)
## စိုင်ကော်ရှုံခြုံပေါ်ရောက်သူ

စိန်မာခုံးသည် လင်းထက်ဆွေ၏အနီးသို့ ရောက်သည်နှင့် ခေါင်းညိတ်အချက်ပေးကာ ရှေ့မှ ဦးဆောင်ထွက်ခွာသွားလေသည်။

လင်းထက်ဆွေမှာ ဘာမျှမမေးရဲပဲ နောက်မှအသာကိုယ်ဖော့ကာ လိုက်ပါသွားရလေသည်။

လင်းထက်ဆွေသည် ဝမ့်ပေါင်တောင်တန်းပေါ်တွင် ဆယ့်ငါးနှစ်လုံးလုံး နေပူမရှောင် မိုးရွာမရှောင်ကိုယ်ဖော့ပညာကို လေ့ကျင့်လာခဲ့ရသည့်အတွက်ကြောင့်သာ စိန်မာခုံးနောက်မှ ဤကဲ့သို့ လိုက်နိုင်ခဲ့ခြင်း ဖြစ်ပေသည်။

တစ်ခဏအတွင်းမှာပင် သူတို့နှစ်ယောက်မှာ အကွေ့အကောက်များစွာကို ကျော်ဖြတ်လာခဲ့ပြီး ထင်းရှူးပင်ပုကလေးများ ထူထပ်စွာ ပေါက်ရောက်နေသော တောအုပ်ကလေးတစ်ခုဆီသို့

ရောက်လာခဲ့သည်။

စိန်မာခုံးက ရှေ့မှကိုယ့်ကိုနှိမ့်ကာ ခါးကုန်း၍ လျှိုဝင်သွားပြီး လင်းထက်ဆွေအား သတိပေးစကားဆိုသည်။

"ထက်ဆွေ ငါ့နောက်က သေချာလိုက်ခဲ့... လမ်းမမှားစေနဲ့ သတိနဲ့လာ"

လင်းထက်ဆွေသည် ခေါင်းဆတ်ပြလိုက်ပြီး နောက်မှအသာကပ်လျက် လိုက်ပါသွားသည်။

သစ်ပင်များ ခပ်စိပ်စိပ်ပေါက်နေပြီး သစ်ကိုင်းသစ်ရွက်များ တစ်ခုနှင့်တစ်ခု ထိစပ်နေကြသဖြင့် အလင်းရောင်တိုးမဝင်နိုင်အောင် ပင် ရှိနေသည်။

ပေတစ်ရာခန့် ငုပ်လျှိုးတိုးဝင်သွားပြီးသောအခါ ထင်းရှူးပင်များ သိပ်မထူထပ်တော့ဘဲ ကျိုးတိုးကျဲတဲသာ ရှိတော့သည်။

သူတို့သည်လည်း ကိုယ်ကို မတ်မတ်ထားလျှောက်နိုင်ကြတော့သည်။

သူတို့သည် ဂူဝတစ်ခုသို့ရောက်လာကြ၏။

စိန်မာခုံးက ရှေ့မှဝင်သဖြင့် လင်းထက်ဆွေသည် လိုက်ဝင်ရသည်။

ဂူထဲရောက်သောအခါ ကိုယ့်လက်ကိုပင် ပြန်မမြင်ရအောင် မည်းမှောင်ပိန်းပိတ်နေတော့သည်။

ဂူတွင်းရှိ မြေသားမှာ သဲမြေဖြစ်သည့်အတွက် ခြေသံပင်



မကြားရချေ။

တစ်နေရာသို့ရောက်လျှင် စိန်မာခုံးက ထိုင်ခိုင်းသည်။ လင်းထက်ဆွေမှာစိတ်ထဲတွင် နောက်ကျိနေပြီး ဘာမျှနားမလည်နိုင်အောင် ဖြစ်နေရ၏။

မည်းမှောင်နေသောဂူထဲတွင် စိန်မာခုံး၏မျက်လုံးနှစ်လုံးမှာ ဒြာင်မျက်လုံးများကဲ့သို့ ဝင်းလက်တောက်ပနေ၏။

"လူကလေး... ငါ မင်းကိုဘာကြောင့်ခေါ်လာတယ်ဆိုတာ သိရဲ့လား"

"မသိပါဘူးခင်ဗျာ"

စိန်မာခုံးမှာ ဘာမျှဆက်မပြောတော့ဘဲ ထိုင်နေရာမှ ခွေ့ခနဲထပြီး ဂူပြင်သို့ထွက်သွားတော့သည်။

လင်းထက်ဆွေမှာ အူကြောင်ကြောင် ဖြစ်ကျန်ရစ်ခဲ့လေ၏။

မည်သို့မျှ မတွေးတတ်သဖြင့် စိန်မာခုံးပြန်အလာကိုသာ စောင့်ရတော့သည်။

ခဏအကြာတွင် စိန်မာခုံးသည် သစ်ကိုင်းခြောက်များ ပွေ့ပိုက်ပြီး ဂူထဲပြန်ဝင်လာသည်။

လင်းထက်ဆွေအား ပေးအပ်ထားသည့် သံမဏိယပ်တောင်ကို ပြန်တောင်းလိုက်ပြီး ဂူနံရံကျောက်ပြားနှင့် မီးခတ်ကာ သစ်ကိုင်းသစ်ရွက်ခြောက်များကို မီးရှို့လိုက်သည်။

မီးတောက်၏အလင်းရောင်ကြောင့် ဂူထဲတွင် လင်းလင်း

ချင်းချင်း ရှိသွားသည်။

မီးနိုးများ အူနေသော်လည်း ဂူတွင်းကိုသဲကွဲစွာ မြင်နေရသည်။

ဂူမှာအုံ့ဩစရာကောင်းလောက်အောင် ကြီးမားကျယ်ပြန့်ပြီး ခြောက်ခြောက်သွေ့သွေ့ ရှိနေသည်။

"ငါလုပ်တာကို မင်း သေသေချာချာ ကြည့်ထား"

လက်ထဲမှ သံမဏိယပ်တောင်ကို ဖျတ်ခနဲဖွင့်ကာ အထက်သို့ထောင်ကိုင်ထားလိုက်သည်။

မီးရောင်တွင် စိန်မာခုံး၏အသွင်မှာ ခန့်ညားတည်ကြည်လှသည်။

လင်းထက်ဆွေမှာ သူ့ကိုကြည့်ပြီး ကြည်ညိုလေးစားသည့်စိတ်များ တဖွားဖွားပေါ်လာရသည်။

စိန်မာခုံးမှာ မီးပုံဘေးတွင်ရပ်လိုက်ပြီး လက်ထဲမှသံမဏိယပ်တောင်တစ်ချက်ခတ်လိုက်ရာ မီးတောက်များ ဟုန်ခနဲ တောက်လာသည်။

ထို့နောက် မုန်တိုင်းတိုက်ခတ်သည့်အလား မိုးနဲ့မြေယပ်တောင်သိုင်းကွက်ရှစ်ကွက်ကို စတင်ကစားပြလေတော့သည်။

လင်းထက်ဆွေမှာ စိန်မာခုံး၏လှုပ်ရှားမှုကိုမြင်လျှင် သူ့ဆရာမိုးကြိုးသွားစား စီမာကမ်းစင်းကို အထူးပင် သတိရမိလေသည်။

သူ့ဆရာသည်လည်း သူ့အား သိုင်းပညာသင်ကြားပေးသည့်



အခါတိုင်း ဤပုံစံ၊ ဤဟန်ပန်အတိုင်း သင်ကြားပေးတတ်လေသည်။

စိန်မာခုံးသည် တစ်ခဏအတွင်း မိုးနဲ့မြေယပ်တောင် သိုင်းကွက်ရှစ်ကွက်ကို ကစားပြပြီးလျှင် လင်းထက်ဆွေအား...

"သိုင်းကွက်တွေကတော့ ရိုးရိုးလေးပဲ... ဒါပေမယ့် အကွက်ပြောင်းတွေ သိပ်များတယ်၊ အထင်တော့ မသေးနဲ့"

"ဟုတ်ကဲ့... ကျွန်တော် အထင်မသေးရဲပါဘူး ဘဘ"

"ကဲ... ငါကစားတဲ့ပင်ရင်း အကွက်ကြီးကို ပထမဆုံး ကစားစမ်း၊ ပြီးမှ ကွက်ပြောင်းတွေကို ငါ ရှင်းပြမယ်"

လင်းထက်ဆွေမှာ ထပ်တလဲလဲ ကစားရသည်။ ပင်ရင်းကွက်ကြီး ရှစ်ကွက်ကိုရပြီးသည့်နောက်တွင် စိန်မာခုံးက ကွက်ပြောင်းများ၏သဘောကို ရှင်းပြ၏။

လင်းထက်ဆွေမှာ ထပ်ခါတလဲလဲ လေ့ကျင့်ရသည်။ နောက်ဆုံးခန္ဓာကိုယ်တစ်ခုလုံး မလှုပ်ချင်သည်အထိ ဖြစ်လာရ၏။

"အင်း... မဆိုးဘူး၊ မင်း မှတ်မိသားပဲ၊ တော်ရုံတန်ရုံလူဆိုရင် ဒီရှစ်ကွက်ကို တစ်လလောက် သင်ရတယ်၊ ကွက်ပြောင်းတွေကိုတော့ မပြောနဲ့တော့၊ ကွက်ပြောင်းဆိုတာက အင်မတန် သိမ်မွေ့နက်နဲတာ၊ ဒီပညာကို မင်းဆက်ပြီး လေ့ကျင့်ရင် ငါတတ်သလို တတ်လာလိမ့်မယ်"

စိန်မာခုံးမှာ ပြောပြောဆိုဆို လင်းထက်ဆွေအနီးသို့ လျှောက်လာပြီး လက်နှစ်ဖက်ဖြင့် လင်းထက်ဆွေ၏နားထင်ကို အား

ဖြင့် ရုတ်တရက် ဖိချလိုက်သည်။

လင်းထက်ဆွေမှာ နားနှစ်ဖက်တွင် အူခနဲဖြစ်သွားသည်။ ထို့နောက် ဦးခေါင်းထဲတွင် ဟာတာတာခံစားလိုက်ရပြီး လဲကျမေ့မြောသွားလေတော့သည်။

လင်းထက်ဆွေ ပြန်လည်သတိရလာသောအချိန်တွင် စိန်မာခုံး မှာ ရှိမနေတော့ပေ။ ဂူထဲမှ မီးပုံမှာလည်း မီးစွယ်များကျပြီး တဖြည်းဖြည်း မှိန်ဖျော့လာသည်။

လင်းထက်ဆွေ အထိတ်တလန့် အော်ဟစ်လိုက်သည်။

"ဘဘ... ဘဘ"

ဂူတွင်းမှ မည်သည့်တုံ့ပြန်သံကိုမျှ မကြားရပေ။

လင်းထက်ဆွေ ဝဲယာ ခေါင်းလှည့်ကြည့်လိုက်လျှင်-သဲပြင်ပေါ်တွင် သစ်ကိုင်းတစ်ကိုင်းထောင်ထားပြီး သစ်ကိုင်းခွာကြားတွင် စာတစ်စောင်ထိုးထားသည်ကို တွေ့လိုက်ရ၏။

သူသည် စာရွက်ခေါက်ကိုယူလိုက်သည်။ မီးပုံမီးအား ပြန်ကောင်းလာစေရန် ပြန်လည်ပြုပြင်လိုက်၏။ မီးတောက်တက်လာပြီး ဂူတွင်း၌ အလင်းရောင်ရရှိလာသောအခါ စိန်မာခုံး၏စာကို ဖွင့်ဖတ်တော့သည်။

"လူကလေး....

ဘဘ စာရေးခဲ့တယ်။

ဘဘဟာ တည်းခိုခန်းကနေ လူကလေးကိုခေါ်ဆောင်လာ



ခဲ့တယ်၊ အဓိက,ကတော့ ဘဘ အနှစ်သုံးဆယ်ဆည်းပူးလာခဲ့တဲ့ ပညာတွေကို လွှဲပြောင်းပေးချင်လို့ပဲ၊ အနီရောင်ငှက်တောင်မွေး တစ်ဖက်ချောက်ကမ်းပါးမှာရှိတယ်ဆိုတာ မဟုတ်ပါဘူး။ ဘဘ ညာလိုက်တာပါ။ ကံအားလျော်စွာပဲ လူကလေးဟာ စီမံကမ်းစင်းရဲ့ တပည့်ဖြစ်နေတယ်။

ဘယ်သူ့တပည့်ပဲဖြစ်ဖြစ် ဘဘအဓိကလိုချင်တဲ့အချက်က စိတ်ထားနိုင်ကြည်ဖြောင့်မတ်ဖို့ပဲ၊ ဘဘရဲ့ပညာတွေ အလကား မဖြစ်ချင်ဘူး။ တစ်ယောက်ယောက်ရစေချင်တယ်။

လူကလေးဟာ ဉာဏ်ကောင်းတယ်၊ ဘဘ သင်ကြားပေးတဲ့ပညာတွေကို လူကလေးဆက်ပြီး လေ့ကျင့်ရင် အလွန်ဆုံးသုံးနှစ်ပဲ၊ အခုတောင် ဘဘရဲ့ပညာကိုသုံးပုံပုံရင် တစ်ပုံလောက် အသုံးပြုနိုင်နေပြီ။

သတိနဲ့နေ၊ သိုင်းသမားတွေကို သိပ်မယုံနဲ့၊ ဘဘသွားပြီ။

စိန်မာခုံး"

ထိုစာကိုဖတ်ပြီးလျှင် လင်းထက်ဆွေ၏ရင်ထဲတွင် ဟာသွားရလေတော့သည်။

သူ လေးစားကြည်ညိုသောပုဂ္ဂိုလ်တစ်ယောက် သူ့အပါးမှ ထွက်ခွာသွားပြန်သဖြင့် အထီးကျန်ဝေဒနာကို ခံစားလိုက်ရပြန်သည်။

လင်းထက်ဆွေမှာ စာကိုတစ်ခေါက် ထပ်ဖတ်ပြန်သည်။ စာရွက်နှင့်ကလောင်တံကို မည်သို့ရေးသွားသည်ကိုတော့ သူ မသိပေ။

သံမဏိယပ်တောင်များ ထားခဲ့လေသလားဟု ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်၏။

သံမဏိယပ်တောင်ကို လုံးဝမတွေ့ရပေ။

"သံမဏိယပ်တောင် ချန်မထားခဲ့မှတော့ ငါရထားတဲ့ မိုးနဲ့မြေယပ်တောင်သိုင်းရှစ်ကွက်က ဘာအသုံးဝင်တော့မှာလဲ"

လင်းထက်ဆွေက စိတ်ပျက်လက်ပျက် ညည်းညူလိုက်မိသည်။

ထို့နောက် စာကိုအလွတ်ရအောင်ဖတ်ပြီး မီးပုံထဲသို့ပစ်ထည့်လိုက်သည်။

သူ ဂူထဲမှထွက်လာသောအခါ သန်းခေါင်ကျော်၍ အာရုဏ်တက်ခါနီးနေလေပြီ။

သူ့စိတ်ထဲတွင် တစ်ညကုန်ဆုံးသွားပြီးသည့် နံနက်ဟု ထင်နေသည်။

အမှန်စင်စစ် နှစ်ညကုန်ဆုံးသွားပြီးသည့်နံနက်သာ ဖြစ်သည်။

သူသည် နှစ်ညနှင့်တစ်ရက်လုံးလုံး ဂူထဲ၌ မေ့မြောနေခဲ့ခြင်း ဖြစ်ပေသည်။



လင်းထက်ဆွေသည် တစ်ယောက်တည်း စိတ်ပျက်လက်ပျက်လျှောက်လာခဲ့ရာမှ နှစ်ပေါင်းသုံးဆယ်ကျော် ဆည်းပူးခဲ့တဲ့ပညာတွေကို လွှဲပြောင်းပေးချင်လို့ပဲ ဟူသောစာကြောင်းကို ရုတ်တရက် သတိရလိုက်သည်။

သူ့စိတ်ထဲတွင် ဇဝေဇဝါ ဖြစ်သွားမိသည်။

"ဟုတ်နိုင်ပါ့မလား... တစ်ခဏအတွင်းမှာပဲ ငါ့ရဲ့သိုင်းပညာဟာ နှစ်ပေါင်းသုံးဆယ်ကျော် လေ့ကျင့်ဆည်းပူးခဲ့ရသလို တစ်ဟုန်ထိုး တိုးတက်လာနိုင်ပါ့မလား"

စင်စစ် စိန်မာခုံး၏အနှစ်သုံးဆယ်ကျော်ပညာများကို လင်းထက်ဆွေအနေဖြင့် တစ်ခဏချင်း မတတ်နိုင်ပါ။

စိန်မာခုံး၏ အတွင်းအားပညာ ကူးဆက်ပို့ဆောင်ပေးမှုကြောင့် စိန်မာခုံး၏ သုံးပုံတစ်ပုံမျှသောပညာများကို လင်းထက်ဆွေရရှိခြင်းသာ ဖြစ်ပါသည်။

လင်းထက်ဆွေသည် သူ့ကိုယ်သူ မယုံကြည်သဖြင့် ပထမဆုံး ကိုယ်ဖော့ပညာကို စမ်းသပ်တော့သည်။

သူသည် ပေနှစ်ဆယ်အကွာ တောင်ကမ်းပါးစပ်တွင် ပေါက်

ရောက်နေသော ထင်းရှူးပင်ကလေးတစ်ပင်ကို ပန်းတိုင်အဖြစ်ထားပြီး ခုန်ပျံလိုက်သည်။

သူသည် ယခင်ကကဲ့သို့ပင် ကိုယ့်ကိုယ်ကိုထင်မှတ်ကာ အားကုန်ထုတ်သုံးလိုက်မိသည်။

သူ၏ကိုယ်ဖော့ပညာမှာ တစ်ဘက်ကမ်းခတ်လောက်အောင် ထူးချွန်နေခဲ့ပြီဖြစ်ရာ သူထင်သလို ပေနှစ်ဆယ်အကွာအဝေးမကပဲ ပေသုံးဆယ်လေးဆယ်ခန့်မျှအထိ လွင့်မျောသွားရာ ခြေချစရာမရှိသော ချောက်ကမ်းပါးစွန်းဆီသို့ ရောက်ရှိသွားလေတော့သည်။

လင်းထက်ဆွေမှာ ရုတ်တရက် ထိတ်လန့်သွားရပြီး လမ်းခုလတ်လေထဲ၌ တစ်ပတ်ကျွမ်းထိုးပြီး အရှိန်သတ်လိုက်ရ၏။

အသက်ဥာဏ်စောင့်သဖြင့်သာ လင်းထက်ဆွေမှာ ချောက်ထဲမကျပဲ ဘေးကင်းသည့်နေရာ၌ ရပ်နိုင်ခြင်း ဖြစ်တော့သည်။

သူသာ စိတ်ကူးဥာဏ်မကောင်းလျှင် ချောက်ကမ်းပါးထဲသို့ကျကာ အသက်သေဆုံးဖွယ်ရာရှိတော့၏။

လင်းထက်ဆွေသည် ဘေးကင်းသည့်နေရာတွင် ရပ်တန့်နေမိသည့်တိုင် ထိတ်လန့်တုန်လှုပ်စိတ် မကုန်သေးပဲ ရင်တဒိတ်ဒိတ်ခုန်နေဆဲပင် ရှိသေးသည်။

ထိုစဉ် အကျီစကို လေတိုးသည့်အသံများ ကြားလိုက်ရပြီး အရိပ်မည်းနှစ်ခုသည် သူရပ်နေရာသို့ ရေးရွလာနေသည်ကို တွေ့လိုက်ရ၏။



သူတို့၏အမြန်နှုန်းများကိုကြည့်ပြီး ရိုးရိုးသာမန် လူသားများမဟုတ်နိုင်သည်ကို လင်းထက်ဆွေ ခန့်မှန်းမိသည်။

ထိုသူနှစ်ယောက်မှာ လင်းထက်ဆွေနှင့် ပေငါးဆယ်ခန့်အကွာ ထင်းရှူးပင်ကလေးသို့အရောက်တွင် ပခုံးချင်းယှဉ်ကာ ရပ်တန့်လိုက်ကြသည်။

သူတို့သည် ဝတ်စုံကို တစ်ပုံစံတည်းတစ်ရောင်တည်း ဝတ်ဆင်ထားကြပြီး အရပ်အမောင်းနှင့် မျက်နှာသွင်ပြင်များမှာလည်း တထေရာတည်း တူညီနေသည်။

အမြွှာညီအစ်ကိုဖြစ်ပုံရသည်ဟု လင်းထက်ဆွေ ခန့်မှန်းလိုက်၏။

သူတို့သည် လင်းထက်ဆွေအား ငေါက်ငမ်းမေးမြန်းလိုက်ကြသည်။

"ကောင်လေး... စိန်မာခုံး ဘယ်မှာလဲ"

လင်းထက်ဆွေသည် ထိုသူနှစ်ဦး၏ ရင့်သီးရိုင်းပျသည့်အမူအရာများကို ကြည့်မရပေ။ ထို့ကြောင့် ပမာမခန့် ခေါင်းခါပြလိုက်သည်။

သူ၏မထီလေးစားဟန်ပန်ကြောင့် ထိုသူနှစ်ဦးသည် ရိပ်ခနဲရောက်ရှိလာပြီး သူ့အား တစ်ဘက်တစ်ချက်စီ ညှပ်ထားလိုက်ကြ၏။

တစ်ဦးက....

"ကောင်လေး... ငါတို့မေးနေတာကို ကောင်းကောင်းဖြေ

စမ်း"

သူတို့သည် စကားဆုံးသည်နှင့် လက်ဝါးတစ်ဖက်စီထုတ်ကာ တိုက်ခိုက်ကြသည်။

လင်းထက်ဆွေမှာ အစော်ကားခံရသဖြင့် အကြီးအကျယ် ဒေါသထွက်သွားပြီး လက်ဝါးနှစ်ဖက်ကိုဆန့်ထုတ်ကာ ခုခံသည်။

ထိုအခါ ထိုသူနှစ်ယောက်က လက်ဝါးရိုက်ကွက်ကို ပြန်လည်ရုပ်သိမ်းပြီးမှ လင်းထက်ဆွေ၏ပခုံးနှစ်ဖက်ကို ကုတ်ချလိုက်သည်။

သူတို့၏တိုက်ကွက်မှာ မြန်လည်းမြန်၊ မှန်လည်း မှန်ကန်တိကျလှပေသည်။

အကယ်၍သာ လင်းထက်ဆွေအနေဖြင့် မိုးနဲ့မြေယပ်တောင်သိုင်းကွက်ကို သင်ယူခြင်းမပြုရသေးပါက ထိုသူနှစ်ဦး၏ ဖမ်းကုတ်ခြင်းကို ခံရမည်မှာ မလွဲကေန်ဖြစ်သည်။

သို့သော် သူသည် ရှေ့နောက်လူနှစ်ယောက်ခွဲထွက်သွားသည့်အလား လွယ်ကူစွာပင် ရှောင်တိမ်းနိုင်ခဲ့လေသည်။

ထိုသူနှစ်ဦးမှာ ထင်ကြေးမကိုက်ပဲဖြစ်သွား၏။

လင်းထက်ဆွေ၏တိုက်ကွက်ကြောင့် သူတို့လက်မောင်းများ အချိုးခံရလုနီးပါး ဖြစ်သွားကြရသည်။

သူတို့နှစ်ယောက်မှာ အနောက်သို့ခုန်ဆုတ်လိုက်ကြပြီးလျှင် တစ်ယောက်နှင့်တစ်ယောက် မယုံကြည်နိုင်သောမျက်လုံးများဖြင့်



လှမ်းကြည့်မိကြသည်။

သူတို့က ကလေးကလား အသေးအမွှားဟု ထင်ထားခဲ့သည့် လူငယ်ကလေးတစ်ယောက်က ဤမျှ ထက်ထက်မြက်မြက်ဖြစ်နေသည်ကို တွေ့ရသောအခါ မယုံနိုင်အောင် အံ့ဩမိကြသည်။

သို့သော် သူတို့နှစ်ယောက်ပေါင်းတိုက်လျှင် ကေန်မလွဲပင် အနိုင်ရမည်ဟုတွက်ဆပြီး လင်းထက်ဆွေအား ဟိန်းဟောက်ကြပြန်၏။

"ခွေးကောင်လေး… မင်းက အတော်သေချင်တဲ့ကောင်ကိုး"

လင်းထက်ဆွေမှာ မိမိကိုယ်မိမိ ယုံကြည်သည့်စိတ်ဝင်လာလေသည်။

စိန်မာခုံး၏ပညာများမှာ တကယ်ပင် အဆင့်အတန်းမြင့်နေပေသည်။

"လုပ်လိုက်လေ… ဘယ်သူအလျှင်သေမလဲ… သိရတာပေါ့"

ထိုသူနှစ်ယောက်မှာ လင်းထက်ဆွေ၏မထီမဲ့မြင်စကားကြောင့် ဒေါသအမျက်ခြောင်းခြောင်းထွက်သွားပြီး အပြင်းအထန်တိုက်ခိုက်ကြ၏။

သူတို့၏တိုက်ကွက်မှာ ပိရိသေသပ်ပြီး ပြင်းထန်သည်ထက်ပြင်းထန်လာသဖြင့် လင်းထက်ဆွေမပေါ့ဆရဲတော့ပေ။ နောက်တစ်ကြောင်းမှာ သူသည် တိုက်ပွဲအတွေ့အကြုံသိပ်မရပေ။

ထို့ကြောင့် သတိကြီးစွာထားပြီး တိုက်ခိုက်ရသည်။

တိုက်ခိုက်ရင်း ထူးခြားချက်တစ်ခုကိုသတိပြုမိလာသည်။ အခြားမဟုတ်ပေ။ အတွင်းအားများသည် တဖြည်းဖြည်း လက်ဝါးသို့ စုဝေးလာခြင်းပင်တည်း။

လင်းထက်ဆွေ စိတ်ထဲကြည်နူးသွားသည်။ သိုင်းသမား တစ်ဦးအဖို့ ဤအဆင့်သို့ လွယ်လွယ်နှင့်မရောက်နိုင်ပါပေ။

ထို့ကြောင့် လင်းထက်ဆွေမှာ တုန်လှုပ်မှုမရှိတော့ပဲ စိတ်ကိုတည်ငြိမ်စွာ ကစားလာနိုင်သည်။ ကိုယ့်ကိုယ်ကို ယုံကြည်မှု ရှိလာသည်။

ထိုသူနှစ်ယောက်မှာ သိုင်းလောကတွင် နာမည်ဆိုးဖြင့် ကျော်ကြားလှသော နေ့ညတစ္ဆေနှစ်ဦး ဖြစ်ပေသည်။

အစ်ကိုဖြစ်သူမှာ နေ့တစ္ဆေဖြစ်ပြီး ညီဖြစ်သူမှာ ညတစ္ဆေ ဖြစ်သည်။

သူတို့သည် အဆင့်မြင့်သိုင်းသမားများဖြစ်ပြီး အောက်လမ်း သိုင်းပညာတတ်ကျွမ်းထားကြသဖြင့် လင်းထက်ဆွေကို အကောက် ဉာဏ်ဆင်၍ အနိုင်တိုက်ရန် ဆုံးဖြတ်လိုက်ကြတော့သည်။

ထို့နောက် သူတို့နှစ်ယောက်၏လက်ဝါးလေးဖက်ကို အပြိုင်ဆန့်တန်းပြီး လင်းထက်ဆွေအား ပြိုင်တူရိုက်ချလိုက်ကြသည်။

လင်းထက်ဆွေကလည်း သူ၏လက်ဝါးနှစ်ဖက်နှင့် သူတို့၏ လက်ဝါးနှစ်ဖက်စီကို ထိပ်တိုက်တွေ့ဆုံကာကွယ်လိုက်သည်။

"ဝုန်း...."



လက်ခြောက်ဖက် ထိပ်တိုက်တွေ့ဆုံမိသည်နှင့် ကျယ်လောင်သောအသံကြီး မြည်ဟည်းကာ နေ့ညတစ္ဆေနှစ်ဦးမှာ သွေးများအန်ကျလာပြီး နောက်သို့လွင့်စင်သွားကြသည်။

လင်းထက်ဆွေက လှမ်းကြည့်လိုက်သောအခါ နေ့ညတစ္ဆေ နှစ်ဦးတို့မှာ ကြိုးပြတ်သွားသောစွန်များကဲ့သို့ တောင်အောက်သို့ ဒလိမ့်ခေါက်ကွေး ကျဆင်းသွားရလေတော့သည်။

သူတို့နှစ်ယောက်၏ ကြောက်မက်ဖွယ် အော်ဟစ်လိုက်သံမှာ တောတောင်တစ်ခုလုံး ပဲ့တင်ထပ်သွားတော့သည်။

လင်းထက်ဆွေသည် ထိုသူနှစ်ယောက်ကို လက်ဝါးသိုင်းဖြင့် အနိုင်ရရှိလိုက်သည့်အတွက် ကိုယ့်ကိုယ်ကို မယုံကြည်နိုင်အောင် အံ့သြသွားရသည်။

သူ့မိဘနှင့်ဆရာကို သတ်ဖြတ်လုပ်ကြံသွားသည့် ရန်သူအား တိုက်ခိုက်နိုင်တော့မည်ဟု သူ့ကိုယ်သူ ဝိုး၍ယုံကြည်သွားလေသည်။

ထို့ကြောင့် သူသည် အချိန်ဆိုင်းမနေတော့ပဲ ဆင်းလာသည့် လမ်းအတိုင်း မိုးလေးတောင်ချောက်ကမ်းပါးရှိရာသို့ ပြန်တက်လာခဲ့တော့သည်။

ချောက်ကမ်းပါးထိပ်မှ တောင်ပေါ်သို့ မော့ကြည့်လိုက်သောအခါ လူရိပ်လူယောင်ကိုပင် မမြင်ရချေ။

ကျမ်းလန်အဘိုးအိုငါးဦးသည်လည်း ဘယ်ပျောက်နေမှန်းမသိတော့ပေ။

"ဒီအချိန် ချောက်ကမ်းပါးပေါ်ကိုတက်ရင် အကောင်းဆုံးပဲ"

လင်းထက်ဆွေသည် စိတ်ထဲကတွေးလိုက်ပြီး စိန်မာခုံး ခုန်သကဲ့သို့ တောင်ထိပ်ပေါ်သို့ခုန်တက်လိုက်လေတော့၏။

ယခုကဲ့သို့ လူခြေတိတ်ဆိတ်မှ တောင်ကမ်းပါးပေါ်သို့ တက်ရခြင်းမှာ ချောင်းမြောင်းလုပ်ကြံခံရမည်ကို စိုးရိမ်သောကြောင့် ဖြစ်ပေသည်။

တောင်ကမ်းပါးထိပ်ပေါ်သို့ရောက်သောအခါ ပတ်ဝန်းကျင် တစ်ခုလုံး ငြိမ်သက်နေကြောင်းတွေ့ရ၏။

သို့သော် သွေးညှီနံ့များ တထောင်းထောင်းထနေသည်။

လင်းထက်ဆွေမှာ ခေါင်းမူးပြီး ပျို့ချင်အန်ချင်စိတ် ပေါ်လာသဖြင့် ကျောက်တုံးတစ်တုံးကို ကွေ့ပတ်လျှော[illegible]လိုက်သည်။

ထိုအခါကျမှ'ဟာ'ခနဲ ဖြစ်သွားရတော့သည်။

မြေပြင်ပေါ်တွင် လူသေအလောင်းခုနစ်လောင်းခန့်ကို သူ တွေ့ရှိလိုက်ရသောကြောင့်ပေတည်း။

တစဉ်(၁)ပြီး၏။

တစဉ်(၂)ဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ်နေလင်းအောင်